# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး
# ဆဋ္ဌမနေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ဆဋ္ဌမနေ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၇)ဦးရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၁၉၈)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏(၉၂.၂၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုး သားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ ခွင့်များနဲ့ပတ်သက်ပြီး အချိန်ကိုငဲ့ညှာတဲ့အနေနဲ့ လွှတ်တော်ရဲ့ သဘောတူညီချက်ကို နောက်ဆုံးမှ ရယူမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဦးစိုင်းတင်အောင် တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄**။

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ်မဲဆန္ဒနယ်(၅)**။ ။လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် က ကို ယ်တိုင်ဆောင်ရွက်ရန် ကိစ္စများ ရှိပါသဖြင့် ယနေ့ ၂၀-၂-၂၀၁၂ ရက်နေ့ရက် ၁ ရက်ကို ခွင့်ရက်အဖြစ်သတ်မှတ်ပေးပါ ရန် ဦးခက်ထိန်နန် ရဲ့ ကိုယ်စား ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းတင်အောင် မှ လေးစားစွာ ခွင့်တိုင်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဖေသောင်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄**။

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း ဖြစ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၉)မှ ဦးထွန်းလွင် သည် ကိုယ်တိုင်ဆောင်ရွက်ရန် လုပ်ငန်းများရှိတဲ့အတွက် ယနေ့ အစည်းအဝေး ၂၀-၂-၂၀၁၂ မှ ၂၄-၂-၂၀၁၂ ရက်နေ့အထိ ခွင့် ၅ ရက် ခွင့်ပြုပေးပါရန် ဦးထွန်းလွင် ကိုယ်စား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသန်းဆွေ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅**။

**ဦးသန်းဆွေ၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇)**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသား

လွှတ်တော် ကိုယ်စားလှယ် ဦးသန်းဆွေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖိုးဇော် ၏ ကိုယ်စားခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်။ ဦးဖိုးဇော် သည် နေမကောင်းဖြစ်နေပါသဖြင့် ၂၀-၂-၂၀၁၂ မှ ၂၂-၂-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက် သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးလှသိန်း ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅**။

**ဦးလှသိန်း၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကြည်ထွန်း သည် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ကုတင်(၁၀၀၀) ဆံ့ ဆေးရုံတွင် ဆက်လက်ပြသကုသနေပ ါသဖြင့် ၂၀-၂-၂၀၁၂ မှ ၂၄-၂-၂၀၁၂ ရက်နေ့အထိ ၅ ရက်ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးကြည်ထွန်း ၏ ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ကျွန်တော် ဦးလှသိန်း မှ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်သူဦး တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆**။

**ဦးကျော်သူဦး၊ မကွေးတိုင်းဒေသကြီး ၊မဲဆန္ဒနယ်အမှတ် (၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်သူဦး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအောင်သန်း ကိုယ်စား ခွင့်ပန်ကြားမှာ ဖြစ်ပါတယ်။ ဦးအောင်သန်း သည် နေမကောင်းပါ သဖြင့် ၂၀-၂-၂၀၁၂ ရက်နေ့အား ခွင့်ရက်အဖြစ် သတ်မှတ်ပေး နိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးဝင်းမောင်၊ မန္တလေးတိုင်း ဒေသကြီးမဲနယ်အမှတ် (၂)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာဦးစိုး ထွန်း ကိုယ်စား ကျွန်တော် ခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်။ ဒေါက်တာဦးစိုးထွန်း သည် ခါးနာသောဝေဒနာ မပျောက်သေးပါသဖြင့် ၂၀-၂-၂၀၁၂ ရက်နေ့ မှ ၂၄-၂-၂၀၁၂ ရက်နေ့အထိ ခွင့် ၅ ရက်ခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးခင်မောင်ငွေးကိုယ်စား ဦးငွေးမောင် ခွင့်တင်ထားသလားမသိဘူး။ လက်မှတ်မပါဘူး ဖြစ်နေတယ်။ ခွင့်တင်တဲ့စာမှာ လက်မှတ်မပါဘူးဖြစ်နေတယ်။ လက်မှတ်လာထိုးပါဦး။ ဦးအေး တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးအေး၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင် ၏ ကိုယ်စား ခွင့်ပန်ကြားခြင်းဖြစ်ပါတယ်။ ဦးစိုးအောင် ဟာ ကုတင် (၁၀၀၀)ဆေးရုံတွင် မျက်စိဝေဒနာပြသရန်ရှိပါသဖြင့် ၂၀-၂-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးငွေးမောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးငွေးမောင်၊ မန္တလေးတိုင်းသေကြီးမဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးငွေးမောင် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ငွေး ၏

ကိုယ်စား ခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်။ ဦးခင်မောင်ဌွေး သည် ကုတင် (၁၀၀၀)ဆေးရုံကြီးတွင် ကျန်းမာရေးစစ်ဆေးရန် ရှိပါသဖြင့် ၂၀-၂-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဆိုင်ပေါင်းနပ် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါက်တာမြတ်ဉာဏစိုး ဟာ သူရဲ့ဇနီး ကိုယ်လေးကိုယ်လံ နဲ့ မမာမကျန်းဖြစ်တဲ့အတွက်ကြောင့် ယနေ့ ပြုလုပ်ကျင်းပတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မတက်ရောက်နိုင်ပါ။ သို့ဖြစ်တဲ့အတွက်ကြောင့် ဒေါက်တာမြ တ်ဉာဏစိုး အား ဒီကနေ့ပြုလုပ်တဲ့ အစည်းအဝေးမှ ခွင့် ၁ ရက် ခွင့်ပြုပေးနိုင်ပါရန် ကျွန်တော် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆိုင်ပေါင်းနပ် သူ့ကိုယ်စား ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း ၏ ကိုယ်စား ခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်။ ဦးဉာဏ်လင်း သည် နေမကောင်းပါသဖြင့် ၂၀-၂-၂၀၁၂ ရက်နေ့မှ ၂၂-၂-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက် သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းသန့်ဇင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးစိုင်းသန့်ဇင် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ဖြစ်ပါတယ်။ ကျွန်တော်က ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း အတွက် ကိုယ်စား ခွင့်ပန်ကြားမှာ ဖြစ်ပါတယ်။ ဦးစိုင်းကျော်ဇောသန်း ဟာ နေမကောင်းပါသဖြင့် ဒီနေ့ကျင်းပတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးကို တက်ရောက်နိုင်ခြင်းမရှိတဲ့အတွက် ကြောင့်မို့လို့ ၂၀-၂-၂၀၁၂ ရက်နေ့ ဒီကနေ့အတွက် ခွင့် ၁ ရက် သတ်မှတ်ပေးနိုင်ပါရန် ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ရှမ်း ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရှုမောင် ရဲ့ကိုယ်စား ခွင့်ပန်ကြားမှာ ဖြစ်ပါတယ်။ ဦးရှု မောင် ဟာ ကျောက်ကပ်ရောဂါကြောင့် ဆက်လက်ပြီးတော့ ဆေးကုသမှုခံယူရန် ရှိပါသဖြင့် ဒီကနေ့ ၂၀-၂-၂၀၁၂ ရက်နေ့မှစပြီးတော့ ၂၁-၂-၂၀၁၂ ရက်နေ့ အထိ ၂ ရက် ခွင့်သတ်မှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးခင်မောင်ရီ တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးဟန်လင်း ဟာ နှလုံးရောဂါကုသထားသည်ကို ပြန်လည်ဆေးစစ်ရန်ရှိပါ၍ ယနေ့ ၂၀-၂-၂၀၁၂ ရက်နေ့မှစပြီးတော့ ၂၁-၂-၂၀၁၂ ရက်နေ့အထိ ၂ ရက်ကို ခွင့်ပေးပါရန်

၎င်း၏ကိုယ်စား ကျွန်တော် ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မှ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးညွန့်လှိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးညွန့်လှိုင် ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်လှိုင် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်လင်း ကိုယ်စား ခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်။ ဦးသက်လင်း သည် ကိုယ်တိုင်ဆောင်ရွက်ရမည့် ကိစ္စများရှိပါသဖြင့် ၂၀-၂-၂၀၁၂ ရက်နေ့မှ ၂၁-၂-၂၀၁၂ ရက်နေ့အထိခွင့် ၂ ရက် သတ်မှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဉာဏ်လင်း ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေ သကြီး မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း ၏ ကိုယ်စားခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်။ ဦးဝင်းသိန်း ဟာ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၂၀-၂-၂၀၁၂ ရက်နေ့မှ ၂၁-၂-၂၀၁၂ ရက်နေ့ အထိ ခွင့် ၂ ရက် သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးရဲ့ ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၇)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၁၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ကြိုယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြ န်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့်မေးခွန်းများ ဖြစ်ပ ါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဧရာဝတီမြစ် ရေလမ်းကြောင်း ပြုပြင်ပြောင်းလဲထိန်းသိမ်းပေးနိုင်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ငြိမ်း က ဧရာဝတီမြစ် ရေလမ်းကြောင်း ပြုပြင်ပြောင်းလဲ ထိန်းသိမ်းပေးနိုင်ရေးနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျာ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ ကိစ္စကတော့ ဧရာဝတီမြစ်ရေလမ်းကြောင်းပြုပြင် ပြောင်းလဲ ထိန်းသိမ်းပေးနိုင်ရေး ကိစ္စပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ အချိန်ကိုင့်ညှာ သောအားဖြင့် ကျွ န်တော်မေးမြန်းတဲ့ မေးခွန်းအား

ဖတ်ကြား တင်သွင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ မကွေးတိုင်း၊ ရေနံချောင်းမြို့နယ်ရှိ ကျေးရွာအုပ်စုများသည် ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်နှင့် အနောက်ဘက်တို့မှာ ခွဲခြားတည်ရှိနေကြပါတယ်။ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသော ဝက်လွတ်ကျေးရွာအုပ်စုမှ ကျေးရွာပေါင်း(၈)ရွာ၊ ရုံးဆိပ်ကျွန်းရွာအုပ်စုမှ ကျေးရွာပေါင်း(၄)ရွာနှင့် ဝက်မစွတ်ကျေးရွာအုပ်စုမှ ငါးလန္တာကျေးရွာ (၁)ရွာတို့ စုစုပေါင်းကျေးရွာပေါင်း(၁၃)ရွာတို့ဟာ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် နှစ်စဉ်ကမ်းပါးပြိုကာ ကျေးရွာများ နေရာပြောင်းရွှေ့ကြရခြင်းကြောင့် စားဝတ်နေရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ လူမှုရေးအခက်အခဲများနှင့် တွေ့ကြုံရင်ဆိုင်နေရပါတယ်။ပထမဦးစွာဝက်လွတ်ကျေးရွာအုပ်စုအခြေအနေကိုတင်ပြပါမယ်။ ဝက်လွတ်ကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း (၈) ရွာရှိပြီးတော့ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုသဖြင့် နေရာများပြောင်းရွှေ့ကာ ရွာသစ်များ တည်ထောင်ခဲ့ကြရပါတယ်။ ဝက်လွတ်ကျေးရွာဟာဆိုရင် ၁၉၇၀ ခုနှစ်နဲ့ ၁၉၇၈ ခုနှစ်မှာ (၂)ကြိမ် ပြောင်းရွှေ့ရပါတယ်။ ဝက်လွတ်ရွာမသစ်မှာ ဆိုရင်လည်း (၂)ကြိမ်ပြောင်းရွှေ့ရပါတယ်။ ပြောင်းရွှေ့ရတဲ့နှစ်ကတော့ ၁၉၇၁ ခုနှစ်နဲ့ ၁၉၇၈ ခုနှစ်မှာ ဖြစ်ပါတယ်။တောင်ရှားတောရွာဟာဆိုရင် ပြောင်းရွှေ့ရတဲ့ အကြိမ်(၂)ကြိမ်ဖြစ်ပြီးတော့ ပြောင်းရွှေ့ရတဲ့ခုနှစ်ကတော့ ၁၉၇၁ ခုနှစ်နဲ့ ၁၉၇၈ ခုနှစ် ဖြစ်ပါတယ်။ မြောက်ရှားတောရွာမှာ ဆိုရင်လည်း(၂)ကြိမ်ပြောင်းရွှေ့ရပြီးတော့ ၁၉၇၁ ခုနှစ် နဲ့ ၁၉၇၈ ခုနှစ်မှာ ဖြစ်ပါတယ်။ ကုန်းသောင်ရွာမှာဆိုရင် (၂)ကြိမ်ပြောင်းရွှေ့ရပြီးတော့ ၁၉၇၁ ခုနှစ်နဲ့ ၁၉၇၈ ခုနှစ်များ ဖြစ်ပါတယ်။ သမ္ဘာန်တင်ကျေးရွာမှာဆိုရင် (၃) ကြိမ် ပြောင်းရွှေ့ရပြီးတော့ ၁၉၇၀ ၊ ၁၉၇၈ နဲ့ ၂၀၀၄ ခုနှစ်များမှာ ဖြစ်ပါတယ်။ လမ်းကူးကျေးရွာမှာဆိုရင် (၃)ကြိမ် ပြောင်းရွှေ့ရပြီးတော့ ၁၉၇၁၊ ၁၉၇၈ နဲ့ ၂၀၀၄ ခုနှစ်များမှာ ပြောင်းရွှေ့ရပါတယ်။ သူဌေးကုန်းကျေးရွာဟာဆိုရင် (၃) ကြိမ် ပြောင်းရွှေ့ရပြီးတော့ ၁၉၇၀၊ ၁၉၇၈ နဲ့ ၂၀၀၄ ခုနှစ်များမှာ အသီးသီးပြောင်းရွှေ့ခဲ့ကြရပါတယ်။ ဝက်လွတ်ကျေးရွာအုပ်စုမှာတော့ အိမ်ခြေပေါင်း (၈၂၈) အိမ်၊ အိမ်ထောင်စုပေါင်း (၉၃၇) စု၊ လူဦးရေပေါင်း (၄၈၁၉)ဦး မှီတင်း နေထိုင်လျက်ရှိပါတယ်။ ဒါ့အပြင် ဝက်လွတ်ကျေးရွာအုပ်စုမှာ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့ အဆောက်အဦများအနေနဲ့ ဘုန်းတော်ကြီးကျောင်း (၁၀)ကျောင်း၊ စာသင်ကျောင်း (၅)ကျောင်း ရှိပါတယ်။ အဲဒီမှာ စာသင်ကျောင်းမှာတော့ ကျောင်းသား၊ ကျောင်းသူ (၉၆၃)ဦးနဲ့ ဆရာ၊ ဆရာမ (၄၁)ဦး ရှိပါတယ်။ ကျေးလက် ကျန်းမာရေးဌာနအနေနဲ့ တစ်ခုရှိပြီးတော့ ဝက်လွတ်ရွာမသစ်မှာတော့ ကျေးလက်ကျန်းမာရေး ဌာနခွဲ (၂)ခုတို့ကို ကုန်းသောင်ရွာနှင့် သမ္ဘာန်တင်ကျေးရွာတို့တွင်

ဖွင့်လှစ်ထားပါတယ်။ ဧရာဝတီမြစ် ရေတိုက်စားမှုကြောင့် ဝက်လွတ်ကျေးရွာအုပ်စုမှာ စိုက်ပျိုးရေး လုပ်ကိုင် ဆောင်ရွက်လျက်ရှိတဲ့ ပြည်သူလူထုအနေနဲ့ ကိုင်း မြေများ ပျက်စီးဆုံးရှုံး လက်လွတ်ခဲ့ရ ပါတယ်။ ၁၉၇၉ ခုနှစ် ကိုင်းမြေဧက (၂၈၅၀)ဧကရှိခဲ့ရာက နေပြီးတော့ ၂၀၁၁ ခုနှစ်မှာတော့ ကိုင်းမြေဧက(၂၀၁၁)ဧကပဲ ကျန်ရှိပါတယ်။ အဲဒီတော့ ကမ်းပါးပြိုလို့ ဆုံးရှုံးတဲ့ဧကသည်(၈၂၈) ဧက ရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒုတိယအနေနဲ့ ရုံးဆိပ်ကျွန်းကျေးရွာအုပ်စု အခြေအနေဖြစ်ပါတယ်။ ရုံးဆိပ်ကျွန်း ကျေးရွာအုပ်စုမှာတော့ ရုံးဆိပ်ကျွန်းရွာ၊ လက်ပံတန်းရွာ(၂)ရွာရှိပြီးတော့ အိမ်ခြေ ပေါင်း(၂၆၄)အိမ်၊ အိမ်ထောင်စုပေါင်း(၂၈၁)စုနှင့် လူဦးရေ ပေါင်း(၁၃၉၄)ဦး နေထိုင် လျက် ရှိပါတယ်။ ရုံးဆိပ်ကျွန်းကျေးရွာမှာ ဘုန်းတော်ကြီးကျောင်း(၁)ကျောင်း၊ အခြေခံပညာ မူလတန်း လွန်ကျောင်း(၁)ကျောင်း၊ ကျေးလက်ဆေးပေးခန်း(၁)ခုရှိပါတယ်။ အဲဒီရွာများဟာလည်းပဲ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ၁၉၇၃ ခုနှစ်မှာ (၁)ကြိမ်၊ ၁၉၉၃ ခုနှစ်မှာ (၁)ကြိမ်၊ ၂၀၀၀ ပြည့်နှစ် မှာ (၁)ကြိမ်၊၂၀၁၀ ခုနှစ်တွင် (၁)ကြိမ် စုစုပေါင်း (၄)ကြိမ်တိုင်တိုင် ရွာများ ပြောင်းရွှေ့ကာ ရွာသစ်တည် နေထိုင်ခဲ့ကြရပါတယ်။ ၎င်းရုံးဆိပ်ကျွန်းအုပ်စုမှာ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုပျက်စီးခဲ့တဲ့အတွက် စိုက်ပျိုးလုပ်ကိုင်နေတဲ့ စိုက်ပျိုးမြေများ လက်လွတ်ဆုံးရှုံးခဲ့ရ ပါတယ်။ ဆုံးရှုံးခဲ့ရတဲ့ အခြေအနေကတော့ ၁၉၇၉ ခုနှစ်မှာ ကိုင်းမြေပေါင်း (၂၂၆၄)ဧက ရှိခဲ့ရာက နေပြီးတော့ ၂၀၁၁ ခုနှစ်မှာတော့ (၁၀၆၀)ဧကပဲ ကျန်ရှိခဲ့ပါတယ်။ ဆုံးရှုံးပျက်စီးသွားသော ဧက ကတော့ (၁၂၀၄)ဧက ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအနေနဲ့ ဝက်မစွတ်ကျေးရွာအုပ်စုအခြေအနေဖြစ်ပါတယ်။ ဝက်မစွတ်ကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း(၄)ရွာရှိပြီးတော့ ဧရာဝတီမြစ်ရဲ့အရှေ့ဘက်ကမ်းမှာ (၃)ရွာနဲ့ အနောက်ဘက်ကမ်းမှာ တစ်ရွာရှိပါတယ်။ ဧရာဝ တီမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာတော့ ဝက်မစွတ်ရွာ၊ ပေတောရွာ၊ ကြီးကြီးကျေးရွာတို့ရှိပြီးတော့ ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ကမ်း မှာတော့ ငါးလန္တာကျေးရွာ တည်ရှိပါတယ်။ ဧရာဝတီမြစ် အနောက်ဘက်ကမ်းမှာရှိတဲ့ ငါးလန္တာ ကျေးရွာဟာ မြစ်ရေ တိုက်စားမှုကြောင့် ကမ်းပါးပြိုသဖြင့် ၁၉၆၈ ခုနှစ်၊ ၁၉၈၆ ခုနှစ်၊ ၁၉၈၉ ခုနှစ် တို့မှာ (၃)ကြိမ် တိုင်တိုင် ရွာများပြောင်းရွှေ့၊ ရွာသစ်များ တည်ခဲ့ကြရပါသည်။

အဲဒီတော့ ငါးလန္တာကျေးရွာမှာတော့ အိမ်ခြေပေါင်း (၁၇၃)အိမ်၊ အိမ်ထောင်စုပေါင်း (၁၈၃)စု၊ လူဦးရေ (၈၀၁)ဦး၊ မှီတင်းနေထိုင်လျက်ရှိပါသည်။ ဒါ့အပြင် ဘုန်းတော်ကြီး ကျောင်း (၁)ကျောင်း၊မူလတန်းကျောင်း(၁)ကျောင်းနဲ့ကျန်းမာရေးဆေးပေးခန်း (၁)ခု ရှိပါသည်။ ငါးလန္တာ ကျေးရွာမှာ မြစ်ရေတိုက်စားမှုကြောင့် ကိုင်း၊ မြေဧရိယာ ဆုံးရှုံးမှုအနေ နဲ့ မူလလုပ်ပိုင် ခွင့်ရှိတဲ့ ဧရိယာ (၁၆၅၀)ရှိခဲ့ရာကနေပြီးတော့ ၁၉၆၈ မှ ၁၉၈၉ ခုနှစ်ထိ ကမ်းပါးပြို ပျက်စီးဆုံးရှုံးသွားတာ (၁၁၀၀)ဧကရှိခဲ့ပါတယ်။ ယခုလက်ရှိ လက်ကျန် ဧကတော့ (၅၅၀)ဧကပဲ ကျန်ပါ တော့တယ်။ ဝက်လွတ်ကျေးရွာအုပ်စုနှင့် ရုံးဆိပ်ကျွန်းကျေးရွာအုပ်စု၊ နောက် ဝက်မစွတ်ကျေးရွာအုပ်စု(၃) အုပ်စုမှာ ၁၉၇၃ ခုနှစ်ကနေပြီးတော့ ၂၀၁၁ ခုနှစ်အထိ တောင်သူများစိုက်ပျိုးမြေ လက်လွ တ် ဆုံးရှုံးမှုအနေနဲ့ ဝက်လွတ်အုပ်စုက (၈၂၈)ဧက၊ ရုံးဆိပ်ကျွန်းအုပ်စု က (၁၂၀၄)ဧက၊ ဝက်မစွတ် ကျေးရွာအုပ်စု(ငါးလန္တာရွာ)(၁၁၀၀)ဧက၊စုစုပေါင်းဆုံးရှုံးမှုသည် (၃၁၃၂)ဧက ဆုံးရှုံးခဲ့ရပါတယ်။

ယခုတင်ပြသော ဆုံးရှုံး မှုဧက (၃၁၃၂)ဧကမှာ ကျေးရွာ (၃)အုပ်စုအတွက်သာ ဖြစ်ပါ တယ်။ဒါကျွန်တော်ကိုယ်တိုင်ရောက်ရှိသွားခဲ့တဲ့ကျေးရွာအုပ်စုရဲ့ တင်ပြချက်များသာ ဖြစ်ပါတယ်။ ရေနံချောင်းမြို့နယ်အတွင်းမှာရှိတဲ့အခြားသောကျေးရွာအုပ်စုများနဲ့ဧရာဝတီမြစ်ဘေးတစ်လျှောက် တည်ရှိနေတဲ့ စလင်းမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ မင်းဘူး(စကု)မြို့နယ်၊ ချောက်မြို့နယ်၊ မကွေးမြို့နယ် များ အပါအဝင်တစ်နိုင်ငံလုံးရှိ ဧရာဝတီမြစ်ဘေး ဘယ်/ညာတွင် မှီတင်းနေထိုင်ကြသော မြို့နယ်၊ ကျေးရွာများမှ လယ်/ယာမြေ/ကိုင်းမြေများ ဆုံးရှုံးမှုအနေဖြင့် များစွာ ရှိမည်ဖြစ်ပါသည်။

အထက်ပါကျေးရွာအုပ်စုရှိ တောင်သူများအနေဖြင့် ့ ကိုင်းမြေများတွင် မြေပဲ၊ စားတော်ပဲ၊ ငရုတ်၊ ကြက်သွန်၊ နေကြာ၊ ပဲတီစိမ်း၊ ကုလားပဲ၊ နှမ်းစသည့် နိုင်ငံတော်အတွက် အဓိကကျသည့် စားကုန်များကို စိုက်ပျိုးလျက်ရှိပါတယ် ။ သို့ပါ၍ တင်ပြပါ ကျေးရွာအုပ်စုများမှ ပြည်သူများ၏ မကြာခဏ ပြောင်းရွှေ့နေရခြင်း၊ စိုက်ပျိုးမြေဧရိယာဧကများ ဆက်လက်ပျက်စီး ဆုံးရှုံးရခြင်း၊ ကျေးရွာရှိ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ အဆောက်အဦများ ပျက်စီး ဆုံးရှုံးရခြင်းတို့မှ ကာကွယ်ရန်နဲ့ ကျေးလက်နေပြည်သူများ၏ စား ဝတ်နေရေး အခက်အခဲများ ကင်းဝေးစေရေးတို့အတွက် ကျွမ်းကျင်သူပညာရှင်များဖြင့် စနစ်တကျ ကွင်းဆင်းလေ့လာ စစ်ဆေးပြီး ဧရာဝတီမြစ်ရေ တိုက်စားမှု အန္တရာယ်မှ ကာကွယ်ပေးရန် လိုအပ်လျက်ရှိပါတယ်။

ဧရာဝတီမြစ် ရေလမ်းကြောင်း ပြုပြင်ပြောင်းလဲပေးခြင်းအားဖြင့် ယခင်က ပျက်စီးဆုံးရှုံးခဲ့တဲ့ မြေဧကများ ပြန်လည်စိုက်ပျိုးရန် မြေအသစ်များ ပေါ်ထွက် လာခြင်း၊ ကျေးရွာလူထုလူနေအိမ်ခြေများ ပြောင်းရွှေ့ရမှု မရှိတော့ဘဲ ကုန်ကျစရိတ် သက်သာကာ စီးပွားရေးကောင်းမွန်လာခြင်း၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ အဆောက်အဦများ ပြောင်းရွှေ့ရခြင်းမှ ကင်းဝေးခြင်း၊ ရေနံချောင်းမြို့ သဘင်္ောများ ပြန်လည်ဆိုက်ကပ်နိုင်ခြင်း၊ မြန်မာ့ရေနံလုပ်ငန်းမှ မြို့နှင့်(၃)မိုင်ခန့်အကွာအထိ ရေနံပိုက်ဆက်ပို့ဆောင်ရွက် ခြင်း လုပ်ငန်းများ လုပ်ဆောင်ရန် မလိုအပ်တော့ခြင်းကြောင့် ကုန်ကျစရိတ်များ သက်သာခြင်းစသည့် အကျိုး ကျေးဇူးများ ရရှိလာမှာ ဖြစ်ပါတယ် ။ မကွေးတိုင်းဒေသကြီးအတွ င်းရှိ မြို့နယ်ချင်း ထိစပ်နေတဲ့ စလင်း၊ ပွင့်ဖြူ၊ မင်းဘူး(စကု)၊ ချောက်၊ မကွေးမြို့နယ် အတွင်းရှိ မှီတင်း နေထို င်ကြသော ကိုင်းမြေ များတွင် စိုက်ပျိုးလုပ်ကိုင်စားသောက်ကြသည့် တောင်သူများကလည်း ပျက်စီးဆုံးရှုံး မှုလျော့နည်းသွားမှာ ဖြစ်ပါတယ်။

ယခုကဲ့သို့သော အချိန်အခါမှာ ဧရာဝတီမြစ် ရေလမ်းကြောင်း ပြုပြင် / ပြောင်းလဲ/ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု မရှိခဲ့ပါ က ကျေးရွာနေပြည်သူ များ လုပ်ကိုင် စားသောက်လျက်ရှိတဲ့ လက်ရှိကိုင်းမြေ များ ဆက်လက်ပျက်စီးဆုံးရှုံးကာ အလုပ်အကိုင် အခွင့် အလမ်းများ ဆုံးရှုံးနစ်နာပြီး စီးပွားရေးအခက်အခဲ၊ စားဝတ်နေရေးအခက်အခဲများ ဆက်လက်ကြုံတွေ့နေရပါမည်။ လူနေအိမ်ရာ၊ စာသင် ကျောင်း၊ ဆေးခန်း၊ ဘုန်းတော်ကြီး ကျောင်းများ မ ကြာခဏ ပြောင်းရွှေ့နေကြရပြီး ရွှေ့ပြောင်းကုန် ကျစရိတ်များ ဆက်လက် ကုန်ကျနေရပါမယ် ။ စီးပွားရေး၊ ပညာရေး၊ ကျန်း မာရေး၊ လူမှုရေးတို့မှာ တိုးတက်မှုမရှိနိုင်ဘဲ ဖွံ့ဖြိုးတိုး တက်မှု နှောင့်နှေးစေနိုင်မှာဖြစ်ပါတယ်။ သို့ပါ၍ ကျွမ်းကျင်သူပညာရှင်များနှင့် စနစ်တကျ လေ့လာသုံးသပ်ပြီး ခေတ်မီနည်းပညာ၊ ခေတ်မီစက် ကိရိယာများဖြင့် အများပြည်သူလူထု အကျိုးအတွက် ဧရာဝတီမြစ်ရေလမ်းကြောင်းအား ပြုပြင်ပေးနိုင်ပါရန်နှင့် ဆော င်ရွက်နိုင်မည့်အခြေအနေနဲ့ မည်သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် အများပြည်သူလူထု အကျိုး အလို့ငှာ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရန်ကုန်ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ပတ်သက်၍ အကောင်အထည်ဖော်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များကို ပြန်လည်သုံးသပ် ဆောင်ရွက်ရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)မှဒေါက်တာမြတ်ဉာဏစိုး က ရန်ကုန်ဆိပ်ကမ်း ဖွံ့ ဖြိုးတိုးတက်ရေးစီမံကိန်းနဲ့ ပတ်သက်၍ အကော င်အထည်ဖော်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည့်အချက်များကို ပြန်လည်သုံးသပ် ဆောင်ရွက်ရန် အစီအစဉ် ရှိ /မရှိ နဲ့စပ်လျဉ်းတဲ့ကြယ်ပွင့်ပြတဲ့မေးခွန်းကို တင်ပြထားသော်လည်း ယခုအချိန်မှာ ၎င်းကိုယ်စားလှယ် မရှိတဲ့အတွက် ဝန်ကြီးအနေနဲ့ ထည့်သွင်း ဖြေကြားရန်မလိုဘဲ စာဖြင့် အဖြေကို ရေးသားပြီးတော့ လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ဖို့ ဖြစ်ပါတယ်။

**ကမမောင်းမြို့နယ်ခွဲတွင် ရေထိန်းနံရံများ တည်ဆောက်ပေးရန်နှင့် အိမ်မြေမဲ့များကို ပြန်လည် နေရာချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှဒေါ်နန်းနီနီအေး က ကမမောင်းမြို့နယ်ခွဲတွင် ရေထိန်းနံရံများ တည်ဆောက်ပေးရန်နှင့် အိမ်မြေမဲ့များကို ပြန်လည် နေရာချထားပေးရန်အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ ရိုသေလေးစားရ ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ ကရင်ပြည်နယ် ဖာပွန်ခရိုင်၊ ကမမောင်းမြို့နယ်ခွဲဟာ သံလွင်မြစ်ကမ်းနံဘေးမှာတည်ရှိတဲ့အတွက် နှစ်စဉ်ကမ်းနားတစ်လျှောက် မြစ်ရေတိုက်စားမှုဖြစ်ပေါ်ခံ နေရပါတယ်။ သံ လွင်မြစ်ဟာ ရေစီးအလွန် သန်တဲ့မြစ်ဖြစ်တာကြောင့် တစ်နှစ်မှာ မြစ်ကမ်းနံရံ

(၆)ပေခန့် ပြိုကျခဲ့ရပြီး၊ မြစ်ကမ်းဘေးနေထိုင်သော ပြည်သူများရဲ့ အိမ်၊ ခြံမြေများ၊ ဆိုင်ခန်းများ တဖြည်းဖြည်းပျောက်ကွယ်ကာ အန္တရာယ်အလွန်ကြီးမားတာကို တွေ့မြင်ရပါတယ်။ ပြည်သူများရဲ့ လူမှုစီးပွားဘဝကို ထောက်ထားညှာတာသောအားဖြင့် နှစ်စဉ်ရေတိုက်စားမှုဒဏ်ကြောင့် အိမ်ခြံမြေ ဆုံးရှုံးခဲ့ရသည့် ပြည်သူများကို နေရာသစ် ပြန်လည်ချထားပေးရန် လိုအပ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ ကမမောင်းမြို့နယ်ခွဲ၏ မြစ်ကမ်းနားတစ်လျှောက် ရေတိုက်စားမှုမှာ ခန့်မှန်း(၁)မိုင်ခန့်ရှိပြီး စီမံချက်ဖြင့် မြစ်ကမ်းပါး ပြိုကျခြင်းမှ ကာကွယ်နိုင်ရန် မြစ်ထိန်းနံရံတည်ဆောက်ပေးရန်နှင့် ရေတိုက်စားမှုဒဏ်ကြောင့် အိမ်ခြံမြေမဲ့များအား ပြန်လည်နေရာချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ် မရှိပါက အမြန်ဆုံးစီစဉ် ဆောင်ရွက်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်များရဲ့ ကိုယ်စား တင်ပြမေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ကုလားတန်မြစ် ဘက်စုံသုံး ကြားခံပို့ဆောင်ရေး စီမံကိန်း နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီးရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှဒေါက်တာအေးမောင်က ကုလားတန်မြစ် ဘက်စုံသုံးကြားခံပို့ဆောင်ရေး စီမံကိန်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာအေးမောင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ဖြေကြားပေးမယ့် ပြည်ထောင်စု ပို့ဆောင်ရေးဝန်ကြီး အပါအဝင် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်း သာကြပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင် ဖြစ်ပ ါတယ်။ ကျွန်တော့်အနေနဲ့ ကုလားတန် ဘက်စုံသုံး၊ ကုလားတန် Multi Modal Transport Project နဲ့ပတ်သက်လို့ ကျွန်တော် ဖတ်မှ တ်ထားတာလေးတွေ ရှိပါတယ်။ ဒီဥစ္စာဟာ ၁၉၉၂ ခုနှစ် ဆိုဗီယက်ပြိုကွဲပြီးတဲ့နောက်မှာ အိန္ဒိယရဲ့ အရှေ့မျှော်ပေါ်လစီအရ ဒီဘက်အရှေ့မြောက်ဒေသ အိန္ဒိယရဲ့ မီဇိုရမ်ပက် Land Lock

ဖြစ်နေတဲ့ဧရိယာကို လိုအပ်တဲ့ဆောင်ရွက်မှုလုပ်ငန်းတွေ ဆောင်ရွက်နိုင်အောင် မြန်မာအစိုးရနဲ့ ကျွန်တော်တို့ မှတ်တမ်းအရဆိုရင် ၂၀၀၈ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့ကစပြီးတော့ ပြီးခဲ့တဲ့အစိုးရနဲ့ Agreement ယူခဲ့တယ်လို့သိရပါတယ်။နောက် ဒီဥစ္စာနဲ့ပတ်သက်လို့၂၀၁၀ ခု၊ မေလ ၂၂ ရက်နေ့ မှာလည်းပဲ နေပြည်တော်မှာ ပထမအကြိမ် မြန်မာ -အိန္ဒိယဘက်စုံကဏ္ဍကို ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ ဒီ ဥစ္စာရဲ့ အကျိုးဆက်အနေနဲ့ ကျွန်တော်တို့ ရခိုင်ပြည်နယ် အပါအဝင် ချင်းပြည်နယ်၊ ပလက်ဝ ဒေသ နောက် အိန္ဒိယအရှေ့မြောက်ဒေသအကုန်လုံး ဖွံ့ဖြိုးသွားမှာမို့လို့ ကျွန်တော်တို့အနေနဲ့ ကြိုဆိုပါတယ်။ဆိုတော့ ဒီစီမံကိန်းတစ်ခုကို လုပ်ကြတယ်။ ပြည်သူတွေကို ချပြတယ်။ ပြည်သူတွေက လက်ခံ ပြီးကာမှ ဒီစီမံကိန်းရဲ့ အကျိုးကျေးဇူး တွေကို ကျွန်တော်တို့ရဲ့ ပြည်သူ၊ နှစ်နိုင်ငံပြည်သူတွေ အကျိုးကျေး ဇူးခံစားရအောင်လုပ်တဲ့ စီမံကိန်းမို့လို့ ကျွန်တော်တို့ လေးလေးနက်နက်ခုနလို ထောက်ခံရခြင်းဖြစ်ပါတယ်။ဒါပေမယ်လို့ ဒီစီမံကိန်းလုပ်တဲ့ ကာလလေး တွေမှာ ပြည်သူတွေအတွက် နှစ်နိုင်ငံသဘာဝသယံဇာတနဲ့ပတ်သက်လို့ဖြစ်ဖြစ် နှစ်နိုင်ငံအကျိုးနဲ့ ပတ်သက်လို့ဖြစ်ဖြစ် အပြစ်အနာအဆာလေးတွေကင်းအောင် စီမံကိန်းက ဆောင်ရွက် ပေးနိုင်ခဲ့ လို့ရှိရင် ပြည်သူတွေကလည်း လက်ခံ၊ နှစ်နိုင်ငံချစ်ကြည်ရေးအတွက်လည်း အဓွန့်ရှည် တည်တံ့ ခိုင်မြဲမယ့် စီမံကိန်းကြီးမို့ လို့ ကျွန်တော်တို့က ခုနကလို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဆိုတော့ ဒီစီမံကိန်းဟာ ဟိုဘက် အိန္ဒိယက ကာလကတ္တားကနေပြီး ကျွန်တော်တို့ မှတ်ရသလောက်ဆိုရင် (၅၃၉) ကီလိုမီတာ ဝေးတယ်။ ဒီဘက်က စစ်တွေကို အိန္ဒိယနဲ့ ပင်လယ်ပိုင်းက လာမယ့် ပစ္စည်းပစ္စယတွေနဲ့ စစ်တွေဆိပ်ကမ်းဟာ ဟိုးအရင်တုန်းကလို ဖွံ့ဖြိုးမှုစလာမယ့် လမ်းကြောင်းလို့ ကျွန်တော်တို့ ယူဆမိပါတယ်။ အဲဒီတော့ ဒီ စစ်တွေ Sea Port ဟာ အရေးကြီးလှပါတယ်။ စစ်တွေ Sea Port မှာရှိတဲ့ နုန်းမြေတွေ နှစ်ပေါင်းများစွာတင်ပြီးကာမှ ကျွန်တော်တို့ပင်လယ်ကူး သင်္ဘောကြီးတွေ မလာနိုင်တဲ့ နေရာလေးတွေကို ဧရိယာပေါင်းများစွာကို တူးပြီးကာမှ ကျွန်တော် တို့ ဒီဥစ္စာကို ဝင်လာလို့ရအောင် Vessel လမ်းကြောင်းဖြစ်အောင် လုပ်ဖို့ အစီအစဉ်လေး တွေရှိတယ်လို့ သိရပါတယ်။ အဲဒီတော့ စစ်တွေကနေပြီးတော့မှ ကျွန်တော်တို့ ဟိုဘက်က စီမံကိန်းအရ ပထမမူလ (၂၂၅) ကီလိုမီတာဆိုတာ စက်ပိတ်ကွင်း ကလက် ဝ လို့ ရေးထား ပါတယ်။ ဒါပေမယ်လို့ ကျွန်တော်တို့ ၂၀၁၁ ခုနှစ်၊ မေလ ၃၁ ရက်နေ့နောက်ဆုံးကြားတဲ့ သတင်းကတော့ ပလက်ဝ ထိသွားမယ်။ (၁၅၈)ကီလိုမီတာ၊ (၆၇)ကီလိုမီတာကတော့ ပလက်ဝ ကနေ ကလက်ဝ ပေါ့နော်။ စက်ပိတ်ကွင်း အထိဝေးတယ်။ အဲဒီလောက်ထိကို လုပ် /မလုပ်တော့

မပြောတတ်ဘူးပေါ့နော်။ ဆို တော့ ဘယ်လိုပဲဖြစ်ဖြစ် ဒီစီမံကိန်းတစ်ခုလုံးရဲ့ ဒါ ပလက်ဝကနေ နယ်စပ်အထိ မြန်မာဘော်ဒါအထိ (၁၂၉) ကီလိုမီတာလို့ ပြောပါတယ်။ အကုန်လုံးက (၈၂၆) ကီလိုမီတာ ဝေးပါတယ်။ အင်မတန်လည်း အရှေ့မျှော် ပေါ်လစီအရ အိန္ဒိယနဲ့ လုပ်သင့်တဲ့ စီမံကိန်းပါ တစ်ပြိုင်တည်း ဒီဘက်က တရုတ်ကလည်း ပဲ ကျောက်ဖြူဆိပ်ကမ်းကို သူတို့ရဲ့ ပင်လယ်နှစ်ခု ဆက်စပ်တဲ့ ဒီဘက်က Straim အရ လုပ်နေတဲ့အခါကျတော့ အိန္ဒိယဘက်ကို အားသာအောင် အိန္ဒိယနဲ့ တရုတ်ကို မျှမျှတတ ဗမာပြည် ရဲ့ ဖြတ်သန်းပြီးကာမှ ကျွန်တော်တို့ ရည်မှန်းချက်ကြီးကြီးနဲ့ နှစ်နိုင်ငံရဲ့ကြားမှာ ကျွန်တော်တို့ရဲ့ နှစ်နိုင် ငံပြည်သူချစ်ကြည်မှုနဲ့ ပြည်သူ အကျိုးရှိအောင် လုပ်နိုင်မှုတွေက အရေးကြီးတဲ့ကဏ္ဍဖြစ်လို့ ကျွန်တော်တို့က ဒါ ဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ဒီပြည်သူလူထု မထိ ခိုက်ဖို့အတွက် ဒီနေရာမှာရှိတဲ့ Endenger Species အများကြီးရှိပါတယ်။ အထူးသဖြင့် ပင်လယ်မှာရှိသလို ကျွန်တော်တို့က ဒီ ကုလားတန်မြစ်ရဲ့ ဆန်တဲ့ ဒီ Water ways မှာ အများကြီးရှိပါတယ်။ဆိုတော့ ဒီဥစ္စာတွေကို သောင်တွေကို တူးရမယ်။ ခုနလို မြစ်ကြောင်းကို ဖော်ပြီးကာမှ အပေါ်ကို ဆန်နိုင်အောင် လုပ်ရမယ်ဆိုတဲ့ကာလမျိုးမှာ ကျွန်တော်တို့မှာ အများကြီး စက်ကိရိယာသုံးရတဲ့ကဏ္ဍ ရှိပါလိမ့်မယ်။ အဲ ဒီမှာ ရေအောက်နေ သတ္တဝါတွေပျက်စီးတာလည်းရှိပါလိမ့်မယ်ဆိုတော့ အတတ်နိုင်ဆုံး ခုနလို ကျွန်တော်တို့ရေအောက်၊ ရေပေါ်၊ မြေပေါ် ကျွန်တော်တို့ ရှားပါးနိုင်တော့တဲ့၊ မျိုးတုံးနီး လုတဲ့ သတ္တဝါတွေကို ထိခိုက်မှု အညင်သာဆုံးဖြစ်အောင် လုပ်ဖို့ကလည်း ကျွန်တော်တို့ Project မှာရှိတဲ့ တာဝန်ခံတွေမှာ တာဝန်ရှိပါတယ်ဆိုတော့ ဒီပလက်ဝကနေပြီးကာမှ ကျွန်တော်တို့ အိန္ဒိယ နယ်စပ်အထိ သွားတဲ့ လမ်းတစ်လျှောက်လုံးဟာလည်းပဲ အခု ကျွန်တော်တို့ သိရသလောက်ဆိုရင် ဒါကို အိန္ဒိယအစိုးရ အနေနဲ့ RTQ သူတို့ညှိပြီးကာမှ အကြံပေးအဖွဲ့ ဖွဲ့ပြီးကာမှ Detail Engineering Report မရသေးဘူး။ ရပြီးကာမှပဲ ကျွန်တော်တို့ဟာ ဒီလမ်းပိုင်းနဲ့ ပတ်သက်လို့ Completion Report ဘယ်တော့ပြီးမယ်ဆိုတာကို ပြောမယ်။ ဒီ Project က ၂၀၁၃ ခုနှစ်ပေါ့နော်။ ဒါ Sea Port တွေ၊ ခုန Water Ways နှစ်ခုလုံးကို ၂၀၁၃ ခုနှစ်၊ ဇွန်၊ ဇူလိုင်လလောက်မှာ အပြီးမှန်းထားတယ် ဆိုတာတော့ ကျွန်တော်တို့ သိပါတယ်။ ဒီ Project နဲ့ ပတ်သက်လို့ ကျွန်တော်တို့ ရခိုင်ပြည်နယ်သူ အထူးသဖြင့် စစ်တွေမြို့တို့မှာနေကြတဲ့ ရပ်ကွက်သူ/ရပ်ကွက်သားတွေက ဘာစိုးရိမ်နေကြသလဲ။ ခုနလို ပလက်ဝမှာနေ တဲ့သူတွေက ဘာစိုးရိမ်နေကြသလဲဆို ရင် ဒီ Project ရဲ့ ပွင့်လင်းညင်သာမှုပါ၊ ဒီ Project ကိုလုပ်ပြီးတဲ့ နောက်မှာ အကျိုးကျေးဇူးကတော့

ဟုတ်ပြီ။ ကျွန်တော်တို့ သဘာ၀သယံဇာတ ဘယ်လောက် ထိခိုက်မှုရှိမလဲ ၊ လူထုကို ဘယ်လောက်ထိ ဥပမာ အိမ်နေရာ မြေယာတွေ ရွှေ့ပြောင်းပေးရတာမျိုး ရှိလာနိုင်မလားဆိုတဲ့ စိုးရိမ်မှုတွေ ရှိလာပါတယ်။ အဲဒါအဓိက စစ်တွေမှာဒီဘက်ကမ်း ဆိပ်ကမ်းလုပ်မယ့်နေရာ အနီးနားမှာ ဈေးကြီးရှိတယ်။ နောက် ဆေးရုံကြီး ရှိတယ်။ နောက် အဲဒီနားမှာရှိတဲ့ ရပ်ကွက်နေ ပြည်သူတွေက ဒီ Sea Port ကို လုပ်ခြင်းအားဖြင့် ကျွန်တော်တို့ သူတို့ဟာ Internal displaced Persons ဖြစ်သွားမလား။ တခြားတစ် နေရာကို ဟိုတုန်းကလို ပြောင်း ရွှေ့ခြင်း ခံရမလားဆိုတဲ့ စိုးရိမ်စိတ်တွေရှိနေတယ်လို့ ကျွန်တော်တို့ သိရတဲ့အခါမှာ ကျွန်တော်တို့ ဒီလူထုနဲ့ တွေ့ဆုံပွဲမှာ ခဏခဏ မေးပါတယ်။ အဲဒါကြောင့်လည်း ဒီ Sea Port နဲ့ ပတ်သက်လို့ Layout Plan ခုနလို Sea Port စစ်တွေ Plan ၊ နောက် ပလက်ဝ သို့မဟုတ် ခုနလို ကလက်ဝ ကျွန်တော်တို့ပြောတဲ့ မိမိပြည်နယ်မှာရှိတဲ့နေရာတွေမှာ Layout Plan ဘယ်လိုရှိပါသလဲ။ အဲဒီဒေသမှာရှိ တဲ့ လူထုကို ဖယ်ဖို့ရှိပါသလား။ ရှောင်ကွင်းပြီးကာမှ လူထုလည်း အကျိုး မထိခိုက်အောင် Project လည်း အောင်မြင်အောင် ဘယ်လိုလုပ်သွားမလဲ၊ ဒီကဏ္ဍလေးက ကျွန်တော် မေးဖို့ မေးခွန်းဖြစ်လာပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော် ဒီမေးခွန်းတွေကို ဝန်ကြီးဆီကို ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးက တစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ကျွန်တော် မေးခွန်းလေးက (၄)ခု၊ (၅)ခုလောက်ရှိပါတယ်ခင်ဗျား။ ကျွန်တော် ဖတ်ပြပါမယ်ခင်ဗျား။

(၁)က ကုလားတန်မြစ် ဘက်စုံသုံးကြားခံပို့ဆောင်ရေးစီမံကိန်း (KALADAN MULTI MODAL TRANSIT TRANSPORT PROJECT) ၏ နှစ်နိုင်ငံသဘောတူစာချုပ်အရ သတ်မှတ်တည်နေရာအလိုက် ရယူထားသည့် ဧရိယာအကျယ်အဝန်း (Project's site area) တည်ဆောက်မည့် အဆောက်အဦပုံစံနှင့် အစီအစဥ် (Layout Plan) စီမံကိန်းသွားရာလမ်းကြောင်း တစ်လျှောက်ရှိ ဒေသခံတို့၏ လူမှုစီးပွားဘဝထိခိုက်မှုအနည်းဆုံးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်အောင် မည်သည့်နည်းလမ်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည် စသည့် အစီအစဥ်များကို အများပြည်သူသိရှိအောင် ရှင်းပြပေးနိုင်ပါမည်လား။ နည်းတူ ပညာရှင်အဖွဲ့တို့၏ စနစ်တကျ လေ့လာကောက်ယူပြုစုဆန်းစစ်တင်ပြသည့် EIA, SIA အစီရင်ခံစာတို့ကို အများပြည်သူသိရှိနို င်အောင် ဖြန့်ဝေပေးနိုင်ပါမည်လား ဆိုတာ မေးခွန်း (၁) ဖြစ်ပါတယ်။

မေးခွန်း(၂)က စီမံကိန်း၏ စစ်တွေဆိပ်ကမ်းတည်ဆောက်မည့်ဧရိယာ (Sea Port's site area) နှင့် ထိစပ်နေသည့် ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ဈေးကြီးနှင့် ကုလားတန်မြစ်ကမ်းစပ်ဖြစ်သော ကမ်းနားလမ်းတစ်လျှောက်ရှိ အိုးတန်းရပ်ကွက်နှင့် ကျေးပင်ကြီးရပ်ကွက်နေ ပြည်သူများနဲ့ မြို့လူထုတစ်ရပ်လုံးတို့သည် မိမိတို့၏ ဈေးဆိုင်ခန်းများ၊ အိုးအိမ်များ၊ မြေနေရာများနှင့် မှီခိုရာဆေးရုံကြီးတို့ ဤဆိပ်ကမ်းစီမံကိန်းကြောင့် ဖယ်ရှားရှင်းလင်းခြင်း ခံကြရတော့မည်ဟု စိုးရိမ်သောက ဖြစ်နေကြသည်ကို သိရှိကြားသိပါသလား။

တတိယမေးခွန်းကတော့ သိရှိကြားသိပါလျှင် ပြည်သူတို့၏ စိုးရိမ်မှုပပျောက်အော င် မေးခွန်း (၂)ပါ နိုင်ငံသားပြည်သူလူထုပိုင် ဧရိယာများ အား စီမံကိန်းဧရိယာမှ လွတ်ကင်းအောင်မည်သို့စီမံထားသည်၊ ဖွဲ့ စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၆၊ ၃၅၇ ပါ နိုင်ငံသားတစ်ဦးချင်း၏ မူလအခွင့်အရေး၊ တာဝန်နှင့် ့လုပ်ပိုင်ခွင့်တို့အပေါ် လိုက်နာလျက် ဥပဒေအရ မည်ကဲ့သို့ ကာကွယ်မှုပေးထားသည်တို့ကို ရှင်းလင်းပေးနိုင်ပါမည်လား။ နံ ပါတ်(၄)က ဤစီမံကိန်းကြောင့် စစ်တွေမြို့ရှိ အများပြည်သူကျန်းမာရေးအတွက် လေညှင်းခံ၊ အပန်း ဖြေနားနေရာ ရှုခင်းသာကမ်းနားလမ်း(လျှပ်စစ်ရုံးကြီးမှစာတိုက်ကြီးထိ) (၂) ဖာလုံခန့်အပိုင်း၊ မြင်ကွင်းနှင့် ့ လေလမ်းကြောင်း ပိတ်ဆို့သွားခြင်းအား သိရှိစာနာစွာဖြင့်ရေလှိုင်းကာနံရံနှင့် ရှုခင်းသာလမ်းသစ် အစားထိုးတည်ဆောက်ပေးနိုင်မည့် အထူးအစီအစဉ်၊ ဥပမာ မိဖုရပ်ကွက်မှ လမ္ဘတော်မြောက်ရပ်ကွက်အထိ (ဘီလူးမချောင်းဝမှ ဆတ်ရိုးကျချောင်းဝအထိ ) ရေလှိုင်းကာ နံရံနှင့် ့ ရှုခင်းသာလမ်းသစ် တည်ဆောက်ဖောက်လုပ်ပေးမည့် ပြည်ထောင်စုအစိုးရ၏ အထူးအစီအစဉ် သို့မဟုတ် ပြည်နယ်အစိုးရ၏ အစီအစဉ် ရှိ/မရှိ ဖြေကြားပေးနိုင်ပါမည်လား။

(၅)က အစီအစဉ်ရှိပါက မည် သည့်ဘဏ္ဍာရေးနှစ်တွင် စတင်အကောင် အထည်ဖော်တည်ဆောက်ပေးမည်နှင့် အစီအစဉ်မရှိပါက ဘာကြောင့်ဖြစ်သည်ကို ဖြေကြားပေးနိုင်ပါမည်လားဆိုတဲ့ မေးခွန်း(၅)ခု ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပလက်ဝမြို့နယ်နှင့် မတူပီမြို့နယ် နယ်စပ်ရှိ ပင်းချောင်းအား မြစ်ကြောင်းပြုပြင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆလိုင်းခွဲယန် က ပလက်ဝမြို့နယ်နှင့် မတူပီမြို့နယ် နယ်စပ်ရှိ ပင်းချောင်းအား မြစ်ကြောင်းပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ပလက်ဝမြို့နယ်နှင့် မတူပီမြို့နယ် နယ်စပ်ရှိ ပင်းချောင်းအား မြစ်ကြောင်းပြုပြင် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေး ခွန်းဖြစ်ပါတယ်။ ပလက်ဝမြို့နယ်နဲ့ မတူပီမြို့နယ် နယ်ချင်းစပ်ရာ ဒေသတစ်လျှောက်မှာရှိတဲ့ ပြည်သူများရဲ့ ဘဝအခြေအနေကို မြှင့်တင်ပေးရန် ရည်ရွယ်ချက်နဲ့ ဒီမေးခွန်းကို မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ ဒီလေးမြို့မြစ်ရဲ့ မြစ်လက်တက်တစ်ခုဖြစ်တဲ့ ပိုင်ချောင်းခေါ် ပင်းချောင်း မှာ စက်တပ်လှေငယ်များ အထက်အောက် သွားလာနိုင်ဖို့အတွက် အခုလို မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီလေးမြို့မြစ်ဆိုတာဟာ ရခိုင်ပြည်နယ် မြောက်ဦးကနေ ဆန်တက်တယ်ဆိုရင် ပန်းမြောင်း၊ ပန်းမြောင်းကနေ သံထောင်း၊ သံထောင်းနဲ့ အထက်ပိုင်း ယခင်အင်္ဂလိပ်အစိုးရ လက်ထက်မှာ ပင်း ချောင်းဝမှာ လုံခြုံရေးကင်းတစ်ခုချထားပါတယ်။ ဒီပင်းချောင်းရဲ့ အထက်ပိုင်းမှာ အခု ကျွန်တော်မေးတဲ့ မေးခွန်းထဲက ပါရှိတဲ့ ကျောက်ဆောင်ရှိတဲ့နေရာကို မေးမြန်း ရခြင်း ဖြစ်ပါတယ်။ ဒီပလက်ဝမြို့နယ်၊ မတူပီမြို့နယ် နယ်ချင်းစပ်လျက် ပလက်ဝမြို့နယ်ရဲ့ အရှေ့အလယ်ပိုင်းတစ်လျှောက်မှာရှိတဲ့ ဒေသဟာ ပထဝီမြေအနေအထားကြောင့် ကုန်းကြောင်း ၊ ရေကြောင်းမှာ မည်သည့်ယာဉ်ငယ်မျှမှ သွားလာမှု မရှိသေးသောနေရာ ဖြစ်ပါတယ်။ သို့ဖြစ် ၍ ၎င်းဒေသမှာရှိတဲ့ ပြည်သူတို့ရဲ့ စားဝတ်နေရေး အတွက် လိုအပ်သော စားကုန်၊ အသုံးအဆောင်ပစ္စည်းဟူသမျှကို မတူပီမြို့နှင့် (ပလက်ဝမြို့နယ်) ဆမီးရွာမှတစ်ဆင့် ကိုယ်တိုင် သယ်ပိုးထမ်းရွက်ရင်းနဲ့ ရှင်သန်ခဲ့ကြတာ ယခင်အခြေချ စတင်

နေထိုင်သည့်ကာလမှ ယနေ့ကာလအထိပင် ဖြစ်ပါတယ်။

ပြည်သူ့ကောင်စီလက်ထက်မှာ ပလက်ဝ-မတူပီကားလမ်းဖောက်လုပ်ရေး စီမံကိန်းရှိလာတဲ့အတွက်ကြောင့် ပြည်သူများဟာ ကိုယ်တိုင်လုပ်အားပေါ ငွေများစွာနဲ့ ပါဝင် ပေးဆပ်ခဲ့ကြရသော်လည်း ယနေ့တိုင်အောင် ဖြစ်မလာသေးတဲ့အတွက်ကြောင့် ပြည်သူတို့၏ မျှော်လင့်ချက်မှာ ပိုဝေးလေပြီလားဟုပင် ထင်မြင်ယူဆရပါတယ်။

ဒါကြောင့် လေးမြို့မြစ်ရဲ့ မြစ်လက်တက်တစ်ခုဖြစ်တဲ့ ပလက်ဝမြို့နယ်နှင့် အလယ်ကြောကို ဖြတ်သန်းစီးဆင်းပြီးမှ ရခို င်ပြည်နယ်ဘက်သို့ စီးဝင်သွားတဲ့လေးမြို့မြစ်ရဲ့ မြစ်လက်တက်တစ်ခုဖြစ်တဲ့ ဒီပိုင်ချောင်း (ခေါ်) ပင်းချောင်းမှာ စက်တပ်လှေငယ်များ သွားလာနိုင်ဖို့အတွက် အခုလို တင်ပြခြင်းဖြစ်ပါတယ်။ ဒီပင်းချောင်းမှာ ရှိတဲ့ ကျောက်ဆောင်တွေဟာ ပလက်ဝမြို့နယ် စင် ကီတောင်အုပ်စု၊ ပီကု န်းရွာအထက်ရှိ လုံပု တ်နဲ့ အွေကြည်ရွာအနီးရှိ ထိုက်ဘီပရောင်ဆိုတဲ့ ကျောက်ဆောင်များတည်ရှိမှုကြောင့် အထက်ပိုင်းမှာ စက်လှေငယ်ကလေးများဟာ သွားလာမှုအတွက် အခက်အခဲရှိပါတယ်။ ဒါကြောင့် ဒီနေရာမှာ ရခိုင်ပြည်နယ်ကလာတဲ့ ကုန်သည်တွေဟာ လှေငယ်ကလေးများကို ကုန်းပေါ်ဘက်မှာ တင်ပြီးမှ၊ ဂါးခင်းပြီးမှဆွဲရပါတယ်။ ပစ္စည်းကိုချပြီးတော့ တောင်းနဲ့တင်ပို့ပြီးမှ ထမ်းရွက်ရပါတယ်။ တကယ်လို့များ အထက်ပိုင်းအထိသာ စက်တပ်လှေကလေးများ သွားလာနိုင်မယ်ဆိုရင် အထက်ပိုင်းမှာရှိတဲ့ ရွာပေါင်း (၃၀)ကျော်ရဲ့ စား ဝတ်နေရေးအတွက်များစွာ အကျိုးရှိလာမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်က ဒီကုန်သည်များဟာ ဒီနေရာရောက် ခါမှ ကျောက်ဆောင်နဲ့ အမြောက်အမြား ကိုလည်း ဖြတ်သန်းရတဲ့အတွက်ကြောင့် အခက်အခဲမြောက်မြားစွာ အသက်ပေးဆောင်ရွက်ခဲ့မှုများလည်းရှိခဲ့ဖူးပါတယ်။ ဒါကြောင့် အထက်မှာဖော်ပြတဲ့ ထိုက်ဘီပရောင်နဲ့လုံပုတ်အကြားမှာ ရေကြောင်းကောင်းမွန်အောင် ကျောက်ဆောင်များကို ဖယ်ရှားမယ်ဆိုရင်တော့ ဒီရေကြောင်းသွားလာမှုဟာ အဆင်ပြေမှာ ဖြစ်ပါတယ်။ ဒေသခံပြည်သူများအနေနဲ့ ဒီကျောက်ဆောင်ကို မိမိတို့အစီအစဉ်နဲ့ ဖယ်ရှားနိုင်သော်လည်း တရားဥပဒေဘောင်နဲ့ညီညွတ်မှာ မဟုတ်တဲ့အတွက်ကြောင့်မို့လို့ မဖယ်ရှားနိုင်တာဖြစ်ပါတယ်။ တကယ် လို့များ ဒီကျောက်ဆောင်ကြီးကို ဖောက်ခွဲနိုင်မယ့် မိုင်း၊ ခဲယမ်းမီးကျောက်သာ အစိုးရက တရားဝင်ခွင့်ပြုပေးမယ်ဆိုရင် ဒေသခံပြည်သူများလည်း လုပ်ဆောင်နိုင်တဲ့အခွင့်အလမ်း ရှိလာမှာ ဖြစ်ပါတယ်။ တကယ်လို့ နိုင်ငံတော်အစီအစဉ်နဲ့ လုပ်ပေးမယ်ဆိုရင် ပြည်သူများက ပိုမို

ကြိုဆိုတယ် ဆိုတာကိုလည်း အသိပေးလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကျောက်ဆောင်ကို ဖယ်ရှားရဖို့ကိစ္စကတော့ အသေးအမွှားကိစ္စလို့ ထင်မြင်ကောင်းထင်မြင် ယူဆနိုင်ပါတယ်။ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များတင်ပြချက်ကို ဂျာနယ်များက မူလတန်းကျောင်းကို လွှတ်တော်အဆင့်အထိ တင်ပြရမလားလို့ကျတော့မှ ဂျာနယ်မှာ အကျယ်တဝင့် ရေးသားတာကိုလည်း ဖတ်ရှုရပါတယ်။ ကျွန်တော့်အနေနဲ့ System မှာ ပြောလိုတာကတော့ မူလတန်းကျောင်း တစ်ကျောင်းကို မြို့နယ် ပညာရေးမှူးက ပေးပိုင်ခွင့်ရှိသလား။ ပြည်နယ် ပညာရေးမှူးကပေးနိုင်တဲ့ ဝန်ထမ်းကို ခန့်ပိုင် ခွင့်ရှိသလားလို့ ပြန်ပြီးတော့ မေးချင်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဒေသမှာ နှစ်ပေါင်း (၂၀)ကျော်ကာလတိုင်အောင် ဒီရွာတွေ၊ ဒီမြေတွေကို နိုင်ငံတော်အကြီးအကဲ တစ်ဦးတစ်ယောက် ကမျှ မရောက်ရှိတဲ့အတွက်ကြောင့် ဒီအခြေအနေကို မသိရခြင်း ဖြစ်တဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ် ကျွန်တော်တို့အနေနဲ့ ဒီကျေးရွာအဆင့်မှာ ဖြစ်ပေါ်နေတဲ့အခြေအနေကို လွှတ်တော်သို့ တင်ပြခြင်းဖြစ်တာကိုလည်း ဥက္ကဋ္ဌကြီးထံ အသိပေးလိုပါတယ်။ ကျွန်တော်တို့ ရဲ့ နိုင်ငံတော်သမ္မတကြီးဟာ လွန်ခဲ့တဲ့ ၂၀၁၀ မတ်လ ပလက် ဝခရီးစဉ်မှာ ပြောကြားသွားတဲ့ စကားလေးတစ်ခုရှိပါတယ်။ ပလက်ဝ မြို့နယ်ဟာ တခြားနေရာနဲ့ မတူဘဲနဲ့ တည်ငြိမ် တိတ်ဆိတ် နေပါတယ်လို့ ယခင် ၂၀၁၀ ခုနှစ် တုန်းက ပြောကြားသွားပါတယ်။ မှန်ကန်ပါတယ်။

ကျွန်တော်တို့ ပလက်ဝမြို့နယ်မှာ ကားသံလည်း မကြားရပါဘူး။ ဆိုင်ကယ်သံလည်း မကြားရပါဘူး။ စက်ဘီးသံ ကိုလည်း မကြားရပါဘူး။ သဘာဝစီးဆင်းနေတဲ့ ကုလားတန်မြစ်ရယ်၊ လေးမြို့မြစ်ရယ် ဒီချောင်းလေးတွေကို လှေတွေနဲ့၊ စက်တပ်လှေကလေးတွေနဲ့အားကိုးပြီးတော့မှ သွားလာရခြင်းသာ ဖြစ်ပါတယ်။ တကယ်တော့ ပလက် ဝမြို့ဆိုတာ ချင်းပြည်နယ်မှာ အကျယ် ပြန့်ဆုံးမြို့ ဖြစ်ပါတယ်။ သွားလာရေး အခက်အခဲဆုံးမြို့နယ် ဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ သင်္ဘောဆိပ်ရှိတဲ့ မြို့ဆိုလို့ ပလက်ဝတစ်မြို့တည်း ရှိပါတယ်။ ချင်းပြည်နယ်မှာ လှေ၊ စက်လှေ ကို မြင်တွေ့နိုင်တဲ့နေရာကတော့ ပလက် ဝတစ်မြို့တည်း ရှိပါတယ်။ ပလက်ဝမြို့နယ် တစ်ခုတည်း ဖြစ်ပါတယ်။ ဒါကြောင့် ပလက်ဝမြို့နယ်ရဲ့ အရှေ့ဘက်ခြမ်းမှာရှိတဲ့ ဒီ လေးမြို့မြစ်ရဲ့ မြစ်လက်တက် တစ်ခုဖြစ်တဲ့ ပင်းချောင်း (ခေါ်) ပိုင်ချောင်းမှာ ရေကြောင်းပြုပြင်မှုကို ပြုလုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးက တစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။မေးခွန်း(၄)ခုနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၄။**

**ဦးဉာဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီးပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ ချစ်ခင် လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း လေးစားစွာ ဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှ တ်တော်ကိုယ်စားလှယ်များ မေးထား တဲ့ မေးခွန်းများကို တစ်ခုချင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ပ ထမဆုံး ကျွန်တော် တို့ မကွေးတိုင်း ဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ မေးခွန်း ကို ဖြေကြား မှာဖြစ်ပါတယ်။ ဦးအောင်ငြိမ်း ရဲ့ မေးခွန်းကို မဖြေကြားမီမှာ ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ မူ ဝါဒတွေကိုလည်း ကျွန်တော်တို့ ပြည်ထောင်စု လွှတ်တော်မှာ တင်ပြထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ ငွေရေးကြေး ရေး ဘတ်ဂျက်သုံးစွဲမှုနဲ့ပတ်သက်လို့ရှိရင်လည်း ကျွန်တော်တို့ဝန်ကြီးဌာနက မိမိရှာဖွေတဲ့ရန်ပုံငွေပဲ ကျွန်တော်တို့ သုံးစွဲမှာဖြစ်ပြီးတော့ တစ်နှစ်မှာ (၄၀)ဘီလီယံ နိုင်ငံတော်အတွက် အပိုရှာဖွေပေးဖို့ မူဝါဒချ မှတ်ထားမှာဖြစ်ပါတယ်။ အဲဒီတော့ အဓိကအားဖြင့် ကျွန်တော် တို့ ဝန်ကြီးဌာနရဲ့ မူလ တာဝန်ဟာဆိုလို့ရှိရင် ရေကြောင်း၊ လေကြောင်းပို့ဆောင်ရေးတာဝန်များပဲ အဓိကဖြစ်ပါတယ်။ ကျွန်တော်တို့ အခု ဒီနေ့ အမျိုးသားလွှတ်တော်မှာ မေးထားတဲ့ ဒီမေးခွန်းအားလုံးဆိုလို့ရှိရင် မြစ်ချောင်းများနဲ့သာ အဓိကသက်ဆိုင်တာဖြစ်ပါတယ်။ မြစ်ချောင်းများ ထိန်းသိမ်းရေးနဲ့ မြို့ရွာများ ကမ်းမပြိုရေး ဖြစ်ပါတယ်။ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အဓိကတော့ ကျွန်တော် တို့ရဲ့ သဘောၤများ သွားလာတဲ့ ရေကြောင်းများကို ကောင်းမွန်ဖို့အတွက် ထိန်းသိမ်း ဖို့ အရင်တုန်းကဆို လမ်းပြဖို့ ဖြစ်ပါတယ်။ သဘာ ဝတရားကြီးကို အမြဲတမ်းထိန်းသိမ်းဖို့ဆိုတာ အင်မတန်ကြီးမားတဲ့ တာ ဝန် ဖြစ်ပါတယ်။ဒါကိုတော့ဥက္ကဋ္ဌကြီးနဲ့တကွ ဒီ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး သိရှိနားလည်ပြီးတော့ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ လုပ်ကိုင် နိုင်တဲ့ ငွေ ရေးကြေးရေးအတိုင်းအတာ၊ ဘဏ္ဍာငွေအတိုင်းအတာနဲ့ ဒီတာ ဝန်ဟာ အင်မတန်မှ

ကြီးမားတဲ့အကြောင်းကို ကျွန်တော် ပဏာမ တင်ပြခြင်းဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဆုံး ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ မကွေးတိုင်းမှ မေးတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်း တဲ့ အတိုင်းပါပဲ။ ခုန မကွေးတိုင်းမှာရှိတဲ့ ဧရာ ဝတီမြစ်အနောက်ဘက်ကမ်းရှိ ဝက်လွတ်ကျေးရွာ အုပ်စု၊ ရုံးဆိပ်ကျွန်းကျေးရွာအုပ်စုနဲ့ ဝက်မစွတ် ကျေးရွာအုပ်စုများမှ ကျေး ရွာပေါင်း(၁၃)ရွာမှာ ဧရာဝတီမြစ်ရဲ့ရေနက်ကြောင်း ကမ်းပါးကပ်၍ စီးဆင်းခြင်း၊ ကမ်းပါးမြေသားကြံ့ခိုင်မှု အားနည်း ခြင်းတို့ကြောင့် ရေတိုက်စားမှုများ ဖြစ်ပေါ်လေ့ရှိပါသည်။ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း မှာရှိတဲ့ ရေနံချောင်းမြို့ဟာလည်း သဲသောင်ခုံများပေါ်ထွန်းလျက်ရှိသဖြင့် ရေယာဥ်များမှာ ရေနံချောင်း မြို့၏ မြစ် ကျဉ်းဘက်ရှိ ညောင်လှအောက်ဘက်မှာ ဆိုက်ကပ်ရပါတယ်။ ယခုကဲ့သို့ ဖြစ်ပေါ် ရတဲ့အကြောင်းအရင်းကတော့ ကျွန်တော်တို့ဟာ မြစ်ကြောင်းဟာဆိုလို့ရှိရင် ဒီ အနောက်ဘက် ကမ်းကို ဖြည်း ဖြည်းချင်းရွေ့သွားပြီးတော့ အနောက်ဘက်ကမ်းကို ကမ်းပြိုမှုဖြစ်ပြီးတော့ အရှေ့ဘက်ကမ်းမှာ သောင်ထွန်းတဲ့ သဘာဝတရားတို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာန အနေနဲ့ ဒီဒေသနဲ့ ပတ်သက်ပြီးတော့ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်မှာ ၂၀၁၀-၂၀၁၁ ခုနှစ် ဒီနှစ် ဘဏ္ဍာရေး နှစ်မှာ ကျွန်တော် တို့က စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းတိုက်နယ်အတွင်းရှိ ကျီးကုန်းကျေး ရွာအုပ်စု ကမ်းထိန်းကာကွယ်ရေး အတွက် သိန်း (၁၅၀)ကျော် ကုန်ကျခံပြီး ပြင်ထားတာရှိပါတယ်။ ဒီဒေသနဲ့ပတ်သက်ပြီးတော့ နောက်တစ်ခါ ကျွန်တော်တို့ အောင်လံမြို့ ကမ်းပြိုကာကွယ်ရေးအတွက် သိန်း (၂၅၀) ကျွန်တော်တို့ ဘတ်ဂျက်နဲ့ ဆောင်ရွက်လျက် ရှိပါတယ်။ ဇလွန်မြို့ကမ်း ထိန်း သိမ်းရေးနှင့်ပတ်သက်ပြီးတော့ သိန်း(၅၀၀) ကျွန်တော်တို့ ဘတ်ဂျက်နဲ့ ဆောင်ရွက်ဆဲ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ အဓိက ကတော့ ဧရာဝတီ မြစ်နဲ့ ချင်းတွင်းမြစ်ရေလမ်းများမှာ ရေလမ်းကြ ပ်တဲ့ကိစ္စများဟာ အဓိက ထိန်းသိမ်းရတဲ့အတွက်ကြောင့် ခုနက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းတဲ့ ရေနံချောင်းမြို့နဲ့ ပတ်သက်ပြီးတော့ ယခင်တုန်းက ဘတ်ဂျက်မှာ မပါခဲ့ပါဘူး။ သို့သော်လည်းပဲ ကိုယ်စားလှယ်ကြီး ဆွေးနွေးတင်ပြထားတဲ့ ကျွန်တော်တို့ ဧရာဝတီမြစ် ၊ ချင်းတွင်းမြစ်ကြောင်းများကို ရေကြောင်း တည်ငြိမ်မှုရှိရေးအတွက် မြစ်ကြောင်း ထိန်းသိမ်းရေး ပင်မစီမံချက် (Master Plan) ကိုတော့ ကျွန်တော်တို့က ၁၉၈၆ ခုနှစ်မှာ ကမ္ဘာ့ဘဏ်အကူအညီနဲ့ နယ်သာလန်နိုင်ငံ Royal Haskoning အတိုင်ပင်ခံအဖွဲ့မှ ရေးထားတဲ့စီမံချက်ရှိပါတယ်။ ဒီနှစ်မှာတော့ သမ္မတကြီးရဲ့ ခွင့် ပြုချက်နဲ့

ဂျပန်နိုင်ငံ ODA ရုံးကို အကူအညီယူပြီးတော့ ဧရာဝတီ ချင်းတွင်းမြစ်ကြောင်းကို ဘယ်လို ထိန်းသိမ်းရင်ကောင်းမလဲ၊ ဘယ်လောက်ကုန်ကျမလဲ စီမံကိန်း ရေးဆွဲပြီး နိုင်ငံခြား အကူအညီ ယူဖို့ ညှိနှိုင်းဆဲဖြစ်ပါတယ် ဥက္ကဋ္ဌ ကြီးခင်ဗျား။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဒီ ဟာကြီးကို ကျွန်တော်တို့ ရေးဆွဲဖို့ အင်မတန်မှခက်ခဲတဲ့ လက်လှမ်းမမီတဲ့ စီမံကိန်းကြီးဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တင်ပြချင်တာကတော့ မြစ်ကြောင်းတွေအားလုံး ထိန်းသိမ်း ဖို့အတွက် နိုင်ငံခြား အကူအညီနဲ့ သမ္မတကြီးရဲ့ လမ်းညွှန်ချက်နဲ့ ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်းကို ကျွန်တော် ဥက္ကဋ္ဌကြီးကို တင်ပြခြင်းဖြစ်ပါတယ်။ ရေနံချောင်းမြို့နယ်အတွင်းမှာရှိတဲ့ ကမ်းပြို ကာကွယ်ရေးနဲ့ ရေလမ်းကြောင်းထိန်းသိမ်းရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာတော့ ဘဏ္ဍာငွေ ထည့်သွင်းထားခြင်း မရှိပါဘူး။ ကျွန်တော်တို့ ဝန်ကြီးဌာနကနေပြီးတော့ မြစ်ကမ်းပါး ကမ်းပြိုနဲ့ပတ်သက်လို့ရှိရင် ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီးရဲ့ ညွှန်ကြားချက်နဲ့ မြို့ရွာ တစ်ခု ဟာ ကမ်းပြိုတယ်ဆိုရင် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးကို ကျွန်တော် တို့က တင်ပြရပါတယ်။ မြို့နယ်အုပ်ချုပ်ရေးက သွားစစ်ဆေးပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနက ရေ အရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဝန်ထမ်းများသွားပြီး တိုင်းတာစစ်ဆေး ပါတယ်။ စစ်ဆေးပြီး လို့ရှိရင် ကျွန်တော်တို့ ဒီလုပ်ငန်းရဲ့ အတိုင်းအတာကို ပြည်နယ် သက်ဆိုင်ရာတိုင်းနဲ့ ပြည်နယ် ဝန်ကြီးချုပ်ကနေပြီးတော့ နိုင် ငံတော်သမ္မတကို တိုက်ရိုက်တင်ပြပါတ ယ်။ တိုက်ရိုက်တင်ပြရင်း နဲ့ နိုင်ငံတစ်ဝန်းကနေပြီးတော့ ဒီဟာကို ဘယ်လို ဘယ်ဘတ်ဂျက်က ကျခံဆိုပြီးတော့ ကျွန်တော်တို့ နောင်ဆိုလို့ရှိရင် ဒီလိုအ စီအစဉ်နဲ့ ဆောင်ရွက်ထား တာ ဖြစ်ပါတယ်။ တက်ရောက်လာတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျွန်တော် မေတ္တာရပ်ခံ တင်ပြချင်တာက တော့ မိမိဒေသ ၊ မိမိတို့ရပ် ရွာမှာ ဒီလိုမျိုးများ သဘာ ဝဘေးအန္တရာယ်ဖြစ်ကြောင်းများ ရှိခဲ့လို့ရှိရင် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေး အာဏာပိုင်ကတစ် ဆင့် ကျွန်တော်တို့ ဖြစ်ပျက်တဲ့ ဒီအခြေအနေပေါ့။ သို့သော်လည်း ပဲ အရေးတကြီး လိုအပ်တယ်ဆိုရင်တော့ ကျွန်တော်တို့ သက်ဆိုင်ရာအာဏာပိုင်က ချက်ချင်း နိုင်သလောက် ပြုပြင်ထိန်းသိမ်း လိုက်ပါတယ်။ ပြီးရင် ရေရှည်ကာကွယ်ရေးကတော့ အဲဒီကနေပြီးတော့ သက်ဆိုင်ရာတိုင်းဒေသကြီး ဝန်ကြီးချုပ်က တစ်ဆင့် နိုင်ငံတော်သမ္မတကို တိုက်ရိုက် တင်ပြပြီးတော့ နိုင်ငံတော်သမ္မတက ကျွန်တော်တို့ကို ဒီလုပ်ငန်းကို တိုင်းတာဖို့ ဘယ်လောက်ကုန်မလဲ။ ပြည်နယ်အစိုးရက ဘယ်လောက် ကျခံမလဲ။ ကျွန်တော်တို့ ဘတ်ဂျက် ရှိလည်း ကျွန်တော်တို့ ဘတ်ဂျက် နဲ့ပေါင်းသုံးဖို့ ဘတ်ဂျက်မရှိဘူး

ဆိုရင်လည်း နိုင်ငံတော်သမ္မတက ကျန်တဲ့ငွေကို ချပေးပြီးတော့ လုပ်ငန်းများ ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီလိုနည်းနဲ့ ကျွန်တော်တို့ လာမယ့်နှစ်မှာလည်း မြန်မာတစ်နိုင်ငံလုံးရဲ့ ကမ်းပြိုမှုကိစ္စများကို ဒီလိုဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြ တာ ဖြစ်ပါတယ်။ နောက်တစ်ခု ကတော့ ကျွန်တော်တို့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ရဲ့ မေးခွန်းကိုတော့ ကျွန်တော်တို့ တိတိကျကျ ဖြေကြားနိုင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကရင်ပြည်နယ် ဖာပွန်ခရိုင်၊ ကမမောင်း မြို့နယ်ခွဲသည် ဘားအံမြို့မှ မြစ်ညာဘက် (၃၇) မိုင်ခန့်အကွာ သံလွင်မြစ် အနောက်ဘက်ကမ်းမှာ တည်ရှိပြီး သံလွင်မြစ်ရဲ့ အရှေ့ဘက်ကမ်းနဲ့ မြစ်လယ်တွင် ကျွန်း /သောင် များ ဖြစ်ပေါ်လျက်ရှိပါသည်။ ကမ်းပါးမြေအမျိုးအစားမှာ မြေမာအမျိုးအစားဖြစ်သော် လည်း မိုးရာသီ ရေစီးအားကြောင့် နှစ်စဉ်ကမ်းပြိုမှု အနည်းငယ် ရှိကြောင်း သိရပါတယ်။ နွေရာသီ ရေစစ်ချိန်နှင့် မိုးရာသီ ရေများချိန် ရေမျက်နှာပြင်ကွာခြားချက်ဟာ (၁၅) ပေခန့်ရှိပြီး နွေရာသီ ရေနည်းချိန်မှာ ကမ်းပြိုမှု မရှိသော်လည်း မိုးရာသီ ရေများကာလများမှာ ရေနက်စီးကြောင်းသည် ကမမောင်းမြို့ဘက်ကမ်းတွင် ဖြစ်ပေါ်လျက်ရှိသဖြင့် နှစ်စဉ်ကမ်းနားတစ်လျှော က် ရေတိုက်စားခံရပြီး ကမ်းပြို မှုများဖြစ်ခဲ့ပါတယ်။ ပို့ဆောင်ရေး ဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ သံလွင်မြစ်နဲ့ ပ တ်သက်ပြီးတော့ သံလွင်တံတား အတွက် သံလွင်မြစ်ကမ်းပြိုမှုအတွက် ယခုအချိန်အထိ ကျပ်သန်းပေါင်း (၁၁၇) သန်း အကုန်အကျခံပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ သံလွင်မြစ်ရေပေါ်သောင်ရေလမ်းကောင်းမွန်ရေး ကျပ် (၃၅)သန်း ကုန်ပါတယ်။ ဘားအံ- နှစ်ခြားရေလမ်းကောင်းမွန်ရေး ကျပ် (၁၄)သန်း၊ မြ ဝတီ-သောင်ရင်းမြစ် ကျပ် (၂၄၈)သန်း ကုန်ကျခံပြီးတော့ ဘတ်ဂျက်မှာ ဆောင်ရွက်ဆဲဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ကမမောင်းမြို့နယ်ခွဲ ကမ်းပြိုကာကွယ်ရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက်ဖို့အတွက် လောလောဆယ် ဘဏ္ဍာငွေမရတဲ့အတွက်ကြောင့် အစီ အစဉ် မရှိကြောင်း ကျွန်တော်တို့ ရိုးသားစွာ တင်ပြအပ်ပါတယ်။ သံလွင်မြစ်ရေတိုက်စားပြီး မြစ်ကမ်းပါး ပြိုကျပျက်စီးမှုများကြောင့် မြစ်ကမ်းဘေးနေထိုင်သော ပြည်သူများ၏ အိမ်၊ ခြံမြေများ၊ ဆိုင်ခန်းများ တဖြည်းဖြည်း ပျောက် ကွယ်၍ အိမ်ခြေမဲ့များ ဖြစ်ပေါ်လာပါက ပြန်လည်နေရာချထားနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေး ရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် မြို့နယ် အုပ်ချုပ်ရေးမှူးထံ တင်ပြပြီး မြို့နယ် /ခရိုင် အုပ်ချုပ်ရေးမှူးများသည် မြို့နယ် /ခရိုင် မြေစာရင်းမှူးများနှင့် တိုင်းတာစစ်ဆေး၍ ပြည်နယ်အစိုးရ ထံသို့

ကျွန်တော်တို့က တင်ပြရပါ တယ်။ ပြ ည်နယ်အစိုးရမှ ပြည်ထောင်စုအစိုးရထံ တင်ပြခွင့်ပြုချက် ရယူပြီး သင့်တော်သည့်နေရာမှာ အိ မ်ခြံမြေကွက်များ ပြန်လည်နေရာချ ထားရေးအတွက် မြေကွက်ချထားရေး ကော်မတီဖွဲ့စည်းပြီးတော့ အိမ်မြေကွက်များ ချထား ပေးလျက်ရှိပါတယ်။ ကမမောင်းမြို့နယ်ခွဲ ရပ်ကွက်(၂)၊ (၉)နယ်မြေမှာရှိတဲ့ ပြည်သူ(၅၄)ဦးမှ သံလွင်မြစ်ကမ်းနဖူးတွင် နေထိုင်ကြသူများအနေနဲ့ သံလွင်မြစ်ရေတိုက်စားပြီး မြစ်ကမ်းပါးများ နှစ်စဉ်ပြိုကျမှုကြောင့် လာမည့် ၂၀၁၂ မိုးရာသီမှာ နေအိမ်များ ပြိုကျပျက်စီးပြီး အိမ်ခြေမဲ့ ဘ၀များ ရောက်ကြ ရတော့ မည့်ဖြစ်ရပ်အား သင့်တော်သလို စီမံလမ်းညွှန် ပေးနိုင်ပါရန် ၂၂-၁၂-၂၀၁၁ ရက်နေ့တွင် ကမမောင်းမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ စာရေးသားတင်ပြခြင်းနဲ့ ပတ်သက်ပြီး တော့ ဒါကတော့ ကိုယ်စားလှယ်တွေက မြို့နယ်ကို တင်ပြတာ ဥက္ကဋ္ဌကြီး ဖြစ်ပါတယ်ခင်ဗျား။ အဲဒီတော့ တင်ပြခြင်းနဲ့ပတ်သက်ပြီးတော့ ကမမောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၄-၁၂-၂၀၁၁ ရက်နေ့တွင် ဖာပွန်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦး စီးဌာနသို့ တင်ပြခဲ့ခြင်းဖြစ် ပါတယ်။ အဆိုပါ တင်ပြချက်နဲ့ ပတ်သက်ပြီးတော့ ဖာပွန်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ၂၈-၁၂-၂၀၁၁ ရက်နေ့မှာ ကမမောင်းမြို့နယ်ခွဲ အထွေထွေအုပ်ချု ပ်ရေးဦးစီးဌာနသို့ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး (ဥက္ကဋ္ဌ)၊ မြို့နယ်ခွဲပြည်သူ့ဆောက်လုပ်ရေးအင်ဂျင်နီယာ (အဖွဲ့၀င်)၊ မြို့နယ်စည်ပင်သာယာရေးအရာရှိ(အဖွဲ့၀င်)၊ မြို့နယ်ရဲတပ်ဖွဲ့မှူး (အဖွဲ့၀င်)နှင့် ကမမောင်းမြို့နယ် မြေစာရင်းဦးစီးဌာနမှူး (အတွင်းရေးမှူး)အဖြစ် မြေနေရာသစ် ကွင်းဆ င်းရှာဖွေစိစစ်ရေးအဖွဲ့ အား ဖွဲ့စည်းပြီး ကမမောင်းမြို့နယ်ခွဲ သံလွ င်မြစ်ကမ်းနဖူးနေ ပြည်သူ (၅၄)ဦး၏ တင်ပြချက် အပေါ် စနစ်တကျ စုံစမ်းစိစစ်ပြီး မိသားစု (၅၄) ဦးအား မြေနေရာချ ထားပေးနိုင်ရေးအတွက် သင့်လျော်သောမြေနေရာများကို ရွေးချယ်လျာထားပြီး သုံးသပ်ချက်နဲ့တကွ ၁၀-၁-၂၀၁၂ ရက်နေ့ မှာ ပြန်လည်တင်ပြဖို့ ကျွန်တော် တို့ ညွှန်ကြားခဲ့ ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ကမမောင်းမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေပြင် တိုင်းတာစစ်ဆေးမှုများနဲ့ စစ်ဆေးမှုများအရ ပြည်သူ(၅၄)ဦးအား နေရာချထားပေးရန် အတွက် သင့်တော်သော မြေနေရာအဖြစ် ကမမောင်းမြို့နယ်ခွဲ အမှတ် (၂)ရပ်ကွက်ရှိ အုန်းတောကွင်း၊ ကွင်းအမှတ် (OSS၁/၃)၊ ဦးပိုင်အမှတ် (၂၂)၊ (၂၇)၊ (၂၈) မြေချိန်ဧရိယာ (၇.၉၂) ဧကေရှိ လယ်မြေမှာ မြေကွက်နေရာ ချထားပေးရန် သင့်လျော်မှုရှိကြောင်း ၂၆-၁-၂၀၁၂ ရက်နေ့တွင် မြေကွက် ရှာဖွေရေးအဖွဲ့မှ ပြန်လည်တင်ပြအပ်ပါသည်။ ဖာပွန်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ

၂၇-၁-၂၀၁၂ ရက်စွဲ ဖြင့် ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံးမှ ကမမောင်းမြို့နယ် သံလွင်မြစ်ကမ်းနဖူးရှိ ပြည်သူ(၅၄)ဦးအား နေရာချထားပေးရန် လျာထားသည့် မြေဧရိယာ (၇.၉၂) ဧကသည် လယ်ယာမြေဖြစ်သော်လည်း ယခုအခါ လူနေအိမ်များ၏ အလယ်တွင် ရောက်ရှိနေသည့်အပြင် သဲဆန်သော မြေများဖြစ်ခြင်း၊ စပါးအထွက်နှုန်းနည်းသဖြင့် လယ်(၂)ဧကခန့်သာ စိုက်ပျိုးလျက်ရှိသော မြေဖြစ်ခြင်းကြော င့် ၎င်းမြေပေါ်တွင် အိမ်မြေကွက် နေရာချထားပေးရန်အသင့်လျော်ဆုံးဖြစ်ကြောင်း စိစစ်သုံးသပ်ချက်နဲ့အတူ တင်ပြလာပါတယ်။ လန (၃၉) အမှုတွဲဖွင့်လှစ်ပြီးတော့ လုပ်ထုံးလုပ်နည်းများနဲ့ အညီဆောင်ရွက်ပြီး ကမမောင်းမြို့နယ် သံလွင်မြစ်ကမ်းနဖူးတွင် နေထိုင်သည့် ပြည်သူ(၅၄)ဦးရဲ့ ဘဝရှေ့ရေးအတွက် မြေအိမ်နေရာချထားပေးရေးကို ကရင်ပြည်နယ် အစိုးရမှဆောင်ရွက်လျက်ရှိကြောင်းကို ဖြေကြားအပ်ပါတယ်။

တတိယအ မေးဖြစ်တဲ့ ရခိုင်ပြည်နယ်မှ အမျိုး သားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင် ရဲ့မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့အပတ်ထဲ မှာ ရန်ကုန်မှာ သတင်းစာရှင်းလင်းပွဲ လုပ်ပြီး ဖြစ်ပါတယ်။ ဒီကုလားတန်မြစ်ကြောင်းနဲ့ ပတ်သက်ပြီးတော့ အသေးစိတ်ကို ကျွန်တော်မတင် ပြခင်မှာ ခုနကိုယ်စားလှယ်တော်ကြီးမေးတဲ့ အမေးတွေကို တိုက်ရိုက် ရိုးရိုးရှင်းရှင်းနဲ့ ဖြေကြားရမယ်ဆိုလို့ရှိရင် နံပါတ် (၁)အချက် ဒီကုလားတန်မြစ်ဘက်စုံသုံး Multi Model Transport Project နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒီသဘာဝဘေးအန္တရာယ်ထိခိုက်မှု ရှိ /မရှိ၊ ဒေသခံလူနေတိုင်းသူပြည်သားများရဲ့ လူမှုရေး၊ စီးပွားရေး ထိခိုက်မှု ရှိ/မရှိ၊ အများပြည်သူသိရှိအောင် ရှင်းပြပေးနိုင်မည်လားဆိုတာ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ပြီးခဲ့တဲ့အပတ်ထဲမှာပဲ စနေ၊ တနင်္ဂနွေမှာ ကျွန်တော်တို့ သတင်းစာရှင်းလင်းပွဲ ရန်ကုန်မှာ လုပ်ပြီးဖြစ်ပါတယ်။ ကျ န်တဲ့မဂ္ဂဇင်းေ တွမှာလည်း ပါထားမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး တင်ပြရမယ်ဆိုရင် အဓိကကတော့ ကျွန်တော်တို့က (၂)ပိုင်းရှိပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ (၁)ပိုင်းကတော့ ကျွန်တော်တို့ ရေကြောင်းပို့ဆောင်ရေး၊ စစ်တွေမြို့ကို ကျွန်တော်တို့ ပင်လယ်ကူးဆိပ်ကမ်း တစ်ခု တည်ဆောက်ပြီးတော့ ကုလားတန်မြစ်ကြောင်းထဲသွားပြီးတော့ ကျွန်တော်တို့ ကလက်ဝဒေသတွေမှာ ကျွန်တော်တို့က သင်္ဘောနဲ့ပို့မှာဖြစ်ပါတယ်။ သင်္ဘောနဲ့ပို့တဲ့အခါမှာလည်း ဒီမြစ်ကြောင်းမှာ သွားနိုင်တဲ့ တန်ချိန် (၆၀၀) လောက်ဆံ့တဲ့ သင်္ဘောနဲ့ ကုန်ပို့ မှာ ဖြစ်ပါတယ်။ ကလက်ဝရောက်တဲ့အခါကျရင် ဒီကုန်တွေကို ကျွန်တော်တို့က သင်္ဘောပေါ်ကနေပြီးတော့ ကုန်းပေါ်ကိုချပြီးတော့ ကားလမ်းနဲ့ပို့မှာဖြစ်ပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ကတော့ ဒီဆိပ်ကမ်းမှာရှိတဲ့ အိန္ဒိယကလာတဲ့ သင်္ဘောတွေ ဆိုက်ကပ်ဖို့အတွက် ကျွန်တော်တို့ ဆိပ်ကမ်းတည်ဆောက်ခြင်း၊ နောက်တစ်ခါ Warehouse တည်ဆောက်ခြင်း ၊ အဲဒီတည်ဆောက်ပြီးတော့ အဲဒီ ဆိပ်ကမ်းမှာပဲ ကျွန်တော်တို့က ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးက ပိုင်တဲ့ သင်္ဘောနဲ့ ကလက်ဝကပို့တဲ့ ရေကြောင်းပို့ဆောင်ရေးကို ကျွန်တော်တို့က တာဝန်ယူမှာဖြစ်ပါတယ်။ နောက် ကျွန်တော်တို့က ကလက်ဝကနေပြီးတော့ မြန်မာနိုင်ငံနဲ့အိန္ဒိယနိုင်ငံနယ်စပ်ကို ကူးတော့ ဒီ Hight Way တည်ဆောက်ခြင်းကိုတော့ ကျွန်တော်တို့ ဒီဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတာဖြစ်ပါတယ်။ ကျွန်တော်တို့ ရိုးသားစွာ တင်ပြရမယ်ဆိုရင် ဆောက်လုပ်ရေးသွားတဲ့အခါမှာလည်း ကျွန်တော်တို့က မော်တော်ကားလမ်း ဖောက်ခြင်းအားဖြင့် ဒီလမ်းမှာတော့ ဘာမှ သဘာဝဘေးအန္တရာယ် မြစ်ကြောင်းတစ်လျှော က် မှာပဲ ကုလားတန်မြစ်ရဲ့ ဘေးတစ်လျှော က်က လမ်းဖောက်တာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ထူးထူးခြားခြား ကျွန်တော်တို့ သဘာဝပျက်စီး နေတာ မြေဧရိယာအကျယ်ကြီး မရှိပါဘူးလို့ ကျွန်တော်တို့ ရိုးသားစွာမြင်ပါတယ်။ နောက်တစ် ခုက ဒီစစ်တွေမြို့မှာလည်း ရေဘက်ပိုင်းဆိုင်ရာ မှာလည်း မြေ ကို Reclaim ကိုတော့ ဆိပ်ကမ်းဆောက်ခြင်းဖြစ်ပါတယ်။ သူကလွဲလို့ ကုန်း ပိုင်း ဆိုင်ရာ မြေတွေ ကျွန်တော်တို့က လုံးဝ ဝန်ကြီးဌာနအနေနဲ့သော်လည်းကောင်း လုပ်ငန်းတောင် ပတ်သက်မှု ဥက္ကဋ္ဌကြီးမရှိပါဘူး။ သို့သော်လည်းပဲ ခုနကိုယ်စားလှယ် တော်ကြီးမေးတဲ့ EIA Environmental Assessment နဲ့ Social Assessment တော့ တိုင်းတာလုပ်ထားပါတယ်။ ဒါက ကျွန်တော်တို့ ခြုံပြီးတင်ပြတာပါ။ နောက်တစ်ခုက ကျွန်တော်တို့ ခုနနံပါတ် (၂) Question ကတော့ ဒီစစ်တွေဆိပ်ကမ်းကိစ္စနဲ့ ဆက်စပ်လျက်ရှိတဲ့ ကမ်းနားပိုင်းမှာရှိတဲ့ ဒီပြည်သူများရဲ့ နေအိမ်များသိမ်းမယ်ပြုမယ်ဆိုတာဟာ လုံးဝမရှိပါဘူး။ ကျွန်တော်ရိုးစင်းစွာပြောရရင် ဒီ Project နဲ့လုပ်တဲ့ ဧရိယာအားလုံးဟာ ရေထဲမှာပဲရှိပါတယ် ကုန်းပေါ်မှာ လုံးဝမရှိပါဘူး။ ရေထဲမှာပဲ ရှိပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ကတက်ရောက်လာတဲ့ ကိုယ်စားလှယ်ကြီးအားလုံး က ကျွန်တော်တို့ ယှဉ်တွဲစွာတင်ပြချင်ရင် ကျွန်တော်တို့က ဒီ Project သည် ရခိုင်ပြည်နယ်က မြေ တစ်လက်မမှ မထိဘူး။ မြေ ပင်လယ်ထဲမှာရှိတဲ့မြေကိုပဲ Reclaim လုပ်ပြီးတော့ကျွန်တော်တို့ ဒီကိစ္စ ဆောင်ရွက်တာဖြစ်ပါတယ်။ဒါဒုတိယအမေးကိုဖြေကြားခြင်းဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ပြည်သူလူထုရဲ့ အိုးအိမ်မြေတစ်လက် မမှ သိမ်းဆည်းတာတွေမရှိပါဘူး။ ဒါကြောင့် ပြည်သူလူထု အနေနဲ့ ပူပင်စရာသောက မရှိပါဘူးလို့ ဖြေကြားချင်ပါတယ်။ ဒါက ကိုယ်စားလှယ်တော်ကြီး

မေးတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် ဒီလောက်ဖြေကြားရမယ်ဆိုရင် ရှင်းလင်းမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ရေရှည်ကတော့ ကျွန်တော်တို့က ဒီစီမံကိန်းသည် မြန်မာနိုင်ငံအတွက် ဘာအကျိုးရှိလဲဆိုတော့ အိန္ဒိယနိုင်ငံရဲ့ ပြည်နယ်ကို သွားတဲ့ လမ်းကြောင်းမှာ မြန်မာပြည် က နေပြီးတော့ ရေလမ်းသုံးခွင့်ပေးမယ် ။ ပြီးတော့ မော်တော်ကားလမ်း သုံးခွင့်ပေးမယ်။ ဒီအတွက် Transit Cargo နဲ့ပတ်သက်ပြီး ထိုက်သင့်တဲ့ အခွန်ကောက်မယ်၊ အဲဒီက ကျွန်တော်တို့ ရမှာ ဖြစ်ပါတယ်။ ပြီးတဲ့အခါကျတော့ အိန္ဒိယနိုင်ငံအနေနဲ့ သူ့ရဲ့ Logistic ကို ဗမာပြည်ထဲကနေ ဖြတ်သွားတာကြောင့်မို့လို့ သူ့အစိုးရနဲ့ သူ့ပြည်သူနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရနဲ့ မြ န်မာ နိုင်ငံပြည်သူတွေအပေါ်မှာ တောက်လျှောက်သူတို့ ကျေးဇူးတင်နေမှာဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ပြည်နယ်အတွက် ဘာအကျိုးရှိမယ် ပြောမယ်ဆိုရင် ဒီ ရေလမ်းကြောင်းကြီးဟာ ပလက်ဝနဲ့ ကျွန်တော်တို့ စစ်တွေ သွားတဲ့ တန်ချိန် (၆၀၀)လောက်ဆံ့တဲ့ Bus တွေ ကျွန်တော်တို့ သွားမှာဖြစ်ပါတယ်၊ အဲ ဒီမှာ သူ့ကု န်တွေသွားသလိုပဲ ကိုယ့်သင်္ဘော လည်း သွားလို့ရပါတယ်။ ကိုယ့်သင်္ဘောလည်းကုန်သွားလို့ရပါတယ်။ ကိုယ့်သင်္ဘောလည်းဆိုက်လို့ရတယ်။ သူ့သင်္ဘောလည်း ဆိုက်လို့ရတယ်။ သူ့အနေနဲ့ကတော့ ကုန်ကျစရိတ်စုစုပေါင်း သန်း (၁၀၀)လောက် ရင်းနှီးတာ ဖြစ်ပါတယ်။ ဆိပ်ကမ်းတည်ဆောက်တာတွေ ကျွန်တော်တို့ အပြီးလွှဲပေးမှာ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ တစ်ယောက်မှမရှိပါဘူး။ အကုန်လွှဲပြီးရင် ကျွန်တော်တို့ ဆိပ်ကမ်းကပဲ စီမံအုပ်ချုပ်မှာ ဖြစ်ပါတယ်။ နောက်ဒီတိုင်းပဲ ကျွန်တော်တို့က သင်္ဘောတွေလည်း ကျွန်တော်တို့ သင်္ဘောဆိုတာကလည်း ကုန်တင်သင်္ဘောတွေပါ။ အဲဒါလည်း ကျွန်တော်တို့ကို အပြီးလွှဲပေး မှာပါ။ စစချင်း သူတို့က ဘာဖြစ်လို့ ကျွန်တော်တို့အပေါ်မှာ ဒီလောက် သဘောထား ကောင်းပြီး တော့ လွှဲရလည်းမေးရင် ဒါသူတို့ အကျိုးစီးပွားအတွက် ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါမတည်ငွေ ထည့်ပေးတဲ့သဘောပါပဲ။ ဒါအားလုံး ကို ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။ နောက် ဟိုဘက်က ကားလမ်းနယ်နိမိတ် သွားလို့35

ရှိရင်လည်း မြန်မာနိုင်ငံရဲ့ မြော က်ဘက်အစွန်ဆုံး အိန္ဒိယနယ်စပ်က နေပြီးတော့ လမ်းဘေးမှာရှိတဲ့ မြို့ရွာတွေက နေပြီးတော့ ထွက်ကုန်အားလုံးနဲ့ ကျွန်တော်တို့ ဒီအတိုင်းပို့လာပြီးတော့ ခုန ကလက်ဝအထိ ပို့လို့ ရတယ်။ ကလက်ဝ ရေကြောင်းကနေ စစ်တွေအထိ ပို့လို့ရတယ်။ တ စ်နည်းအားဖြင့် ရခိုင်ပြည်နယ်ရဲ့ အလယ်ခေါင်မှာရှိတဲ့ ထွက်ကုန် များကို ကျွန်တော်တို့ ပင်လယ်ထွက်ပေါက်အဖြစ် ဒါ အသုံးပြုနိုင်မှာဖြစ်ကြောင်း ကျွန်တော်

ရှင်းလင်း တင်ပြအပ်ပါတယ်။ နောက်ဆုံး ကျွန်တော်တို့ ဒီ မေးခွန်းဖြစ် တဲ့ ချင်း ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆလိုင်းခွဲယန် မေးခွန်းကို ကျွန်တော် ဖြေကြား မှာ ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ရိုးသားစွာ ပြောရရင် ကျွန်တော်လည်းဒီနေရာတွေ သူတို့အောက်ခြေမှာ ကျွန်တော်မရောက်ဖူးပါဘူး။ သို့သော် လည်းပဲ ကျွန်တော်ရဲ့ ဌာနကနေပြီးတော့ အောက်ခြေမှာ သွားရောက်စစ်ဆေးပြီးတော့ ကျွန်တော် တို့ ဒီဟာ တင်ပြခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ကိုယ်စားလှယ်ကြီးမေးတဲ့ မေးခွန်းနဲ့ ပတ်သက် ပြီးတော့ ကျွန်တော် တို့ ဒီ ဖတ်ကြားပြီး ကျွန်တော် ဖြေကြားမှာ ဖြစ်ပါတယ်။ အဲဒီတော့ လေးမြို့ မြစ်က ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မတူပီမြို့နယ်၌ မြစ်ဖျားခံ၍ ရခို င်ပြည်နယ်၊ ပေါက်တောမြို့ အောက်ဘက်တွင် ကုလားတန်မြစ်အတွင်း စီးဝင်ပါသည်။ မြစ်၏အလျားမှာ (၁၆၂)မိုင်ရှိပြီး မြစ်ကြောင်းတစ်လျှောက် မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်နှင့် ပေါက်တောမြို့များအတွင်း ဖြတ်သန်းစီးဆင်းကာ လေးမြို့မြစ်ကြောင်းတစ်လျှောက် စစ်တွေမြို့မှပေါက်တောမြို့အထိ (၁၆)မိုင်၊ စစ်တွေမြို့မှ မင်းပြားမြို့အထိ(၄၀)မိုင် ဝေးပြီး ပုဂ္ဂလိက အမြန်ယာဉ်များ ပုံမှန်ပြေးဆွဲတဲ့ ရေကြောင်း ဖြစ်ပါတယ်။ လေးမြို့မြစ်နှင့် ၎င်း၏မြစ်လက်တက်များသည် ပလက်ဝ မြို့နယ် အလယ် ကြောမှ တောင်မြောက် ဆက်စပ်ပေးနိုင်ရန် သဘာဝအားဖြင့် တည်ရှိလျက်ရှိရာ လေးမြို့မြစ်ကြောင်း တစ်လျှောက် ရခိုင်ပြည်နယ်မှ ပလက်ဝမြို့နယ်၊ ပိုင်ချောင်း (ခေါ်) ပင်းချောင်းအတွင်းသို့ ပီကုန်း အထိ စက်တပ်လှေငယ်များ သွားလာသော ရေလမ်းကြောင်းတစ်ခုလည်း ဖြစ်ပါတယ်။ မြစ်၊ ချောင်းများတွင် သဘာဝအရ စီးဆင်းလျက်ရှိသော ရေကြောင်း၊ ရေလမ်းများကို ပိုမို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် လက်ရှိရေကြော င်းအား ပြုပြင်ခြင်းဆောင်ရွက်မည် ဆိုပါက အဆိုပါ ဒေသ၏ သ ဘာဝပတ်ဝန်းကျင်နှင့် လူနေမှုသဘာဝ များ ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေသည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရပါမည်။ ထိုသို့ဆောင်ရွက်ရာတွင် နည်းပညာနှင့်ငွေကြေးအမြောက် အမြားသုံးစွဲရပါမည်။ ထို့အပြင် သဘာဝရေကြောင်း၊ ရေလမ်းများ၏ ဖြစ်စဉ်သဘောတရားအရ ပြုပြင်လိုသည့် ရေလမ်းအပိုင်းကို ကွက်၍ ပြုပြင်ဆောင်ရွက်ခြင်းကြောင့် ရေလမ်းကြောင်း တစ်လျှောက်တွင် ဖြစ်ပေါ်နိုင်သည့် အခြားကျိုးကြောင်းဆက်များကိုလည်း ထည့်သွင်းတွက်ချက်၍ ဖြစ်နိုင်ခြေရှိသော ကိစ္စရပ်များအားလုံးကို အသေးစိတ်ကြိုတင် လေ့လာတွက်ချက်ပြီး အားနည်း ချက်၊ အားသာချက်များ ဖော်ထုတ်ကာ ဆိုးကျိုး အနည်းဆုံးနှင့် အကျိုးရှိမှု အများဆုံး နည်းလမ်း များကို ရှာဖွေဆောင်ရွက်မှာဖြစ်ပါတယ်။ ထို့ကြောင့် သဘာဝအတိုင်းစီးဆင်းနေသည့် ရေကြောင်း၊

ရေလမ်းများအား ပြုပြင်ရန် စဥ်းစားဆောင်ရွက်ရာတွင် သဘာဝကို ဆန့်ကျင်မှု မပြုသင့်သကဲ့သို့ ငွေကြေးကုန်ကျမှု အလွန်များပြားနိုင်ပါသဖြင့် စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ /မရှိ၊ လူမှုရေး အရ ဖြစ်ထွန်းလာမည့် အကျိုးကျေးဇူး ပမာဏများ တွက်ချက် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

လွှတ်တော်ကို ယ်စားလှယ်မှ မေးမြန်းတင်ပြသည့် ပင်းချောင်းအထက်ပိုင်းရှိ ကျောက်ဆောင်အား ဖယ်ရှားမည်ဆိုပါက ရေနေသတ္တဝါများ ထိခိုက်ပျက်စီးနိုင်သကဲ့သို့ အဆိုပါ နေရာတွင် ကျောက်စွယ်အား ဖယ်ရှားပြီးပါက ရေစူးနည်းပါးပြီး ကုန်စည်အနည်း ငယ်သာ တင်ဆောင်သွားလာနိုင်သည့် စက်တပ်လှေငယ်များသာ သွားလာနိုင်မည် ဖြစ်ပါ၍ နိုင်ငံတော်မှ စိုက်ထုတ်သုံးစွဲကုန်ကျမည့် ဘဏ္ဍာငွေအား ဒေသအတွင်း ပိုမိုအကျိုးဖြစ်ထွန်းမည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံစေခြင်းအားဖြင့် ဒေသအတွက် ပိုမိုအကျိုးရှိမှာ ဖြစ်ပါတယ်။ ပို့ ဆောင်ရေးဝန်ကြီး ဌာန၊ ရေအရင်းအမြစ်နှင့်မြစ် ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အနေဖြင့် တစ်နိုင်ငံလုံးရှိ မြစ်ကြီးများမှာရေယာဥ်ကြီး/ငယ်များသွားလာနိုင်ရေး၊ ရေလမ်းကြောင်း(Navigable Waterways) များကိုသာ အဓိကထားပြီး ကျွန်တော်တို့ ရရှိတဲ့ ခွင့်ပြုရန်ပုံငွေပေါ်ကို မူတည်ပြီးတော့ ပြုပြင် ထိန်းသိမ်းပေးလျက်ရှိပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ စင်ကီတောင်အုပ်စု၊ ပီကုန်းရွာ အထက်ရှိ လုံပုတ် နှင့် အွေကြည်ရွာနားရှိ ထိုက်ဘီပရောင်တွင် ကျောက်ဆောင်များဖယ်ရှားပြီးရေကြောင်းကောင်းမွန် အောင် ဆောင်ရွက်မည့် အစီအစဥ်အား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ရန် မရှိပါ ကြောင်းနဲ့ အဆိုပါအခြေအနေအား အထက်ဖော်ပြပါ အခြေအနေအားလုံးအပေါ် ကွင်းဆင်း တိုင်းတာစစ်ဆေးပြီး ထွက် ပေါ်လာမည့် အခြေအနေအား အထက်အဖွဲ့ အစည်းအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေး ဇူး တင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးရဲ့ ဖြေကြားချက် အရ ရေလမ်းကြောင်း ထိန်းသိမ်းတဲ့ ကိစ္စမှာ ပို့ဆောင်ရေးဝန်ကြီးဌာနက မိမိတို့ ပို့ဆောင်ရေး ရေယာဥ်များအတွက်သာ ဒါ တာဝန်ရှိပြီးတော့ ပို့ဆောင်ရေးဝန်ကြီးဌာနက မိမိရဲ့ ရှာဖွေတဲ့ဝင်ငွေအပေါ်မှာ ရပ်တည်ရင်း နိုင်ငံတော်အတွက် 40 Billion ရှာပေးနေရတဲ့အတွက် လူနေအိမ်ခြေမြို့ပြဆိုင်ရာ ကမ်းပြိုတဲ့ကိစ္စတွေကို ဆောင်ရွက် နိုင်ခြင်းမရှိဘူး။ လွှတ်တော်ကိုယ်စားလှယ်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာ နနဲ့ ဆက်သွယ်ပြီး ဆောင်ရွက်ပါဆိုတဲ့အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကြည့်တဲ့ အခါကျတော့ ဖွဲ့စည်းပုံအခြေခံ

ဥပဒေ ၉၆ မှာ ဒါ ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေပြုခွင့် ပေးထားတာရှိပါတယ်။ ဒီ ပေးထားတာ ဇယား(၁)၊ ဇယား (၂)ကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်၊ ရေလမ်းကြောင်း ထိန်းသိမ်းရေးဟာ တိုင်းဒေသကြီးနဲ့ပြည်နယ် ဥပဒေပြုခွ င့်မှာ မပါဘူး။ ပြည်ထောင်စုဥပဒေ ပြုခွင့်မှာ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးကဏ္ဍ၊ (က) ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး၊ (ခ) ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊ (ဂ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေး ဒါတွေက ပြည်ထောင်စုရဲ့ ဥပဒေပြုခွင့်မှာ ပါ ပါတယ်။ ပါတယ်ဆိုတဲ့ အခါကျတော့ အရင်လည်း ဦးမျိုးမြင့် တို့ ဒါ ရေထိန်းသိမ်းဖို့၊ နောက် ဦးစိုးမြင့်တို့ Taming the river မြစ်ကို ယဉ်ပါးအောင်လုပ်ဖို့ဆိုတဲ့ကိစ္စ ဥပဒေပြုဖို့လိုပြီဆိုတဲ့ အချက်က သွားတွေ့ပါတယ်။ ဒီရေကြောင်း သယ်ယူပို့ဆောင်ရေး သင်္ဘောတွေ သွားဖို့လာဖို့သာမက မြစ်ကမ်းပါး မှာ အခြေတည်ပြီးတော့ ဖွံ့ဖြိုးစည်ပင်နေတဲ့ မြို့ကြီးတွေ၊ ရွာကြီးတွေကိုလည်း ကာကွယ်ပေးဖို့ ဆိုတာ ဒီဥပဒေထဲမှာ ပါလာဖို့ လိုပြီဆိုတာကို သွားတွေ့ရ ပါတယ်။ ဒါကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဒီဥပဒေကြမ်း ဖြစ်ပေါ်လာရေးကို ဥပဒေကြမ်းကော်မတီကနေ ခေါင်းဆောင်ပြီးတော့ ကြိုးစားဖို့ လိုပါတယ်။ နောက်တစ်ခုကတော့ လတ်တလောကိစ္စပေါ့။ ခုန ကျွန်တော် တင်ပြတဲ့ ဥပဒေပြုရေး ဆိုတာတော့ ရေရှည်ကိစ္စဖြစ်ပါတယ်။ လတ်တလောကိစ္စမှာ အဆိုအနေနဲ့ ပြောင်းလဲပြီး တင်ဖို့ လိုပါတယ်။ ဧရာဝတီ မြစ်ကြောင်းဆို မြစ်ကြောင်းကြီး တစ်ခုလုံး၊ ချင်းတွင်းမြစ်ကြောင်းဆို မြစ်ကြောင်းကြီးတစ်ခုလုံးဆိုတာ ဥဒေပိုင်းမှာထားလိုက်၊ ဘယ်မြို့ဘယ်ရွာဘယ်နေရာ ဘယ်ဒေသ၊ ဒီမြို့ကို ရေတိုက်စားမှုနှုန်းက ဘယ်လောက်ရှိနေတယ်။ အန္တရာယ်တွေ ဘယ်လောက်ရှိနေတယ်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေ အန္တရာယ်တွေ ဘယ်လောက်ရှိနေတယ်။ အဆိုအနေနဲ့ တင်လို့ရပါတယ်။ အဲဒီတော့ အဆိုအနေနဲ့တင်လို့ အတည်ပြုတယ်ဆိုရင် အစိုးရက ဘတ်ဂျက်ချ ပေးပြီးတော့ ဒါကို သက်ဆိုင်ရာဝန်ကြီး ဌာနက ဥပမာ ပို့ဆောင်ရေးကိုပဲ ခိုင်းချင်လည်းခိုင်းမယ် ။ ဒီကိစ္စဟာသူကျွမ်းကျင်တဲ့ ဌာနဖြစ်တယ်။ သို့သော်သူ့အတွက်က ဘတ်ဂျက်အတွက် သူစဉ်းစားစရာ မလိုတော့ဘူး။ ပြည်ထောင်စုအစိုးရအဖွဲ့က တစ်ခါတည်း ဒီဝန်ကြီးဌာနကို ချပေးလိုက်မှာ ဖြစ်တဲ့ အတွက် နောင်ကို ဖြစ်နိုင်ရင် ဓာတ်ပုံတွေ ဘာတွေနဲ့ သက်သေခံအထောက်အထားဓာတ်ပုံတွေနဲ့ ဒီလိုလေး တောင်းလာခဲ့ ပါ။ တောင်းလိုက်ပြီး ဒီလိုလေး Slight ထိုးပြပါ။ ပြီးရင် ဓာတ်ပုံတွေကို လွှတ်တော်ရုံးကို အပ်ပါ။ နောက်ပိုင်း မှာ ကျွန်တော်တို့က ဒီဂျာနယ် ထုတ်ဖို့ရှိပါတယ်။ ဂျာနယ် ထုတ်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တင်ပြချက်ကို သက်သေခံသော ဓာတ်ဖွဲ့တတ်တမ်း

များ၊ Document တွေကို ကျွန်တော်တို့ အဲဒီဂျာနယ်ထဲမှာထည့်ဖို့ ခိုင်မာကြောင်း ပြချင်တာပေါ့။ ဒါမှပိုပြီးတော့ စိတ်ဝင်စားမှုရှိ မယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်တွေ ဒီလိုကိစ္စတွေရှိတဲ့ အခါမှာ ကျွန်တော်ပြောသလို မြစ်ကြောင်းကြီးတစ်လျှောက်လုံးမဟုတ်ဘဲနဲ့ လိုအပ်တဲ့နေရာကိုပဲ ဓာတ်ပုံအထောက်အထားနဲ့ ရိုက်ပြီးတော့ ဒီမှာ Slide ထိုးပြီးတော့ အဆို အဖြစ် တင်သွင်းခြင်း အားဖြင့် ဒီအဆိုအတည်ဖြစ်တဲ့အခါမှာ အစိုးရကဆောင်ရွက်ပေးရမယ့် အနေအထားရှိတဲ့အတွက် လတ်တလောကိစ္စတွေ ဒီလိုဆောင်ရွက်ပါ။ ရေရှည်ကိစ္စတွေကိုတော့ ဥပဒေပြုတဲ့အခါမှာ မြစ်ကြောင်းသွားလာရေးအပြင်ကို မြစ်ကမ်းပါးမှာ တည်ရှိပြီးတော့မှ အမြစ်တွယ်၍ ဖွံ့ဖြိုးစည်ပင် နေတဲ့ မြို့ရွာနဲ့ အိမ်ခြေများ ၊ဒီလူသားများကို ကာကွယ်ရေးအတွက်ပါ ဒီဥပဒေမှာ ထည့်သွင်း ရေးဆွဲနိုင်ဖို့ ပညာရှင်တွေနဲ့ ဝိုင်းဝန်းတိုင်ပင်ပြီးတော့ ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက မေးမြန်းသည့် မေးခွန်းများသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒု တိယဝန်ကြီး တစ်ဦးတည်းက ဖြေကြား ရမယ့် မေးခွန်းတွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ က သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ထားဝယ်-မေတ္တာလမ်း ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းဆွေ က ထားဝယ် -မေတ္တာလမ်း ပြုပြင်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဦးသန်းဆွေ ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ ဖြစ်ပါတယ်။ ကျွန်တော်က ထားဝယ် -မေတ္တာလမ်း ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထားဝယ်-မေတ္တာလမ်းဟာ ထားဝယ် ရဲ့ အရှေ့ဘက် (၃၃)မိုင် (၇)ဖာလုံလောက်ရှိတဲ့ လမ်းပိုင်း ဖြစ်ပါတယ်။ မေတ္တာ ရွာ အခုဆိုရင် မြို့နယ်ခွဲ ပေးပါ တယ်။ ဒါကြောင့် ထားဝယ် -မေတ္တာလမ်း ကောင်းသည့်အပိုင်းက (၄)မိုင် (၅)ဖာလုံ ပဲရှိပြီးတော့ သင့်သည့်အပိုင်းက (၁၃)မိုင် (၅)ဖာလုံ၊ ညံ့တဲ့အပိုင်း က (၁၅)မိုင် (၃)ဖာလုံ ရှိတယ်ဆိုတာ ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။ တစ်ခါ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ထားဝယ်-မေတ္တာလမ်း အတွက် ရန်ပုံငွေတွေဟာ အောက်ပါအတိုင်းဖြစ်တယ်ဆိုတာလည်း တိုင်းဒေသကြီးရုံးမှာသွားရင်း လေ့လာလို့တွေ့ရပါတယ်။ ထားဝယ်မြို့နယ် အတွက်က (၁၀၅.၇၆၅) သန်း၊ မေတ္တာမြို့နယ်ခွဲ အတွက်က (၂၇.၃၆၂၅)သန်း ချပေးထားတာ တွေ့ရပါတယ်။ အဲဒီတော့ ဒီ မေတ္တာမြို့နယ်ခွဲဟာ ထားဝယ်ရဲ့ (၃၃)မိုင် (၇)ဖာလုံမှာ ရှိတဲ့အခါမှာ ဒါက ဗြိတိသျှခေတ်က ဒီမေတ္တာ၊ ပကာရီ၊ ကျောက်မဲတောင်၊ တောင် သုံးလုံး၊ ဟိန်းဒါးဆိုတဲ့ နေရာတွေဟာ ဒီ ဗြိတိသျှတွေရဲ့ သတ္တုတွင်း နေရာတွေ ဖြစ်တဲ့အတွက် သူတို့ရဲ့ ကျွန်တော်တို့ ဆီက ထုတ်လုပ်သွားတဲ့ သတ္တုတွေ သယ်ဖို့ အတွက် သူတို့က ဒီလမ်းကို အင်မတန်ကောင်း ကောင်း ဖောက်ခဲ့ပါတယ်။ ဒီဟာ မေတ္တာမြို့နယ်ခွဲ ဟိုတုန်းကတော့ရွာပေါ့လေ။ အဲဒါကလည်း ကျွန်တော်တို့ တောင်ပေါ်ပိုင် မေမြို့လို တောင်စခန်း မြို့ပါ။ ဒါကြောင့် ကျွန်တော်တို့ လမ်းတွေဟာလည်း မေမြို့ လမ်းလို (၃)ထပ်လမ်းတွေ ဘာတွေ ဖြစ်ပါတယ်။ အဲဒီတော့ ဒီ ဗြိတိသျှတွေ ဖောက်ခဲ့တဲ့လမ်းဟာ ကျွန်တော်တို့ ဒီဘက်ခေတ်အထိ အင်မတန်မှကောင်းပါတယ်။ ဘယ်လောက်အထိလည်း ဆိုရင် လွန်ခဲ့တဲ့ ၂၀၀၈-၂၀၁၀ ခုနှစ်က ကျွန်တော်တို့ ဒီလမ်းအပေါ် သွားတဲ့အခါမှာ လမ်းကြီးဟာ အကောင်းကြီးပကတိ၊ ဒါပေမဲ့ အခု ၂၀၁၂ သွားတဲ့အခါမှာတော့ အင်မတန် ဆိုးဆိုးရွားရွားအခြေအနေ ရောက်နေတာတွေ့ရပါတယ်။ ဥပမာ ထားဝယ်ကနေ (၁၀)မိုင်ပဲ ဝေးတဲ့ ပကာရီကို ဟိုတုန်းက ကျွန်တော်တို့ မိနစ်(၃၀) လောက် နဲ့ ကားမောင်းသွားနိုင်ပေမယ့် အခု (၁)နာရီလောက် မောင်းသွားတဲ့အခြေအထိ ဆိုးသွားပါတယ်။ ဘာကြောင့် ဒီလောက်နှစ်တိုတိုအတွင်းမှာ ဆိုးသွားသလဲဆိုတော့ အဲဒီ အခု သစ်ထုတ်လုပ်ရေး ကားတွေကြောင့် ဆိုးတယ်လို့ တွေ့ရှိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီကိစ္စကို တနင်္သာရီတိုင်း ဒေသကြီး ဝန်ကြီးချုပ်ရုံးမှာ ကျွန်တော်တို့ ဆွေး နွေးပါတယ်။ အဲဒီတော့ ဒါကြောင့်လည်း ကျွန်တော်တို့ဟာ အခုလို ဒီကို တနင်္သာရီတိုင်းဒေသကြီးက ဝန်ကြီးချုပ် ရဲ့ တင်ပြပေးပါ ဆိုတဲ့ အတွက်ကြောင့် ကျွန်တော် ဒါ လွှတ်တော်ကတစ်ဆင့် တင်ခြင်းဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ထားဝယ်-မေတ္တာလမ်းကို ခုနက ကျွန်တော်တင်ပြသလို ရန်ပုံငွေ ၂၀၁၁-၂၀၁၂ မှာ ချပေးထားတာ လေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့ ထားဝယ် -မေတ္တာလမ်း ရဲ့ မိုင် (၁.၅)မိုင်ကိုတော့ သာမန်ပြင်ဆင်ထိန်းသိ မ်းတယ်ဆိုပြီးတော့ (၁၂.၁၈၇၅)သန်းချပေး ထားတာတော့ ရာခိုင်နှုန်းအပြည့် ပြီးစီးတယ်လို့ သတ်မှတ်ထားတာ တွေ့ရပါတယ်။ နောက်တစ်ခါ မိုင်တိုင် (၂.၂၃)မှာတော့ ကျပ်သန်းပေါင်း (၃)သန်း ချပေးပေမယ့် ပြီးစီးနှုန်းဟာ (၅၀)ပဲ တွေ့ရပါ တယ်။ နောက်ပိုင်းက ချပေးတဲ့ငွေတွေဟာ တိုင်းဒေသကြီးရုံးမှာ ကြည့်တဲ့အခါမှာ (၁၄.၅၀)သန်း၊ (၁၄.၆၅)သန်း၊ (၂၀)သန်း၊ (၆.၉၀)သန်း အဲဒီလောက် ချပေးတဲ့ နေရာပိုင်းတွေကိုတော့ သူက ပစ္စည်းစုဆဲ၊ ပစ္စည်းစုဆဲချည်းပဲ ပြထားပါတယ်။ နောက် (၁၂.၇၀)သန်း ချပေးတဲ့နေရာမှာတော့ ရာခိုင်နှုန်း(၃၀) ပြီးတယ်လို့ ပြထားပြီးတော့ (၁၆.၅၄)သန်း ချပေးတဲ့နေရာမှာတော့ ရာခိုင်နှုန်း (၁၅) ရာခိုင်နှုန်းပြီးတယ်လို့ပဲ ပြတယ်။ နောက်တစ်ခါ ဟာမြင်းကြီးနဲ့ ပကာရီ လမ်းပိုင်းမှာတော့ (၅.၂၈၇၅)သန်းချပေးပြီး ရာခိုင်နှုန်း(၃၀)ပဲပြီးတယ်လို့ ပြထားပါတယ်။ အဲဒီတော့ ဒါတွေကြည့်ခြင်း အားဖြင့် ထားဝယ်-မေတ္တာလမ်း ပြုပြင်ဆောင်ရွက်ခြင်းဟာ အင်မတန်မှ အလွန်နှေးကွေးနေတာကို တွေ့ရတယ်လို့ အခု ကျွန်တော်ဒီမေးခွန်းကို ကျွန်တော်မေးခြင်းဖြစ်ပါတယ်။ ဒီ သစ်ထုတ်လုပ်ရေး ကားများကြောင့် လမ်းပျက်ရတာနဲ့ ပတ်သက်ပြီးတော့ ဒီကိစ္စကတော့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ ညှိပြီးလို့ ဒါကတော့ အဲဒီ တိုင်းဒေသကြီးပိုင်းက သူတို့ ဒီသစ်ထုတ်လုပ်ရေးကားတွေနဲ့ သူတို့ ဆက်သွယ်ပြီးတော့ စီစဉ်ပေးပါလိမ့်မယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမှာ မေးခွန်း မေးချင်တာကတော့ ဒီဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဒီ ထားဝယ် -မေတ္တာလမ်းကို ပြုပြင် ပေးရန် အစီအစဉ် ရှိ /မရှိ ဆိုတဲ့နေရာမှာ ပြုပြင်ပေးရန် အစီအစဉ် ရှိတာတော့ ကျွန်တော် တွေ့ပြီးပါပြီ။ ဒါပေမဲ့ အင်မတန်နှေးကွေးနေတဲ့အတွက် အဲဒီကိစ္စလေးကို မြန်မြန်ဆန်ဆန်လေး ဆောင်ရွက်ပေးဖို့ ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ လေးစားပါတယ်။

**ဟသ်ာတ-ညောင်တုန်း-ရန်ကုန် လမ်းမကြီးပေါ်ရှိ ဇလွန် -ခနေဖြူ-ကြိမ်ပင်ဆည် လမ်းပိုင်း ပြင်ဆင် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ၊** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆ န္ဒနယ်အမှတ်(၄)မှ ဦးညွန့်လှိုင် က ဟသ်ာတ -ညောင်တုန်း-ရန်ကုန် လမ်းမကြီးပေါ်ရှိ ဇလွန် -ခနေဖြူ-ကြိမ်ပင်ဆည်

လမ်းပိုင်း ပြင်ဆင်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေး မြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဦးညွန့်လှိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တ ကွ ပြည်ထောင်စုဝန်ကြီး အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရ ဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ အမျိုးသားလွှတ် တော် ကိုယ်စားလှယ် ဦးညွန့်လှိုင် ဖြစ်ပါတယ်။ ကျွန်တော်ထင်ပြမှာကတော့ ဟင်္သာတ-ညောင်တုန်း-ရန်ကုန် လမ်းပေါ်မှာ ရှိတဲ့ ဇလွန်၊ ဓနုဖြူ ကြိမ်ပင်ဆည်လမ်းပိုင်းမှာ ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိပဲ ဖြစ်ပါတ ယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဟင်္သာတ -ညောင်တုန်း-ရန်ကုန်လမ်းမကြီးပေါ်မှာရှိတဲ့ ဇလွန်၊ ဓနုဖြူ ကြိမ်ပင်ဆည်လမ်းဟာ (၃၅)မိုင်နဲ့ (၇)ဖာလုံ ရှိပြီးတော့ ယခင်က ဆောက်လုပ်ရေး အထူးအဖွဲ့(၄)မှ ကတ္တရာလမ်းခင်းပြီးသည်အထိ လုပ်ပြီး ဖြစ်ပါတယ်သို့သော်လည်းပဲ ၂၀၀၈ ခုနှစ် နှစ်လယ်ပိုင်းကစပြီးတော့ ဒီလမ်းပျက်စီးလာတာ ယနေ့တိုင်ပဲ ဖြစ်ပါတယ် ။ အဲဒီတော့ ကျွန်တော်တို့ ၂၀၁၀ ခုနှစ်က SAME SKY ကုမ္ပဏီကို B.O.T စနစ်နဲ့ လွှဲ ပြောင်းပြီးတော့ လမ်းကြေးများကောက်ခံပြီး လုပ်ဆောင်ခဲ့သော်လည်း လမ်းပြီးမြောက်မှုမရှိဘဲနဲ့ ဆောက်လုပ်ရေး ဝန်ကြီးဌာနကို ပြန်လည်အပ်ခဲ့ပါတယ်။ ထို့အတူပဲ TWP ကုမ္ပဏီကိုလည်း ဆက်လက်အပ်နှံခဲ့ပြီး လုပ်ဆောင်ခဲ့သော်လည်း လမ်း ကြေးများကောက်ခံပြီး လမ်းများ ကောင်းလာခြင်း မရှိတဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနကို ပြန်လည်အပ်နှံခဲ့ပြီး ယခုလက်ရှိ ဒီလမ်းကို ကျွန်တော်တို့ မည်သည့် အခါမှာ ဒီလမ်းကို ပြီးစီးသည်အထိ လုပ်ဆောင်သွားမယ်ဆိုတဲ့ဟာကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်သူလူထုက သိလိုပါ၍ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**မိုးရွာသွန်းမှုကြောင့် ပျက်စီးသွားသော ဒေသတွင်း ကျောက်ခင်းလမ်းများကို ပြန် လည် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ၊** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးဝင်းသိန်း က မိုးရွာသွန်းမှုကြောင့် ပျက်စီးသွားသော ဒေသတွင်း ကျောက်ခင်းလမ်းများကို ပြန်လည် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။ ခွင့်ယူထားတာဖြစ်တဲ့အတွက် ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးက နှုတ်နဲ့ ဖြေကြားဖို့ မလိုပဲ စာဖြင့် ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မော်တင်စွန်း - ဟိုင်းကြီး မြစ်ကူးတံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ၊** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုးဟန်လင်း က မော်တင်စွန်း - ဟိုင်းကြီး မြစ်ကူးတံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။ ဒီမေးခွန်းလည်း အလားတူ စာနဲ့ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။ နှုတ်နဲ့ ဖြေကြားရန် မလိုပါဘူး။

**မူဆယ်မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ၊** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစိုင်းဝင်းမောင် က မူဆယ်မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြ ည်ထောင်စုဝန်ကြီးများ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ် ခွန်းဆက်သ ဂါရဝပြုရင်းနဲ့ အားလုံး စိတ္တသုခ၊

ကာယသုခ နှစ်ဖြာသောသုခအပေါင်းနဲ့ ပြည့်စုံခဲ့ကြပါစေလို့ ဆုမွန်တောင်းလိုက် ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အမှတ် (၅) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ပြည်ထောင်စုအစိုးရက တာဝန်ယူ၍ အာဆီယံစံချိန်စံညွှန်း နှင့်အညီ မူဆယ်မြို့ ရှောင်လမ်း တစ်လမ်း ဖောက်လုပ်ပေးမည့် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့် မေးခွန်းကို အချိန်ကို သက်ညှာသောအားဖြင့် ကျွန်တော့်အား ဖတ်ကြားခွင့်ပြုပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မူဆယ်မြို့ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရေမြေချင်း ထိစပ်နေတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ မူဆယ်မြို့ဟာ ခရိုင်မြို့ ဖြစ်လာပြီးတဲ့နောက်ပိုင်း နှစ်နိုင်ငံအစိုးရများအကြား၊ နှစ်နိုင်ငံပြည်သူများအကြား ကုန်စည်ကူးသန်းရောင်းဝယ်ဖလှယ်မှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင်မြင် ဖြစ်ထွန်း လာတာကို တစ်တိုင်းပြည်လုံးအသိဖြစ်ပါတယ်။ ထိုသို့ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ အလျင်အမြန်တိုးတက်ဖြစ်ထွန်းလာသည့်နှင့်အမျှ ရပ်ဝေးရပ်နီးတို့မှ ပြည်ထောင်စုဖွားဆိုင်းရင်းသား များသည်လည်း မူဆယ်မြို့နှင့်အနီးတစ်ဝိုက်တွင် အလုအယက် အခြေချနေထိုင်ရန် လာရောက် ခြင်း၊ ရောင်းဝယ်ဖောက်ကားရန် လာရောက်ခြင်းများကြောင့် နယ်စပ်မြို့တစ်မြို့၏ စည်ကားသင့် စည်ကားထိုက်သော အတိုင်းအတာထက် သာလွန်ပြီး စည်ကား နေပါတယ်။ မူဆယ်မြို့ စည်ကား လာသည့်အတွက် အများပြည်သူတို့ ဝမ်းသာပီတိဖြစ်ရပါသော်လည်း (၁)ယခုအခါ မူဆယ်မြို့တွင်း အထူးသဖြင့် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်လမ်းများ၌ ယာဉ်ကြီး၊ ယာဉ်ငယ်ယာဉ်လတ်များ အသွားအလာ ပွတ်သိပ်နေခြင်းကြောင့် မကြာခဏ ယာဉ်တိုက်မှုများ ဖြစ်ပွားခြင်း၊ (၂)တရုတ်ပြည် နယ်စပ်မြို့တစ်မြို့ဖြစ်သော ကျယ်ခေါင်မြို့ ကုန်တင် /ကုန်ချကွင်းသို့ ကုန်တင်ပို့သော ကုန်တင် ယာဉ်ကြီးများသည် မြို့ရှောင်လမ်း မရှိသည့် အတွက် မူဆယ် (၁၀၅)မိုင်မှ မူဆယ် မြို့အဝင် မုခ်ဦးအထိ ပြည်ထောင်စုလမ်းမကြီးအတိုင်းလာရပြီး ကုန်တင်ယာဉ်ကြီးများသည် အာဆီယံစံနှုန်း နှင့်အညီ ကုန်တင်ရခြင်းကြောင့် ထိုလမ်းမကြီးပေါ်၌ ယာဉ်ကြီးများ အရေအတွက် ပိုများပြား လာခြင်း၊ ယာဉ်ကြီး၊ ယာဉ်ငယ်၊ ယာဉ်လတ်တို့ အမြန်နှုန်းမြှင့်ပြီး အလုအယက် သွားလာနေခြင်း ကြောင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပေါ်ခြင်း၊ ဥပမာအားဖြင့်၁-၁-၂၀၁၂ ရက်နေ့ ကျွန်တော်တို့ ကမ္ဘာ့နှစ်ဆန်း(၁)ရက်နေ့မှာ ကုန်တင်ယာဉ်ကြီး (၁)စီးနဲ့ ဆိုင်ကယ် (၁)စီး တိုက်မိပြီးတော့မှ လူ တစ်ယောက် သေပါတယ်။ အဲဒါကို ကျွန်တော်ကိုယ်တိုင်တွေ့ပြီးတော့ ဓါတ်ပုံလည်း ရိုက်ခဲ့ပါတယ်။

(၃) ကုန်တင် ယာဉ်ကြီးများအတွက် မူဆယ်မုခ်ဦးမှစ၍ မြို့ပတ်လမ်း (ဟိုနားလမ်း) ရှိသော်လည်း ၎င်းလမ်းသည် (၂)မိုင် (၃)ဖာလုံသာ ရှည်ပြီး မူဆယ် မြို့ ကောင်းမှု လုံရပ်ကွက်ကို ဖြတ်သော ပြည်ထောင်စုလမ်းမကြီး၌ပင်လျှင်(ပြည်ထောင်စုလမ်းမကြီး+ မြို့ပတ်လမ်းအဖြစ်) မူဆယ်-မန့်ဝိန်း-ကျယ်ခေါင် ကုန်တင် ကုန်ချကုန်ဂိတ်အထိ (၁) မိုင်ကျော်ခန့် ကားကြီး၊ ကားငယ်များ လမ်းနှင့် မမျှ အောင်သွားလာ၍ လမ်းပိတ်ဆို့မှု များဖြစ်ပေါ်ခြင်း၊ အရေးပေါ်မီးသတ်ကားများ သွားလာရန် အလွန်ခက်ခဲခြင်း(၄) မူဆယ်မြို့ အဝင် Asia World ဂိတ်၌လည်း ကုန်တင်ယာဉ်ချိန် ကတ္တား(၂)ခု ရှိနေ၍ ကုန်တင်ယာဉ်ကြီးများ လမ်းကိုညှပ်ကာ စောင့်ဆိုင်းနေရခြင်းကြောင့် လမ်းကြောပိတ်ခြင်း၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာရန် ခက်ခဲခြင်း၊ (၅) ထိုသို့ မူဆယ်မြို့ဝင်မုခ်ဦး တစ်နေရာနှင့် မြို့ပတ်လမ်း(ဟိုနားလမ်းဆုံ) မန့်ဝိန်းဂိတ်အထိ တစ်နေရာတို့ စုစုပေါင်း (၂)နေရာ ယာဉ်ကြီး၊ ယာဉ်ငယ်၊ ယာဉ်လတ်များ အများအပြား ပွတ်သိပ်ပြီး လမ်းအားပိတ်ဆို့ နေခြင်းကြောင့် ဒေသခံ ပြည်သူများနှင့် နှစ်နိုင်ငံ ခရီးသွားဧည့်သည်များအတွက် သွားလာရေးတွင် အနှောင့် အယှက် ဖြစ်ပေါ်ခြင်း၊ မလိုအပ်သောရန်လိုမှုများဖြစ်ပေါ်ခြင်း၊ မလိုအပ်သော ယာဉ်တိုက်မှုများ အချိန်မရွေး ဖြစ်ပေါ်နိုင်ခြင်း၊ (၆) တစ်ဖက်နှင့်တစ်ဖက် ဖြတ်သန်းသွားလာနိုင်ရန် တစ်နာရီခန့် အချိန်ယူ စောင့်ဆိုင်းနေရခြင်းကြောင့် ကုန်သည်များအတွက်ကုန်စည်စီးဆင်းမှုနှေးကွေးခြင်းစတဲ့ အခက်အခဲ များနဲ့ ကြုံတွေ့နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ တိုင်းပြည်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကိုမျှော်ကိုးပြီး တော့ မူဆယ် (၁၀၅)မိုင်မှ မူဆယ်-မန့်ဝိန်းဂိတ် အထိ (၈ မိုင်)ခန့် ခရီးအကွာအဝေးကို အာဆီယံ စံချိန်စံညွှန်းမီမီ မူဆယ်မြို့ရှောင်လမ်းမကြီးတစ်လမ်းအဖြစ် ပြည်ထောင်စုအစိုးရက တာဝန်ယူ ဖောက်လုပ်ပေးသင့်ပါကြောင်းနှင့် ထိုသို့ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ /မရှိ ကို မေးမြန်းလို သဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မင်းတပ်-မတူပီကားလမ်း လမ်းမကြီးမိုင်တိုင် (၃၇) မိုင်အထိ ဖောက်လုပ်ထားသည့် ရေရှောင် ဗျူဟာလမ်းအားအဆင့်မြှင့် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ၊** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးဟာရှိန်းဘွေ က မင်းတပ်-မတူပီကားလမ်း လမ်းမကြီးမိုင်တိုင်(၃၇)မိုင်အထိ ဖောက်လုပ်ထားသည့် ရေ ရှောင် ဗျူဟာလမ်းအား အဆင့်မြှင့်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဦးဟာရှိန်းဘွေ ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)။** ။ လေးစားအပ်ပါ တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မင်းတပ်မြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ထီးလင်းမြို့ မှ မင်းတပ်မြို့နယ်၊ ရွှေအောင်သာရွာ၊ မနာတာရွာ၊ ပလိပ်ထွီရွာ၊ မသူးရွာ၊ ချပ်ရွာ များကိုဖြတ်ပြီး၊ မင်းတပ်မတူပီ ကားလမ်းမကြီး မိုင်တိုင် (၃၇) မိုင်အထိ ဖောက်လုပ်ထားသည့် ရေရှောင်လမ်းဗျူဟာလမ်းအား အဆင့်မြှင့်ဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ထီးလင်းမြို့မှ မင်းတပ်မြို့နယ်ရှိ ကျေးရွာများကိုဖြတ်သန်းပြီး မင်းတပ် မတူပီ ကားလမ်းမကြီးရှိ မိုင်တိုင် (၃၇) မိုင် သို့ ဖောက်လုပ်ထားပြီး မတူပီမြို့သို့ ချောင်းမဖြတ်ဘဲ ခင်ရိုးအတိုင်း သွားရောက်နိုင်သည့် ဗျူဟာလမ်းကို နိုင်ငံတော်မှ မြေနီလမ်းမှ ကျောက်လမ်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ပါက မတူပီမြို့မှ(၃၇)မိုင် ထီးလင်း-ဂန့်ဂေါ သို့လည်းကောင်း၊ ဂန့်ဂေါ မှ ကလေး၊ ဂန့်ဂေါ မှ ပခုက္ကူ မုံရွာအထိ အလွယ်တကူ သွားလာနိုင်မယ့် ရေရှောင်လမ်း ကောင်းတစ်ခု ဖြစ်မှာဖြစ်ပါတယ်။ နယ်စပ်ဒေသဝန်ကြီးဌာနမှ ပလိတ်ထွီ-မသူးရွာကြား ကျောက်ခင်း ထားပြီးလည်း ဖြစ်ပါတယ်။ လမ်းတာချဲ့ပြီး ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်း ရယူသွားနိုင်မယ်ဆိုရင် နိုင်ငံတော်အတွက် သော်လည်းကောင်း၊ ဒေသခံပြည်သူ များရဲ့ ဒေသ ဖွံ့ဖြိုးရေးကိုသော်လည်းကောင်း များစွာ အထောက်အကူပြုမယ့် လမ်းတစ်လမ်း ဖြစ်ပါတယ်။

ထို့ကြောင့် ထီးလင်းမှ ရွှေအောင်သာ၊ မနာတာရွာ၊ ပလိပ်ထွီရွာ၊ မသူးရွာ၊ ချပ်ရွာ များ ဖြတ်လျက် မင်းတပ်-မတူပီ ကားလမ်းမကြီး မိုင်တိုင် (၃၇) မိုင်တွင် ဆုံအောင် ဖောက်လုပ်ထားပြီး၊ ယင်းမှ မတူပီမြို့သို့ အချိန်တိုအတွင်း သွားလာနိုင်ပြီး ဖြတ်လမ်းကောင်းတစ်ခု ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ဂီရိမုန်တိုင်းအတွင်းမှာ မိုးများပြီး ပလိပ်ထွီ၊ မနာတာရွာ၊ မသူးရွာ၊ ချပ်ရွာများကြားမှာရှိတဲ့ လမ်းဟာ မြေသားအားလုံး မိုးထဲ ပါသွားပါတယ်။ ၂၀၁၁ ခုနှစ် ပွင့်လင်းရာသီမှာ ကျေးရွာအုပ်စု(၄)အုပ်စုမှ တစ်လအတွင်း အပြီးပြန်လည် ဖောက်လုပ်ပြီး ဂျစ်ကားများ ပြန်လည်သွားလာနိုင်အောင် ဆောင်ရွက်ထားပြီးလည်း ဖြစ်ပါတယ်။ ယင်းလမ်းကို မင်းတပ်မြို့နယ်အတွင်း ကျေးရွာပေါင်း (၄၅)ရွာနဲ့ ကျေးရွာအုပ်စု (၉)အုပ်စုမှလည်း နွေ၊ မိုး၊ ဆောင်း ဂျစ်ကားလို င်းများ မြို့နဲ့ ဆက်သွယ်ပြေးဆွဲပြီး အားကိုးအားထားပြုရတဲ့ လမ်း တစ်လမ်းလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မတူပီမြို့မှ မင်းတပ်မြို့သို့ (၁၀၂) မိုင်၊ မင်းတပ်မှ ကျောက်ထု (၁၈) မိုင်၊ ကျောက်ထုမှ ထီးလင်း (၂၅)မိုင်၊ စုစုပေါင်း မတူပီမှ မင်းတပ်မြို့ကို ဖြတ်ပြီး ကျောက်ထု၊ ထီးလင်းသို့သွားမယ်ဆိုရင် မိုင်ပေါင်း(၁၄၅) မိုင်ရှိပြီး၊ ကုန်းဖိုချောင်း၊ မောချောင်း ချောင်းနှစ်ချောင်း ကို ဖြတ်ရမှာ ဖြစ်ပါတယ်။ မတူပီမြို့မှ (၃၇) မိုင် ဖြတ်လမ်းကနေပြီးတော့မှ ထီးလင်းမြို့ကို ချောင်းမဖြတ်ဘဲ မိုင်ပေါင်း (၁၁၀) မိုင်သာ ရှိမှာဖြစ်ပါတယ်။ နောင်မှာ နိုင်ငံတော်အတွက် အရေးပါတဲ့ ရေရှောင်လမ်းတစ်ခု ဖြစ်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်မှာလည်း ဗျူဟာလမ်းအဖြစ် ယခင်က လမ်းဟောင်းကို ပြန်လည်ဆက်လက်ပြီး ဖောက်လုပ်ထားတဲ့ လမ်းလည်း ဖြစ်ပါတယ် ။ ဒါကြောင့် ထီးလင်း -ရွှေအောင်သာ (၃၇)မိုင် မတူပီကားလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းရယူပြီး အဆင့်မြှင့်တင်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၂၈။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဒီနေ့မှာ တင်ပြထားတဲ့ မေးခွန်း(၆)ခုအနက် ကိုယ်စားလှယ်တော် (၂)ဦး ကြွရောက်လာခြင်း မရှိတဲ့အတွက် (၄)ခုကို ဒီမှာ ပြန်လည်ဖြေကြားပြီးတော့ (၂)ခုကို စာနဲ့ ပြန်လည်ဖြေကြား တ င်ပြမှာဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ မှ မေးမြန်းတဲ့ ထားဝယ် -မေတ္တာလမ်း လွန်စွာ ပျက်စီးယိုးယွင်းနေသည်ကို သိရှိပါသလား။ သိရှိရင်မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုသည့် မေးခွန်းနဲ့ ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ထားဝယ်-မေတ္တာလမ်းဟာ အရှည် (၃၃) မိုင် (၇) ဖာလုံ ရှည်လျားပြီး တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်မြို့နဲ့ မေ တ္တာမြို့တို့ကို ဆက်သွယ်ထားတဲ့လမ်း ဖြစ်ပါတယ်။ ထားဝယ်-မေတ္တာ-ဆင်ဖြူတိုင်မှ ထိုင်း နိုင်ငံနဲ့ ဆက်စပ်တဲ့ လမ်းပိုင်း ဖြစ်တဲ့အတွက် ဒေသ အတွင်း အရေးပါတဲ့လမ်းပဲ ဖြစ်ပါတယ်။ နှစ်စဉ်ရရှိတဲ့ ငွေလုံးငွေရင်း ရန်ပုံငွေ၊ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများနဲ့ ကတ္တရာလမ်းအဆင့် ဆောင်ရွက်ထားခဲ့သော်လည်း ယခုနှစ် ရွာသွန်းတဲ့ မိုးရေချိန်များပြားမှုကြောင့် မိုး ရွာသွန်းမှု ရက်များသွားမှုကြောင့် လမ်းပေါ်တွင် ရေကြီးမှု(၃)ကြိမ် ဖြစ်ခဲ့ပါတယ်။ ရေနစ်မြုပ်တဲ့အချိန် ကြာမြင့်တဲ့အတွက် လမ်းသားအောက်ခြေ ရေစိမ့်ဝင်မှု ဖြစ်ပေါ်ပြီးတော့ အချိန်တိုအတွင်မှာ လမ်းသားများ ပျက်စီးသွားရတာဖြစ်ပါတယ်။ ဒီလမ်းနဲ့ပတ်သက်ပြီးတော့ ၃၁-၅-၂၀၁၁ ရက်နေ့အထိ လမ်းအခြေအနေမှာ ထားဝယ်မြို့နယ်အပိုင်း မိုင်(၀/၅) မှ (၂၅)မိုင် မှာ (၂၂)ပေ အကျယ် ကတ္တရာလမ်း (၃)ဖာလုံ၊ (၁၂)ပေ အကျယ် ကတ္တရာ လမ်း(၂၄)မိုင် စုစုပေါင်း (၂၄)မိုင်(၃)ဖာလုံရှိပါတယ်။မေတ္တာမြို့နယ်ခွဲအပိုင်း မိုင်၂၅)မှ(၃၄)အတွင်းမှာ(၁၂)ပေလမ်းအကျယ် ကတ္တရာလမ်းအဆင့် (၉)မိုင် (၄)ဖာလုံ ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများနဲ့ ဆောင်ရွက်တဲ့လုပ်ငန်းများ နှေးကွေးနေခြင်းကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီမှာ ဆောင်ရွက်တဲ့ လုပ်ငန်းများနဲ့ ပတ်သက်လို့ ကတော့

လမ်းပေါက်များ ကတ္တရာလောင်းပြီး အကြီးစား ပြုပြင်ဖို့ဖာထေးခြင်းလုပ်ငန်း (၁၉)မိုင် (၄)ဖာလုံ ဖြစ်ပါတယ်။ ခွဲကျောက်၊ သဲကျောက်၊ ချောင်းကျောက် တို့နဲ့ ဖြည့်ကြိတ်ခြင်းလုပ်ငန်း(၁)မိုင် (၁)ဖာလုံ ဖြစ်ပါတယ်။ တံတားပြင်ဆင်ခြင်း (၁)စင်း ဖြစ်ပါတယ်။ ရေ ထုတ်ပြွန် တည်ဆောက်ခြင်း (၂)စင်း ဖြစ်ပါတယ်။ ကျောက်စီမြေထိန်းနံရံတာည်ဆောက်ခြင်း (၁)ခုတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရေကြီးနစ်မြုပ်မှုကြောင့်ဖြစ်ပေါ်ခဲ့တဲ့ ချိုင့်ကြီးများ၊ လမ်းပေါက်များမှာလည်း ကျောက်ခင်းဖြည့်ကြိတ်ခြင်း၊ လမ်းမျက်နှာပြင် ညှိခြင်း၊ ကြိုတင်ရော ကျောက်ကတ္တရာ လမ်းပေါက်များ ဖာထေးခြင်း၊ တံတားများ ပြုပြင်ဆောင်ရွက်ခြင်း၊ ရေမြောင်းများတူးခြင်း စသည့် ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိတဲ့အတွက် ယာဥ်များ ယခင်ကထက် လွယ်ကူ ချောမွေ့စွာ သွားလာလျက်ရှိပါတယ်။ ထားဝယ် -မေတ္တာလမ်းအပိုင်းမှာ သစ်လုံးတင် ယာဥ်အချို့ သွားလာလျက်ရှိတဲ့အတွက် မိမိလမ်းအပိုင်းမှ သွားလာခြင်းမပြုစေရန် ရှောင် ကွင်းလမ်းများ ဖောက်လုပ်ပြီးတော့သွားစေရန် သက်ဆိုင်ရာ သစ်တောဦးစီးဌာနမှတစ်ဆင့် ကုမ္ပဏီသို့ တားမြစ် ပိတ်ပင်ထားပါတယ်။ ဒေသခံများကလည်း ဝိုင်းဝန်းထိန်းသိမ်းမှသာ မိမိဒေသ အတွင်းလမ်းများ ဆက်သွယ်မှု မပြတ်တောက်မှာ ဖြစ်ပါတယ်။ ထားဝယ် -မေတ္တာလမ်းအပိုင်းဟာ တနင်္သာရီတိုင်း ဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့ လမ်းဖြစ်တဲ့အတွက် လမ်းအဆင့်မြှင့်တင်ခြင်းနဲ့ ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ တင်ပြတောင်းခံသွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်လှိုင် မှ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မေးမြန်းသော ဟင်္သာတ-ညောင်တုန်း-ရန်ကုန် လမ်းမကြီးပေါ်ရှိ ဇလွန် -ခနေဖြူ-ကြိမ်ပင်ဆည်လမ်း အပိုင်း ပျက်စီးနေမှုအား ပြင်ဆင်ဆောင်ရွက်ပေးနိုင်မည့် အစီအစဥ် ရှိမရှိ သိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဇလွန်-ခနေဖြူ-ကြိမ်ပင်ဆယ် လမ်းဟာ အရှည် (၃၅) မိုင် (၇) ဖာလုံ ရှိပါတယ်။ ဧရာဝတီမြစ် အနောက်ဘက်ခြမ်း ဧရာဝတီတိုင်းဒေသကြီးအတွင်း အရေးပါတဲ့ ဟင်္သာတ-ညောင်တုန်း-ရန်ကုန်လမ်းနဲ့ ဟင်္သာတ-ခနေဖြူ-ပုသိမ်လမ်း ဆက်သွယ်တဲ့ ဒေသအတွင်းမှာ ကျရောက်တဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ ဒါ့အပြင် ယခင်တည်ဆောက်ပြီး ဧရာဝတီမြစ်ကူးတံတား

(ဗိုလ်မြတ်ထွန်း)နဲ့ မကြာခင်က တည်ဆောက်ဖွင့်လှစ်လိုက်တဲ့ ဧ ရာဝတီတံတား (ညောင်တုန်း) တံတားအသစ်ကြီးများ ရှိတဲ့အတွက် ပိုမိုအရေးပါတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆက်သွယ်မှုမပြတ်တောက်စေရေးနဲ့ ချောမွေ့စွာ သွားလာနိုင်ရေးကို အစဉ်တစိုက် ထိန်းသိမ်းဆောင်ရွက်နေတဲ့ လမ်းလည်းဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ မေလမှာ တိုက်ခိုက်ခဲ့တဲ့ မုန်တိုင်းဒဏ်ကြောင့် လမ်းတစ်လျှောက် ရေလွှမ်းမိုးခဲ့ပြီး ကျောက်လမ်းပျက်အဆင့် ပြန်လည်ရောက်ရှိခဲ့ပါတယ်။ ဝန်ကြီးဌာနမှ ဆက်သွယ်သွားလာမှု ပြန်လည်ချောမွေ့စေရေး လမ်း တည်ဆောက်ရေး အထူးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ပြင်ဆင်ထိန်းသိမ်းစေခဲ့ပါတယ်။ ၃၁-၅-၂၀၁၁ ရက်နေ့မှာ လမ်းအခြေအနေကတော့ ကတ္တရာလမ်း (၁၃)မိုင် (၃.၅) ဖာလုံ ရှိပါတယ်။ ကျောက်လမ်း (၂၂) မိုင် (၃.၅) ဖာလုံ ရှိပါတယ်။ စုစုပေါင်း မိုင်ပေါင်းဟာ (၃၅) မိုင် (၇) ဖာလုံ ရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်း၊ တံတားများ အချိန်တိုအတွင်း တိုးတက် စေရေးအတွက် နိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များကို B.O.T စနစ်နဲ့ဆောင်ရွက်ခဲ့ရာမှာ ၁၇-၅-၂၀၁၀ ရက်နေ့မှာ SAME SKY ကုမ္ပဏီနဲ့ စတင်ဆောင်ရွက်ခဲ့ တာဖြစ်ပါတယ်။ အဲဒီအခါမှာလည်းပဲ SAME SKY ကုမ္ပဏီအနေနဲ့ ပျက်စီးမှုများပြားခြင်း၊ ရေဝင် ဧရိယာ ဖြစ်ခြင်း၊ ယာဉ်ကြီးများသွားလာမှု များပြားခြင်းတို့ကြောင့် ဆောင်ရွက်ရမယ့်ပမာဏ များပြား သည့်အတွက် ရင်းနှီးမြှုပ်နှံမှု လုံလောက်မှု မရှိ၍ ၁၀-၉-၂၀၁၀ ရက်နေ့မှာ လုပ်ငန်းဆက်လက် လုပ်ကိုင်ခွင့်ကို ပြန်လည်အပ်နှံခဲ့တာဖြစ်ပါတယ်။ ထို့အတူပဲ TWP ကုမ္ပဏီကိုလည်း ၂၁-၁-၂၀၁၁ ရက်နေ့မှာ B.O.T စနစ်နဲ့ ဆောင်ရွက်ရန် ခွင့်ပြုခဲ့သော်လည်း လုပ်ငန်းပမာဏ များပြား ၍ ဆောင်ရွက်နိုင်မှု အားနည်းသည့်အတွက် ၂-၁၁-၂၀၁၁ ရက်နေ့မှာ လုပ်ငန်းများ ပြန်လည်အပ်နှံခဲ့ ပါတယ်။ ဒါကြောင့်မို့၂၁-၁၂-၂၀၁၁ ရက်နေ့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၄)သို့ လုပ်ငန်းတာဝန် ပေးအပ်ခဲ့ပါတယ်။ လမ်းဆောက်လုပ်ရေးအထူးအဖွဲ့(၄) ဟာ ကြိမ်ပင်ဆည်-ခနေ့ဖြူ-ဇလွန်လမ်း (၃၅) မိုင် (၇)ဖာလုံအား ရာသီမရွေးသွားလာနိုင်ရေးအတွက် ပထမအဆင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရန်၊ ဒုတိယအဆင့် ချောမွေ့စွာ သွားလာနိုင်ရေး ဆောင်ရွက်ရန်နှင့် တတိ ယအဆင့် အဆင့်အတန်းမီ လမ်းတစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စနစ်တကျစီမံချက်များရေးဆွဲတင်ပြခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကြိမ်ပင်ဆည်-ခနေ့ဖြူ-ဇလွန်လမ်းဟာ ပြည်ထောင်စု လမ်းမကြီးမှာ ပါဝင်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲ တဲ့ လမ်းအပိုင်း

ဖြစ်ပါတယ်။ ပဉ္စမကာလတို (၅)နှစ်စီမံကိန်းမှာ ထည့်သွင်းရေးဆွဲထားတဲ့ စီမံကိန်းဝင် လမ်းလည်း ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း(၁၀၀၀) လျာထားငွေဖြင့် မြေသားတာဘောင်အားလိုအပ်သော ရေဆင်းရရှိရန်ဖြည့်ခြင်း၊ လက်ရှိလမ်းအား ခွဲကျောက်များဖြင့် လိမ်ကျောခုံးရရှိရန် ပုံဖော်၍ (၁၂)ပေအကျယ် ကတ္တရာခင်းခြင်း၊ ရေပိတ်လွှာလောင်းခြင်း၊ လမ်းဘေး ဝဲ /ယာ လမ်းပ ခုံးနှင့် ရေမြောင်းများ ဆောင်ရွက်ခြင်းများကို (၂)မိုင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အလားတူပဲ လမ်းဘေး ဝဲ/ယာ လမ်းနှုတ်ခမ်းပဲ့တဲ့ နိမ့်ကျွံ ချိုင့်ပေါက်များကိုလည်း ခွဲကျောက်ဖြည့်ခင်း၍ ကတ္တရာခင်းခြင်း၊ ရေပိတ်လွှာလောင်းခြင်းကို (၆)မိုင် (၅)ဖာလုံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထို့အတူပဲ မူလ ကတ္တရာလမ်းပျက်များကို ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို (၁)မိုင် (၁) ဖာလုံ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် (၅)ပေ အကျယ်(၂၈)ပေအရှည်ရှိတဲ့ သံကူကွန်ကရစ် ရေထုတ်ပြွန်(၂)စင်းတို့ကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဇလွန်-ခနေဖြူ-ကြိမ်ပင်ဆည် လမ်းအပိုင်းအား နှ စ်စဉ်စီမံချက်အရ ရန်ပုံငွေများ တင်ပြတောင်းခံ၍ အဆင့်မြှင့်တင် သွားမှာဖြစ်ကြောင်း ရှ င်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ဆက်လက်ပြီးတော့ တတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် မှ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မေးမြန်းသော မူဆယ် (၁၀၅)မိုင်မှ မူဆယ် -မန့်ဝန်းဂိတ်အထိ (၈) မိုင်ခန့် ခရီးအကွာ အဝေးကို အာဆီယံ စံချိန်စံညွှန်းမီမီ မူဆယ်မြို့ရှောင်လမ်းမကြီးအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနား လမ်းအပိုင်းမှာ ပြည်ထောင်စု လမ်းမကြီးဖြစ်ပြီး မူဆယ်မြို့အတွင်း (၂၈၂) မိုင်မှ (၂၈၄/၆) မိုင် အထိ အရှည် (၂)မိုင် (၆) ဖာလုံ ဖြတ်သန်းသွားပါတယ်။ မူဆယ်မြို့အဝင် Asia World ဂိတ်တွင် လက်ရှိ ကုန်ချိန်ကတ္တား အသွားတစ်ခု၊ အပြန်တစ်ခု တပ်ဆင် ပြီး ကုန်တင်ယာဉ်ကြီးများ စောင့်ဆိုင်းရခြင်း၊ လမ်းကြောပိတ်ခြင်း၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာရန် ခက်ခဲခြင်း မဖြစ်စေရန် အဆိုပါ Toll Gate အား အတက်နဲ့ အဆင်းတွင် မူလကတ္တား (၂)ခုအပြင် နောက်ထပ် ကတ္တားတစ်ခုစီ ထပ်မံတပ်ဆင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ မြို့အဝင်မုခ်ဦးမှ ကျယ်ခေါဂိတ်အထိ (၂)မိုင်(၃)ဖာလုံ ရှည်လျားသော ကုန်ကားများသွားတဲ့လမ်းကိုလည်းပဲ မြို့တွင်းရှောင်ကွင်းလမ်းအား ယခုအခါမြို့နယ်စည်ပင်သာယာရေး

အစီအစဉ်ဖြင့် သိန်းသန်းချီ ကုမ္ပဏီမှ စာချုပ်ချုပ်ဆို၍ (၁၂)လက်မထု ကွန်ကရစ်အလွှာနှင့် (၁)လက်မထု ကတ္တရာကွန်က ရစ်အပွန်းခံလွှာ တည်ဆောက်လျက်ရှိပါတယ်။ မူဆယ်မြို့နယ် အတွင်း မူဆယ်မြို့အဝင် ဆိုင်းဘုတ်မှ ရထိုက်လမ်းဆုံအထိ မြို့ပတ်လမ်း (၂)မိုင်(၃)ဖာလုံအား ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရန်အတွက် မြေတိုင်းတာခြင်း၊ မြေစမ်းသပ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ (၂၄)ပေအကျယ် ကွန် ကရစ်လမ်းခင်းခြင်း၊ Box Culvert (၇)ခု တည်ဆောက်ခြင်း၊ လမ်းဘေး (၂)ဖက်တွင် ရေမြောင်းပေရှည် (၁၂၅၄၀)ပေ တူးဖော်ခြင်းနှင့် ရေမြောင်းဖုံးများ ပြုပြင်ခြင်းလုပ်ငန်း၊ Guard Post အမှတ်အသားပြဆိုင်းဘုတ်၊ ရောင်ပြန် မီးပွိုင့်များ တပ်ဆင်ခြင်းလုပ်ငန်းများအတွက် ကျပ် (၁၆၈၅.၅)သန်း ကုန်ကျခံ၍ မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ သိန်းသန်းချီဆောက်လုပ်ရေး ကုမ္ပဏီနှင့် B.O.T စနစ်ဖြင့် (၆)လအတွင်း အပြီးတည်ဆောက်သွားမှာဖြစ်ပြီး၊ ပြီးစီးပါက မူဆယ်မြို့တွင်း ပြည်ထော င်စုလမ်းမကြီးတလျှောက် ယာဉ်သွားလာမှုများ အထိုက်အလျောက်ချောင်ချိ အဆင်ပြေသွားမှာဖြစ်ပါကြောင်း တင်ပြပါတယ်။ သို့ပါ၍ မူဆယ် (၁၀၅)မိုင် မန့် ဝိန်းဂိတ်အထိ (၈)မိုင်ခန့် ခရီး အကွာအဝေးသို့ မူဆယ်မြို့ရှောင် လမ်းအဖြစ်ဖောက်လုပ်ပေးရန် လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း တင်ပြအပ်ပါ တယ်။ မူဆယ်ဂိတ်တွင် အတက် (၁၀၅)မိုင်၊ နယ်စပ်ကုန်သွယ် ရေးဂိတ် မှ မန့်ဝိ န်း(တရုတ်ပြည်) ဖက် သွားလမ်းတွင် ကတ္တားချိန်တွယ်သည့် (၁)လမ်းနှင့် ယာဉ်ငယ်သွား (၁)လမ်းရှိပြီး အဆ င်း မန့်ဝိန်းတရုတ်ပြည်ဘက်မှ (၁၀၅)မိုင် နယ်စပ်ကုန်သွယ် ရေးဂိတ်သို့ သွားလမ်းတွင် ကတ္တရာ ချိန်တွယ်သည့် (၁)လမ်းနှင့် ယာဉ်ငယ်သွား (၁)လမ်းရှိပါတယ်။ သို့ဖြစ်ပါ၍ မူဆယ်ဂိတ်တွင် ကတ္တားချိန်တွယ်သည့် လမ်း (၂)လမ်း ၊ ယာဉ်ငယ်သွား (၂)လမ်း စုစုပေါင်း (၄)လမ်းရှိပါတယ်။ မူဆယ်ဂိတ်မရောက်မီ (၁၀၅) မိုင်ရှိ နယ်စပ်ကုန်သွယ်ရေးဂိတ်သည် ယာဉ်များကို နေ့စဉ် နံနက် ၆း၀၀ အချိန်မှ စတင် ၍ သွားလာခွင့်ပြုပြီး ည ၉း၀၀ နာရီတွင် ယာဉ်ဖြတ်သန်းမှု ပိတ်ကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ နံနက်ပိုင်းတွင် နယ်စပ်ကုန်သွယ်ရေးဂိတ်ဖွင့်ပြီး ဖြတ်သန်းခွင့်ရသော ယာဉ်များသည် နံနက် ၁၀း၀၀ မှ ၁၁း၀၀ နာရီခန့်အတွင်း အတက်/အဆင်း ယာဉ်ကြောများပြားခြင်း နှင့် ညနေပိုင်းတွင် ဂိတ်မပိတ်မီ အချိန်မီသွားကြရသဖြင့် ညနေ ၃း၀၀ နာရီ မှ ၅း၀၀ နာရီအတွင်း အတက်/အဆင်း ယာဉ်များပြားကြောင်း သိရှိရပါတယ်။ ယာဉ်များမှာ ဂိတ်ဖွင့် / ဂိတ်ပိတ်ချိန်များ နှင့် တွက် ချက်သွားလာကြသဖြင့် အလုအယက် မောင်းနှင်ကြသောကြောင့် ယာဉ်ကြောများ ပိတ်ဆို့မှု ဖြစ်တတ်ကြောင်း သိရှိရပါတယ်။ ကျန်အချိန်များမှာ ယာဉ်ကြော ပိတ်ဆို့မှု မရှိကြောင်း

သိရှိရပါတယ်။ နံနက်ပိုင်းတွင် ကုန်တင်ယာဉ်ကြီး (၁၀၀)စီးခန့်နှင့် ယာဉ် ငယ် (၁၅၀)စီးခန့် အသွားအလာ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပြီး ညနေပိုင်းတွင် ကုန်တင်ယာဉ်ကြီး (၆၀) ခန့်နှင့် ကားငယ် (၁၀၀)စီး ခန့် စုပြုံ၍ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်တတ်ကြောင်း သိရှိရပါတယ်။ ယာဉ်ကြောပိတ်ဆို့မှုမှာ Toll Gate မှ စစ်ဆေးမေးမြန်းတားဆီး၍ ယာဉ်ကြောပိတ်ဆို့မှုမဟုတ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ စတုတ္ထမေးခွန်းဖြစ်တဲ့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ မှ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မေးမြန်းသော ထီးလင်းမြို့နယ်မှ မင်းတပ်မြို့နယ်ရွှေတောင်သာရွာ၊ မနာတာရွာ ပလိပ်ထွီရွာ၊ မသူးရွာ၊ ချ ပ်ရွာများကို ဖြတ်ပြီး မင်းတပ် -မတူပီကားလမ်းမကြီး မိုင်တိုင် (၃၇)မိုင် အထိ ဖောက်လုပ်ထားသည့် ရေရှောင်လမ်းဗျူဟာလမ်းအား အဆင့်မြှင့်ဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်အတွင်းရှိ မင်းတပ် -မတူပီ လမ်းရဲ့ မိုင်တိုင်(၃၅)မိုင်မှ ထီးလင်းမြို့နယ်၊ ရွှေအောင်သာရွာအထိ ဖောက်လုပ်ထားသော ဂျစ်ကားလမ်း မှာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ဖောက်လုပ် ထားတဲ့ လမ်းဖြစ်ပါတယ်။ ကျေးရွာများဖြစ်တဲ့ မနာတာ၊ ပလိပ်ထွီ၊ မသူး ၊ ချပ်ရွာ များဟာ ထီးလင်းမြို့နယ်ရှိ ရွှေအောင်သာ ကျေးရွာနှင့် ဆက် သွယ်သော ကျေးရွာ ချင်းဆက်လမ်းသာ ဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီး ဌာနမှ ဆောက်လုပ်နေသောလမ်းများ ဖြစ်ပါတယ်။ မင်းတပ်-မတူပီကားလမ်းမှာ မင်းတပ်မှ မိုင်တိုင်(၃၇)မိုင် လမ်းဆုံအထိသည် ကတ္တရာခင်းပြီးသော လမ်းဖြစ်၍ ပျမ်းမျှယာဉ်မောင်းချိန် (၂)နာရီခန့်သာ ကြာပါတယ်။ မင်းတပ်မှ ကျောက်ထုမြို့ အထိသည် (၁၈)မိုင် ကွာဝေး၍ ကတ္တရာခင်းပြီးသော လမ်းဖြစ်ပါတယ်။ ယာ ဉ်မောင်းချိန် (၁)နာရီ ခန့်သာရှိ ပါတယ်။ ကျောက်ထုမြို့မှ ရွှေအောင်သာ ကျေးရွာအထိ (၁၃)မိုင်ခန့်သာရှိပြီး ယာဉ်မောင်းချိန်(၄၅)မိနစ်ခန့်သာရှိရာ ယခု တင်ပြတဲ့ မင်းတပ်-မတူပီလမ်းခွဲမှ ရွှေအောင်သာရွာ အထိ အကွာအဝေးမှာ (၆၈)မိုင်ခန့်သာ ကွာဝေးပြီး ယာဉ်မောင်းချိန် (၃)နာရီ၊ (၃၀)မိနစ်ခန့်သာ ကြာမြင့်ပါတယ်။ အဆိုပါ လမ်းပေါ်ရှိ တံတားများ တည်ဆောက်ပြီးကြောင်းနှင့် လတ်တလော

အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၄ င်းလမ်းအား သိမ်းသွင်းရန် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ရန် အစီအစဉ် မရှိသေးကြောင်း တင်ပြအပ်ပါတယ်။ ဒီဟာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ လမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက သိမ်းသွင်းဖို့နဲ့ပတ်သက်ရင်အခြေခံမူလ အားဖြင့် သက်ဆိုင်ရာမူလတာဝန်ယူထားတဲ့လမ်းကနေပြီးတော့ ဒါကိုလွှဲပြောင်းပါ့မယ်ဆိုတဲ့စာနဲ့ ပြည်နယ်ဝန်ကြီးချုပ်ထံကို တင်ပြရမှာ ဖြစ်ပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်ကမှတစ်ဆင့် နိုင်ငံတော် အစိုးရအဖွဲ့သို့ တင်ပြပြီးတဲ့အခါမှာ နိုင်ငံ တော်အစိုးရအဖွဲ့မှ ဆောက်လုပ်ရေးဝန် ကြီး ဌာနအား သိမ်းသွင်းနိုင်ခြင်း ရှိ/မရှိ မေးမြန်းတဲ့အခါမှာမှ ကျွန်တော်တို့က ဆောင်ရွက်နိုင်ခြင်းဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ယခုလိုကျွန်တော်မေးခွန်း(၄)ခုအား ရှင်းလင်းတင်ပြခွင့် ရတဲ့ အတွက် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးအား အထူးကျေးဇူး တင်ရှိပါကြောင်း ရိုသေလေးစားစွာ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ရှိပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စား သုံးဆောင်ဖို့ အစည်းအဝေးကို ရပ်နားပါမယ်။ နေ့လယ် ၁၃း၀၀ နာရီအချိန်မှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး၊** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး၊** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၅၅ နာရီတွင် ခေတ္တရပ်နားပြီး နေ့လယ် ၁၃း၀၀ နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဝင် က ကော်မတီ၏အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးဉာဏ်လင်း က ကော်မတီရဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၁။**

**ဦးဉာဏ်လင်း။ (အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဝင်)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က တော့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ကော်မတီကိုယ်စား ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှာ မေးမြန်းခဲ့ တဲ့ မေးခွန်းများ၊ တင်သွင်းခဲ့ တဲ့ အဆိုများနဲ့ ပတ်သက်ပြီး အ စီရင်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများနှင့် ပတ်သက်၍ အစီရင်ခံစာ

## နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅ (က)၊ အမျိုးသားလွှတ်တော် ဥပဒေပုဒ်မ ၂၁ နှင့် အမျိုးသားလွှတ်တော် နည်းဥပဒေအပိုဒ် ၇၁ နှင့် ၇၃ တို့အရ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး အမျိုးသားလွှတ်တော် အစည်းအဝေးများတွင် ကိုယ်စားလှယ်များမှမေးမြန်းသည့် မေးခွန်းများ၊ တင်သွင်းသည့် အဆိုများနှင့် ပတ်သက်၍ နောက်တစ်ကြိမ်ကျင်းပမည့် လွှတ်တော်အစည်းအဝေးများတွင် အစီရင်ခံစာတင်သွင်းရန် ပြဋ္ဌာန်းခဲ့ပါသည်။

၂။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများနှင့်ပတ်သက်၍ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ဖြေကြားချက်များကို ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ ကော်မတီအနေဖြင့် အစီရင်ခံစာပြုစုပြီး တင်ပြရခြင်း ဖြစ်ပါသည်။

## ရည်ရွယ်ချက်

၃။ ၂၂-၈-၂၀၁၁ မှ ၁၆-၁၁-၂၀၁၁ ရက်အထိ ကျင်းပခဲ့သည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့်ပြည်ထောင်စုအဆင့်ဌာနများ၏ ဆောင်ရွက်ချက်များအား ပထမအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ အစီရင်ခံတင်ပြရန် ဖြစ်ပါသည်။

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ကော်မတီ၏ လုပ်ဆောင်ချက်**

၄။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးကို ၂၂-၈-၂၀၁၁ မှ ၁၆-၁၁-၂၀၁၁ရက်အထိကျင်းပခဲ့ပါသည်။၎င်းအစည်းအဝေးတွင်လွှတ်တော် ကိုယ်စားလှယ်များမှ မေးခွန်းများ မေးမြန်းခြင်း အဆိုများ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြရာ ကော်မတီမှ မှတ်တမ်းတင် ဆောင်ရွက်ခဲ့ပါသည်။

**မေးခွန်းများ**

၅။ ပထမအကြိမ် အမျိုးသား လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် မေးခွန်းပေါင်း (၂၈၂)ခု မေးမြန်းခဲ့ပြီး (၂၀၇)ခုတွင် အာမခံချက်၊ ကတိများနှင့်တာဝန်ခံချက်များပါရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၆။ မေးခွန်းများတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများ၏ ဖြေကြားချက်များ၌ အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များကို တင်ပြပါ Power Point အတိုင်း စိစစ်တွေ့ရှိ ရပါသည်။ ကျန်းမာရေးဝန်ကြီးဌာန အာမခံချက်(၆)ခု၊ ကတိ (၁၂)ခု၊ တာဝန်ခံချက် (၁၀)ခု ပေါင်း(၂၈)ခု။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန အာမခံချက် (၂)ခု၊ ကတိ(၆)ခု၊ တာဝန်ခံချက်(၄)ခု ပေါင်း(၁၂)ခု။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အာမခံချက်(၄) ခု၊ ကတိ (၆) ခု၊ တာဝန်ခံချက်(၁၂) ခု ပေါင်း(၂၂) ခုတို့ ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကို ငဲ့ညှာသောအားဖြင့် အားလုံးဖတ်ကြားခြင်း မပြုတော့ဘဲ Power Point ဖြင့် တင်ပြထားပါကြောင်း အစီရင်ခံတင်ပြပါတယ်။ မေးခွန်းရှင်များ၊ အဆိုရှင်များ အလွယ်တကူ သိရှိကြည့်ရှုနိုင်ရေးအတွက် CD ချပ်များကိုလည်း ကြိုတင်ဖြန့်ဝေပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာန (၂၆)ခု၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့်ပြည်ထောင်စုရှေ့နေချုပ်ရုံးတာစ်ခုစီ စုစုပေါင်း (၂၉) ဌာနမှ အာမခံချက်ပေါင်း (၇၄)ခု ကတိပေါင်း (၈၇)ခုနဲ့ တာဝန်ခံချက်ပေါင်း (၁၅၆)ခု ဖြေကြားချက် စုစုပေါင်း (၃၂၀)ရှိပါကြောင်း တင်ပြအပ်ပါတယ်။

**အဆိုများ**

၇။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို(၃၆)ခု တင်သွင်းခဲ့ပြီး (၂၁)ခုတွင် အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များ ပါရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၈။ အဆိုများတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် ဌာနများ၏ ဖြေကြားချက်များ၌ အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များကို Power Point ဖြင့် တင်ပြပါ အတိုင်း စိစစ်တွေ့ရှိရပါသည်။ ကျန်းမာရေးဝန်ကြီးဌာနကတိ (၁) ခု၊ ပေါင်း (၁)ခု။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ကတိ (၁)ခု၊ တာဝန်ခံ ချက် (၁)ခု ပေါင်း(၂)ခု။ ပို့ဆောင်ရေးဝန်ကြီးဌာန အာမခံချက် (၁)ခု၊ ကတိ (၁)ခု၊ တာဝန်ခံချက်(၂)ခု၊ ပေါင်း (၄)ခုတို့ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာန(၁၄)ခုနှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံး (၁)ခု စုစုပေါင်းဌာန(၁၅)ဌာနမှ အာမခံချက်ပေါင်း(၆)ခု၊ ကတိပေါင်း(၁၉)ခု၊ တာဝန်ခံချက် ပေါင်း(၆)ခု၊ စုစုပေါင်း ဖြေကြားချက်ပေါင်း (၃၁)ခု ရှိပါကြောင်း တင်ပြအပ်ပါသည်။

၉။ အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များပါရှိသည့် ဝန်ကြီးဌာနအလိုက် ပြည်ထောင်စု ဝန်ကြီးများက ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ပြန်ကြားပေးခဲ့ကြပါသည်။၎င်းပြန်ကြားချက် များကို နောက်ဆက်တွဲ (က)ဖြင့် ပြုစုတင်ပြထားပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီက ပြုစုထားတဲ့အစီရင်ခံစာမှာ စာမျက်နှာပေါင်း (၃၈၉) မျက်နှာပါရှိပြီး မေးမြန်းချက်များ၊ အဆိုပြုချက်များနှင့်ဖြေကြားချက်များ အပြည့်အစုံပါဝင်ပြီး ဖြစ် ပါကြောင်း တင်ပြအပ်ပါသည်။ ဝန်ကြီးဌာနအလိုက်တင်ပြမှု၊ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ တို့ကို ဖော်ပြထားခြင်း ဖြစ်ပါသည်။ point 5 ဖြင့် ဖော်ပြထားခြင်းမှာ ဆောင်ရွက်ပြီးစီးမှု တချို့တစ်ဝက်ပြီးစီးပြီး တချို့တစ်ဝက် ဆောင်ရွက်ဆဲဖြစ်တဲ့အတွက် point 5 ဖြင့် ဖော်ပြထားခြင်း ဖြစ်ပါသည်။ မေးခွန်းအနေဖြင့် (၂၉)ဌာန၊ အဆိုအနေဖြင့် (၁၅)ဌာနတို့မှ ပြုစုတင်ပြထားခြင်း ဖြစ်ပါသည်။ အချုပ်အားဖြင့် မေးခွန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေမှာ အာမခံချက်(၇၆)ရာခိုင်နှုန်း၊ ကတိ(၅၉) ရာခိုင်နှုန်း၊ တာဝန်ခံချက်(၆၇) ရာခိုင်နှုန်း ဖြစ်ပါသည်။ အဆိုများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေမှာ အာမခံချက် (၈၃) ရာခိုင်နှုန်း၊ ကတိ (၆၈) ရာခိုင်နှုန်းနဲ့ တာဝန်ခံချက် (၉၂) ရာခိုင်နှုန်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ကော်မတီ၏ တွေ့ရှိချက်**

၁၀။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသည် ၂၂-၈-၂၀၁၁ ရက်မှ၁၆-၁၁-၂၀၁၁ ရက်အထိ ကြာမြင့်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များသည်လည်း အတွေ့အကြုံများရရှိလာခြင်းတို့ကြောင့် မေးခွန်းများနဲ့အဆိုများ ပိုမိုမေးမြန်းခြင်း၊ တင်သွင်းခြင်းတို့ကို ပြုလုပ်လာသည်ကို တွေ့ရှိရပါသည်။ထိုသို့ ဆောင်ရွက်လာခြင်းကြောင့်ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့၏ မဲဆန္ဒနယ်မြေများတွင် ပြည်သူလူထု၏ တင်ပြချက်များ၊ လိုအပ်ချက်များနှင့် နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်ချက်များကို ပိုမိုဆောင်ရွက်လာနိုင်ကြောင်းတွေ့ရှိရသဖြင့် အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်မှာလည်း တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိရပါသည်။

**နိဂုံး**

၁၁။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် အမျိုးသားလွှတ်တော် နည်းဥပဒေများ၏ နည်းဥပဒေ ၇၁ ပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ အမျိုးသားလွှတ်တော်မှ သတ်မှတ်ပေးသည့်ကော်မတီ၏ လုပ်ငန်းတာဝန်များအရလည်းကောင်း တိကျစွာလိုက်နာပြီး ဆက်လက်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအစီရင်ခံတင်ပြအပ်ပါသည်။ကျေးဇူးတင်ပါတယ်ဥက္ကဋ္ဌကြီးခင်ဗျာ။(ထြဘာသံများ)

**အချိန်၊ ၁၃း၁၁။**

**ဥက္ကဋ္ဌ။** ။ အစိုးရရဲ့ အာမခံချက်၊ ကတိ၊ တာဝန်ခံချက်ကို ပြုစုတဲ့အခါမှာ ကြယ်ပွင့်မပြတဲ့မေးခွန်းတွေကို ဖြေကြားချက်တွေ အပါအဝင် ဆောင်ရွက်ဖို့လိုပါတယ်။ ကြယ်ပွင့်မပြတဲ့မေးခွန်းတွေမှာ စာနဲ့ ပြန်လည်ဖြေကြားတဲ့အခါမှာ လွှတ်တော်ရုံး ကတစ်ဆင့်သွားတဲ့အတွက် လွှတ်တော်ရုံး ကနေမေးပြီးတော့ အဲဒီမှာပါတဲ့ ကတိတွေ နှုတ်နဲ့ပြုလည်း ကတိပဲ၊ စာနဲ့ပြုလည်း ကတိပဲဖြစ်တဲ့အတွက်ဒါတွေ ပါဝင်ဆောင်ရွက်ဖို့လိုပါတယ်။ နံပါတ်(၂)ကတော့ လာမယ့်ဘဏ္ဍာရေးနှစ် ၂၀၁၂-၂၀၁၃မှာ မပြီးပြတ် သေးတဲ့ ကိစ္စတွေအတွက် ဘဏ္ဍာငွေပါဝင်ခြင်း ရှိ/မရှိ ဒါလေးတွေကို ကြည့်ဖို့လည်း လိုပါတယ်။ နံပါတ်(၃) အချက်ကတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဆောင်ရွက်တဲ့ကိစ္စတွေကို ပြည်သူတွေသိရှိအောင် ပြန်လည်ပြီးတော့ ရှင်းလင်းတဲ့အခါမှာ မိမိမဲဆန္ဒနယ်မြေအလိုက် ပြန်လည်

အသိပေးဖို့လည်း လိုပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၇၃)၊ နည်းဥပဒေခွဲငယ်(ဂ)အရ အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီဝင် ဦးဉာဏ်လင်း က အမျိုးသားလွှတ်တော်သို့ ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အစိုးရ၏ အာမခံချက်များ၊ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင်က ကော်မတီ၏အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၃း၁၂။**

**ဦးဉာဏ်လင်း၊ (အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဝင်)။** ။ လေးစားအပ်တဲ့ အမျိုးသားဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရ၏ အာမခံချက် များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေး စဉ်းစားရန် အဆိုကို ကော်မတီဝင် ကျွန်တော် ဦးဉာဏ်လင်း က တင်သွင်းအပ် ပါတယ် ခင်ဗျား။

**အချိန်၊ ၁၃း၁၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၂။**

**ဦးထွန်းကျော်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား၊ အစိုးရ၏အာမခံချက်များ၊ကတိများနှင့် တာဝန်ခံ ချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံ စာကို အမျိုးသားလွှတ်တော်က လက်ခံ ဆွေးနွေး နိုင်ပါရန် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးထွန်းကျော် က လှိုက်လှဲစွာ ထောက်ခံအပ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း

**အချိန်၊ ၁၃း၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့သဘောထားရယူမှာ ဖြစ်ပါတယ်။

အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို အမျိုး သားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်း၍ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ် များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၃း၁၅။**

**ဥက္ကဋ္ဌ။** ။ အစိုးရ၏ အာမခံချက်များ၊ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိ ယညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်းပေးပို့ ကြရန် ဖြစ်ပါတယ်။

**တောင်သူလယ်သမားများ၏ ကုန်ထုတ်စွမ်းအား ဆန်စပါးတိုးတက်မြင့်မားစေရေးနှင့် ဝင်ငွေ တိုးတက်ရရှိရေးအတွက် ဆောင်ရွက်ပေးရန်ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃း၁၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းထားတဲ့ တောင်သူလယ်သမား များ၏ ကုန်ထုတ်စွမ်းအား ဆန်စပါး တိုးတက်မြင့်မား စေရေးနှင့် ဝင်ငွေတိုးတက်ရရှိရေး အတွက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ် (၁၀)ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။

**အချိန်၊ ၁၃း၁၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆွေအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၅။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည် အဆိုတင်သွင်းခဲ့တဲ့ တောင်သူလယ်သမားများ ၏ ကုန်ထုတ်စွမ်းအား ဆန်စပါး တိုးတက် မြင့်မားရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ဆွေးနွေးချက်ကို ဖတ်ကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ တောင်သူလယ်သမားများ၏ကုန်ထုတ်စွမ်းအားဆန်စပါးတိုးတက်မြင့်မားစေရန်နှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ ရည်မှန်းချက်များနှင့်လုပ်ငန်းစဉ်များချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း လေ့လာ သိရှိရပါသည်။ မြန်မာနိုင်ငံတွင် တောင်သူလယ်သမားအများစုမှာ နိုင်ငံ့လူဦးရေ၏ (၇၀)ရာခိုင်နှုန်းခန့်ရှိပြီး ဝင်ငွေနည်းပါးစွာ ရရှိနေကြပါသည် ။ ယခုအချိန်တွင် ဆန်စပါးတိုးတက်ပြီး ဝင်ငွေတိုးပွား ရရှိစေရန်အတွက် ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးရေးကို စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်း ဆောင်ရွက်လျက်ရှိပါသည်။ လက်တွေ့စပါးစိုက်တောင်သူလယ်သမားများ၏ ပကတိဖြစ်စဉ် အမှန်ကို လေ့လာသိရှိရသလောက် တင်ပြရမည်ဆိုလျှင် ၂၀၁၀-၂၀၁၁ မိုးစပါး စိုက်ပျိုးရရှိမှုမှာ (၁)ဧက ပျမ်းမျှအထွက်နှုန်း စပါးတင်း(၅၀)သာ ထွက်ရှိကြောင်း လေ့လာသိရှိ ရပါသည်။ ယခု တင်ပြချိန်တွင် စပါးပေါက်ဈေးမှာ တင်း(၁၀၀)လျှင် စပါးအမျိုးအစားအလိုက် ကျပ်(၂၄၀၀၀၀)မှ (၂၆၀၀၀၀)အထိသာ ဖြစ်ပါသည်။ စပါး(၁)ဧက စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ပြန်လည်ရရှိမှုအခြေအနေများကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

တွက်ချက်မှုအရ စပါးစိုက် တောင်သူများမှာ ထုတ်လုပ်မှု စရိတ် မကာမိဘဲ အရှုံးနဲ့ ရင်ဆိုင်တွေ့ကြုံနေကြရပါသည်။ စပါးစိုက် တောင်သူများ နှစ်စဉ် အစိုးရ စိုက်ပျိုးရေးဘဏ်သို့ စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ပေးဆပ် အချိန်ရောက်လျှင် စပါးဈေးနှုန်းက ကျတတ်သည်ကို တွေ့ကြုံခံစားနေကြရပါသည်။ ကြွေးတောင်းသူကြွေးရှင်မှာ နိုင်ငံတော်အစိုးရ ပေးဆပ်ရသည်မှာ စပါးစိုက်တောင်သူများသာ ဖြစ်ကြပါသည်။ အရှုံး နှင့်ရင်ဆိုင်နေကြသော စပါးစိုက်တောင်သူများ မှာ အကြွေးဆပ်ရန်အတွက် ငွေရှိသူများထံမှ ၁၀၀ လျှင် ၈ ကျပ် တိုး ၁၀ တိုး ၁၅ ကျပ်တိုးဖြင့် အသီးသီးရယူကာ အကြွေးပခုံးပြောင်းနေကြ ရပါသည်။ အချို့ တောင်သူများမှာ နွားရောင်း၊ အိမ်ရောင်းသည်အထိ စီစဉ်နေကြရပါသည်။ ဈေးကွက်စီးပွား ရေးအရ စပါးဈေးနှုန်းကို တိုးတောင်းရန် မဖြစ်နိုင်ပါ။ သို့ဖြစ်၍ စပါးစိုက်တောင်သူများ စဉ်းစားမိသည်မှာ စပါးအစား အခြားတွက်ခြေကိုက်သီးနှံများကို လွှဲပြောင်းစိုက်ပျိုးခြင်း၊ အထွက်နှုန်း ပိုမိုထွက်ရှိသော ပိုမို ထွက်ရှိအောင် စိုက်ပျိုးမှုသာလျှင် အဆင်ပြေမည်ဟု စဉ်း စားမိကြပါသည်။ စပါးစိုက်တောင်သူ များ တစ်ဧကအထွက်နှုန်း (၇၅) တင်းမှ တင်း (၁၀၀)ထွက်ရှိရန်အတွက် အောက်ပါအချက် များကို တင်ပြအပ်ပါသည် -

(က) အရည်အသွေးကောင်း တန်းဝင်မျိုးစပါးများကို အချိန်မှီ ဈေးနှုန်းသက်သာစွာ ဖြင့် ဖြန့်ဝေပေးရန် ဧပြီလအတွင်း ဖြန့်ဖြူးပေးရန် သိပ္ပံနည်းကျအထွက်တိုး နည်းပညာများကို စိုက်ကွင်းအရောက် လက်တွေ့ပြသပေးရန် အထွက်နှုန်း စပါး မျိုးစေ့များရရှိရေး၊ လယ်ယာမြေ ပြုပြင်ရေး၊ မြေသြဇာအသုံးချရေး၊

( ခ) သုတေသနပြုဌာနများ၊ တက္ကသိုလ်များနှင့် ဆက်သွယ်၍ သုတေသနပြု စီစဉ် ဆောင်ရွက်ရန်၊

( ဂ) အရည်အသွေးပြည့်မီခြင်းမရှိသော ဓာတ်မြေသြဇာများ အမှတ်တံဆိပ် အမျိုးမျိုး ဖြင့် ရိုက်နှိပ်၍ လိမ်လည်ရောင်းချမှု အလေးချိန်ပြည့်ဖူမရှိသော ဓာတ်မြေသြဇာ များကို တိတိကျကျ ကွပ်ကဲ စီမံဆောင်ရွက်ပေးနိုင်ပါရန်။ ဥပမာ နိုက်ထရိုဂျင် (၄၆) ရာခိုင်နှုန်းမပြည့်ဘဲ ထုတ်လုပ်ရောင်းချမှု အလေးချိန်လျော့၍ အိတ်ကို ပြုပြင်ထုတ်လုပ်ရောင်းချမှု၊

(ဃ) ပိုးသတ်ဆေးနှင့် ရွက်ဖြန်း ဆေးမြေဩဇာပါ အညွှန်းပါအတိုင်းထိရောက်မှုနည်းပါး ခြင်း အစရှိသည်တို့ကို ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ပေးရန်။

( င) တောင်သူလယ်သမားများအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သင်တန်း ကျောင်းများဖွင့်လှစ်ပြီး လက်တွေ့လုပ်ကိုင်ဆောင်ရွက်မည့် တောင်သူလယ်သမား များအား စုစည်း ပြီး မျိုးကောင်း အထွက်တိုးမျိုးစပါးရရှိရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ စိုက်ပျိုးရေသုံးစွဲရေး၊ ပိုးမွှားရန် ကာကွယ်ရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး စသည့် လက်တွေ့ ထိရောက်စွာပို့ချဆောင်ရွက်ပေးရန်တို့ ဖြစ်ပါ သည်။

ယခုနှစ် ကျွန်တော်တို့ဒေသဖြစ်တဲ့ တိုက်ကြီးမြို့နယ်မှာ အာမိုကုမ္ပဏီနှင့် ဆန်စက် လုပ်ငန်းပိုင်ရှင်များအသင်းက စပါးတင်း (၁၀၀)လျှင် (၃)သိန်းနှင့် ဝယ်ယူသည် ဆိုသော်လည်း အချိန်နှောင်းမှ ဝယ်ယူခြင်းဖြစ်၍ စပါးစိုက်တောင်သူများမှာ လက်ဝယ်စပါးရောင်းချရန် မရှိတော့ပါ။ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ် သို့ စိုက်ပျိုးစရိတ် ပေးဆပ်ရန် နောက်ဆုံးရက် ဖြစ်သည့် ဇန်နဝါရီလ (၁၃)ရက်နေ့ကျမှ ပေးဆပ်ရန်ရက်ကို နောက်တိုးပေးယူ ကြေညာသည့် အခါ အချိန်လွန်သွားပြီ ဖြစ်ခဲ့ပါတယ်။ လယ်သမားအကျိုး ကို ရည်ညွှန်းသော်လည်း လုပ်ငန်း ရှင်နှင့် ငွေကြေးတတ်နိုင်သူတို့ သာလျှင် အကျိုးအမြတ်ဖြစ်ထွန်း သွားခဲ့ကြပါတယ်။ တင်ပြခဲ့သည့် စပါးထွက်ရှိမှုအခြေအနေနှင့်စပ်လျဉ်း၍ တစ်ဧကအထွက်နှုန်း ပေါက်ဈေးနှုန်းနှင့် ကုန်ကျစရိတ် များကို တင်ပြရလျှင် စပါးတစ်ဧကအထွက်နှုန်း တစ်ဧက တင်း(၅၀) ရရှိမည့်ငွေ (၁၂၀၀၀၀)၊ မျိုးစပါး (၃)တင်း (၁၀၅၀၀)၊ မြေဩဇာ MPA (၃၀၀၀၀)၊ စိုက်စရိတ်၊ ကောက်စိုက်သမ တစ်ဧက ကုန်ကျစရိတ် (၁၉၅၀၀)၊ ပျိုး နှုတ်ခ (၆၀၀၀)၊ ရိတ်သိမ်းခ (၁၃၀၀၀)၊ ကောက်လှိုင်းစည်းခ (၃၀၀၀)၊ ခြွေလှေ့ခ (၁၀၀၀၀)၊ ထွန်ယက်ခ တစ်ဧက (၁၈၈၀၀) နှင့် ပိုးသတ်ဆေး၊ ရေ ဖျန်းဆေး (၅၀၀၀) စုစုပေါင်း (၁၁၅၈၀၀)ကုန်ကျမည်ဖြစ်ရာ တစ်ဧကအတွက် အရှုံးပေါ်နေသည်မှာ (၅၈၀၀)ကျပ်နှုန်း ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် တင်ပြလို သည်မှာ တောင်သူလယ်သမား အများစုသည် မြန်မာ့လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်သို့ မဖြစ်မနေ စိုက်ပျိုးစရိတ် ပေးဆပ် ရမည်ဖြစ်သဖြင့် စပါးဈေးနှုန်းကျဆင်းမှုကို နှစ်စဉ် ခံစားနေကြရပါသည်။ စိုက်ပျိုးစရိတ် ပေးဆပ်ပြီးလျှင် စပါးဈေး၊ ဆန်ဈေးတက်လေ့ ရှိကြပါသည်။ အရည်အသွေး ပြည့်မီခြင်းမရှိသော

အလေးချိန်ပြုပြင်ပြောင်းလဲ ထုပ်ပိုးထားသော မြေသြဇာနှင့် စံချိန်မီ သည့် ပိုးသတ်ဆေးများကို လည်း ဈေးကွက် အတွင်းမှ ဝယ်ယူသုံးစွဲနေကြရခြင်းကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ကာ ထုတ်လုပ်မှုနှင့် ကုန်စရိတ်ပြန်လည်ရရှိသော ငွေကြေး ပမာဏ မကာမိသော အချက်များကို အချိန်မီကုစားပေးနိုင်ပါရန် တောင်သူလယ်သမား များ၏ ကုန်ထုတ်စွမ်းအား၊ ဆန်စပါး တိုးတက်မြင့်မားစေရေးနှင့် ဝင်ငွေတိုး တက်စေရေး ဆောင်ရွက်ပေးနိုင်ရေး အတွက် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို အလေးအနက်ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၂၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစောမော်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၁။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ရ န်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ တောင်သူလယ်သမားများ၏ ကုန်ထုတ်စွမ်းအား ဆန်စပါးတိုးတက်မြင့်မား စေရေးနှင့် ဝင်ငွေ တိုးတက်စေရေးတို့အတွက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံတင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဆရာ ဒေါက်တာမြင့်ကြည် ရဲ့အဆိုမှာ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးဖို့နဲ့ ဆန်စပါးတိုးတက်ဖို့ကို ဖော်ပြထားတာ တွေ့ရှိရပါတယ်။ ဒီလို ဆန်စပါးများ တိုးတက်လာရင် ကျွန်တော်တို့နိုင်ငံရဲ့ ပို့ကုန်များတိုးမြှင့်လာမှာဖြစ်တဲ့အတွက် နိုင်ငံတော်မှာလည်းပဲ အကျိုးရှိမှာ ဖြစ်ပါတယ်။ ဒါ့အပြင် Food for All ဆိုတဲ့ လူတိုင်းအတွက် စားနပ်ရိက္ခာဖူလုံရေးကို ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် FAO ရဲ့ဆောင်ပုဒ်ကိုလည်း အဖွဲ့ဝင် တစ်နိုင်ငံအနေနဲ့ ဖြည့်ဆည်းရာ ရောက်မှာဖြစ်တဲ့အတွက် အင်မတန်မှ အရေးကြီးကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ယခုလက်ရှိ စပါးတင်း (၁၀၀)ရဲ့ ထုတ်လုပ်မှုစရိတ်ဟာ

(၂၅၈၀၀၀)ခန့် ရှိပါတယ်။ ယခုဖြစ်ပေါ်နေတဲ့ ပေါက်ဈေးဟာ စပါးတင်း(၁၀၀)ကို (၃)သိန်းခန့် ရှိနေပါတယ်။ တောင်သူတွေ အတွက် ထိခိုက်နိုင်တဲ့အခြေအနေမရှိသေးပေမယ့် အကျိုးအမြတ်နည်းတဲ့အတွက် အပိုဝင်ငွေ မရှိဖြစ်ပြီးတော့ ကျန်းမာ ရေး၊ ပညာရေး၊ အခြားလူနေမှုစရိတ်များအတွက် သုံးစွဲနိုင်မှုဟာ လျော့နည်းသွား နိုင်သလို ပြည်တွင်းဝယ်လိုအားကိုလည်း ကျဆင်း မှု ဖြစ်ပေါ်နိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကျွ န်တော်တို့နိုင်ငံဟာ အရှေ့တောင် အာရှမှာ စိုက်ပျိုးမြေဧရိယာ (၁၆၇)သန်းရှိပြီးတော့ အကြီးမားဆုံးဖြစ်ပါတယ်။ ဒီအထဲမှာ လေးပုံတစ်ပုံဟာ မြေဆီမြေဩဇာကောင်းပြီးတော့ သီးနှံမျိုးပေါင်း (၆၀)ကျော်ကို စိုက်ပျိုး နိုင်ပါတယ်။ နိုင်ငံ အနေနဲ့ ဆန်နဲ့ ပြုလုပ်တဲ့မုန့်တွေကိုသာ အဓိကထားပြီးတော့ သုံးစွဲတဲ့အတွက် ဒါ စပါးဟာ အရေးပါတဲ့သီးနှံဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကိုလိုနီခေတ်မှာ ကျွန်တော်တို့ စပါးဧက (၁၂)သန်း စိုက်ပျိုးခဲ့ပြီးတော့ ၁၉၃၄ ခုနှစ်မှာ နိုင်ငံခြားပို့ကုန် (၃.၄)သန်းကို တင်ပို့နိုင်တဲ့အတွက် အာရှမှာ ဆန်အိုးကြီးလို့ တင်စား ခေါ်ဝေါ်ခဲ့ပါတယ်။ ဒီ အခြေအနေကို ယခုအထိ ပြန်လည်မရောက်ရှိသေးကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ အလားတူပဲ ဒုတိယက မ္ဘာစစ်ပြီးတဲ့ အခါမှာ စစ်ဒဏ်ကြောင့် ကျွန်တော်တို့လယ်ယာမြေတွေ ပျက်စီးတယ်။ လုပ်သားတွေဆုံးရှုံးတဲ့အတွက် ဧက (၆)သန်းသာ စိုက်ပျိုးနိုင်ပါတယ်။ ၁၉၉၄-၁၉၉၅ မှာ စပါးစိုက်ဧက (၁၄)သန်းထိ စိုက်ပျိုးနိုင်ပြီး ယခုကာ လမှာ ဧကသန်း (၂၀)ထိ စိုက်ပျိုးနေ ကြောင်း သိရှိရပါတယ်။ နွေစပါး စိုက်ပျိုးရေးကိုတော့ ၁၉၉၂ ခုနှစ် ကနေပြီးတော့ စတင်စိုက်ပျိုးခဲ့ပြီးတော့ ကျွန်တော်တို့ပြည်ပကို တင်ပို့လာကြောင်းလည်း တွေ့ရှိရပါတယ်။ ဒီလိုဆန်စပါးစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ဧကတိုးချဲ့စိုက်ပျိုးခြင်း (Extension Cartivatioin) နည်းအပြင် အထွက်နှုန်း ပိုမို ရရှိစေဖို့အတွက် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးခြင်း (Intensive Cartivatioin) နည်းလမ်းကို အသုံးပြုရန် လိုအပ်ပါတယ်။ စိုက်ပျိုးမြေ တိုးချဲ့ရန် အခက်အခဲရှိတဲ့ဒေသများမှာ လက်ရှိစိုက်ဧကစပါး အထွက်နှုန်း တိုးတက်စေရေးအတွက် အဓိကသွင်းအားစုများဖြစ်တဲ့ စပါးမျိုး ကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးစေခြင်း၊ ခေတ်မီထွန်ယက်ကိရိယာများ အသုံးပြု ခြင်း၊ လိုအပ်သော မြေဩဇာနှင့် ပိုးသတ်ဆေးများကို စနစ်တကျအသုံးပြုခြင်း၊ လယ်သမားများ အမှန်တကယ် လိုအပ်နေတဲ့ စိုက်ပျိုးစရိတ်ချေးငွေများကိုအလုံအလောက်ထုတ်ပေးခြင်းများကို ကူညီပံ့ပိုး ဆောင်ရွက် ပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။ ဒါ့ အပြင် တစ်ဧကအထွက်နှုန်းမြင့်မား စေရေးအတွက် မျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်း ခြွေလှေ့ခြင်းစတဲ့ Good Agriculture Practice ဖြစ်စေဖို့အတွက်

အလေအလွင့်နည်းပါးစေရန် ထိန်းသိမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ရိတ်သိမ်းပြီး နောက်ပိုင်းမှာ လေလွင့်ဆုံးရှုံးမှုတွေ၊ မလိုလားအပ်တဲ့ ဆုံးရှုံးမှုတွေ မဖြစ်စေရေးအတွက်လည်း ဆောင်ရွက်ပေးရမှာဖြစ်တဲ့အတွက် ရိတ်သိမ်းချိန်လွန်နည်းပညာများကို တောင်သူတွေ သိရှိလေ့လာရန် ကြိုးပမ်းပေးရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဆည်ရေသော က်တဲ့ ဒေသများမှာ စပါးစိုက်ပျိုးရာမှာ နှစ်သီးစားကို စိုက် ပျိုးတဲ့အတွက် လယ်ယာမြေကို အနား ပေးခြင်းမရှိတဲ့အတွက် လယ်ယာမြေဟာ ညှံ့ဖျင်းလာ ပြီးတော့ ဆန်အထွက်နှုန်း ကျဆင်းလာကြောင်းလည်း ဆိုကြပါတယ်။ ဒါကြောင့် စပါးကို နှစ်သီးစား စိုက်ပျိုးခြင်းအတွက် စပါးစိုက်ပျိုးပြီးတဲ့ အခါမှာ အခြားသီးနှံ ပဲ၊ နှမ်း၊ နေကြာ စသည့်တို့ကို စိုက်ပျိုးခြင်းအားဖြင့် ဒါ ပဲစိုက်မယ်ဆိုရင်လည်း နိုက်ထရိုဂျင်သံသရာကို ပြန်လည်တဲ့အတွက် မြေ ဆီလွှာပျက်စီးမှုကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးမှာ ငွေကြေးအရင်းအနှီးဟာ အင်မတန်မှ အရေးပါ ပါတယ်။ ကျွန်တော်တို့ တောင်သူလယ်သမားတွေကိုထုတ်ချေးတဲ့ စိုက်ပျိုးစရိတ်ချေးငွေဟာ အမှ န်တကယ် စိုက်ပျိုးထုတ်လုပ်မှုရဲ့ (၁၀) ရာခိုင်နှုန်းခန့်သာ လုံလောက်တယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို နှစ်စဉ်ကျပ် (၉၃) ဘီလီယံ ထုတ်ချေးခဲ့ပြီးတော့ အဲဒီအထဲကမှ (၁၆) ဘီလီယံ ကို အထူးပြုကုမ္ပဏီကြီးများကို ထုတ်ချေးခဲ့ကြောင်း သိရပါတယ်။ လယ်ယာစိုက်ပျိုးရေး မှာ မျိုးကောင်းမျိုးသန့်တွေကို ရရှိဖို့အတွက် မျိုးစေ့ရဲ့ လိုအပ်ချက် (၁၀) ရာခိုင်နှုန်းကိုသာ လုံလောက်အောင် ပေးနိုင်ပြီးတော့ လယ်သမားအများစုဟာ ကိုယ်တိုင်မျိုးချန်ခြင်းအားဖြင့် မျိုးစပါးကို ထားရှိသိုလှောင်ထားပါတယ်။ စပါးစိုက်ပျိုးရာမှာ မျိုးစေ့ဟာ အလွန်အရေးကြီးပြီး မျိုးစေ့တစ်မျိုး ထဲကို ကျွန်တော်တို့ (၃)နှစ်အထက် အသုံးပြုမယ်ဆိုရင် မျိုးစေ့အရည်အသွေးဟာ ကျဆင်းလာနိုင် ပါတယ်။ ထို့ အတူပဲ အခြားမျိုးတွေ ရောနှောသွားတဲ့အခါမှာလည်း မျိုးများဟာ ပျက်စီးတတ်ပါတယ်။ စပါးမျိုးစေ့ကို အခြားနိုင်ငံတွေက ကုမ္ပဏီများမှတစ်ဆင့် တင်သွင်းနိုင်ပေမယ့်လည်း မြန်မာပြည်ရာသီဥတုနဲ့ ကိုက်ညီနိုင်ခြင်း မရှိနိုင်တဲ့အတွက် မြန်မာ့စိုက်ပျိုးရေးကနေပြီးတော့ စနစ်တကျသုတေသနပြုပြီးတဲ့ မျိုးစပါးတွေကိုသာ ပိုမိုဖြန့်ဖြူးဆောင်ရွက်သင့်ပါတယ်။ အထူးပြုကုမ္ပဏီများအနေနဲ့ နိုင်ငံတော်နဲ့ ပူးပေါင်းပြီးတော့ အရည်အသွေးမီ မျိုးစပါးတွေကိုသာ ထုတ်လုပ်နိုင်မယ်ဆိုရင် မျိုးစေ့ရဲ့ လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဓာတ်မြေသြဇာ လိုအပ်ချက်ကို ၁၉၇၇ ခုနှစ်ကနေ စပြီးတော့ ကျွန်တော်တို့ ပေးပါတယ်။ ဒီအခါမှာ ဓာတ်မြေသြဇာ

သုံးခြင်းဟာ အထွက်နှုန်းတိုးတက်ရေး အတွက် ကောင်းတယ်ဆိုပေမယ့်လည်း ဓာတ်မြေသြဇာ အသုံးပြုမှုမရှိတဲ့ စိုက်ပျိုးရေးထွက် ပစ္စည်းတွေကိုသာ လူတွေက ပိုမိုသဘောကျ လက်ခံလာတဲ့ အနေအထားမှာ ရှိပါတယ်။ လက်ရှိအနေအထားမှာ စပါးထွက်ရေးကိုသာ အဓိကထားရတဲ့ အတွက် မြေသြဇာအသုံးပြုမှုဟာ ရေရှည်မှာ မကောင်းနိုင်သော်လည်း ယခု လက်တွေ့မှာတော့ အသုံးပြုနေရဆဲပဲဖြစ်ပါတယ်။ စိုက်ပျိုးရေးသမားတွေရဲ့ လက်စွဲဓာတ်မြေသြဇာဟာ ယခုအချိန်မှာ ဈေးနှုန်းအဆမတန်မြင့်မားနေပါတယ်။ ဒါကြောင့် လယ်သမား အများစုဟာ အသုံးပြုနိုင်ခြင်း မရှိဘဲနဲ့ ဈေးနည်းတဲ့မြေသြဇာ အရောအနှောတွေကိုသာ အသုံးပြုရတဲ့အတွက် ဓာတ်မြေသြဇာ များ ဈေးနှုန်းမမြင့်မားရအောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် ကြိတ်ခွဲမှုအပိုင်းမှာလည်း အရည်အသွေးမီ တန်းမြင့် ဆန်ကောင်းများ ရရှိဖို့ အတွက် ဆန်စပါးကြိတ်ခွဲမှုဟာ အလွန်အရေးပါပါတယ်။ ဒါကြောင့် ခေတ်မီဆန်စက်ကြီးများ ပိုမို တည်ဆောက်နိုင်ရန် လိုအပ်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီလို ဆန်စပါးကြိတ်ခွဲရာမှာလည်း အရည်အသွေးကောင်း တန်းမြင့်ဆန်တွေဟာ အရေးကြီးတဲ့အတွက် ခြွေ လှေ့ပြီး စပါးတွေကို အစိုဓာတ် ၁၄ ဒီဂရီ ရအောင် အခြောက်ခံပြီးတော့ စနစ်တကျ သိုလှောင်ထားရှိဖို့ လိုအပ်ပါတယ်။ သိုလှောင်ရာမှာလည်း အရည်အသွေးနဲ့ ပိုးထိုးမှု မရှိစေဖို့အတွက် အပတ်စဉ် စစ်ဆေးပြီးတော့ လိုအပ်လို့ပိုးကျပါက ချက်ချင်းကိုင်တွယ် နှိမ်နင်းရမှာ ဖြစ်ပါတယ်။ ဆန်စပါး ကြိတ်ခွဲမှုများမှာ ပြည်တွင်းစားသုံးမှု သာမကဘဲနဲ့ ပြည်ပဈေးကွက် စံချိန်စံညွှန်းနဲ့အညီ ခေတ်မီ ဆန်စက်ကြီးများနဲ့ အချိန်မီကြိတ်ခွဲပေးနိုင်ရန်အထူးလိုအပ်တဲ့အချိန်ဖြစ်ပါတယ်။အလားတူ သယ်ယူပို့ဆောင်ရေးကဏ္ဍ မှာ အလွန်အရေးကြီးပါတယ်။ဆန်စပါးဖွံ့ဖြိုးတိုးတက်ရေးအတွက်ပြည်တွင်းဖြန့်ဖြူးရာမှာသယ်ယူ ပို့ဆောင်ရေးဟာ အင်မတန်အရေးပါ ပါတယ်။ ဒေသစား သုံးမှုထက် ဆန်စပါးပိုမိုထွက်ရှိအောင် စိုက်ပျိုးနိုင်တဲ့ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ် စတဲ့ ဆန်ပို ဒေသက ပိုလျှံတဲ့ဆန်တွေဟာ ဆန်လိုဒေသတွေကိုကုန်စည်စီးဆင်းမှုမှန်မှန်ကန်ကန်မြန်မြန်ဆန်ဆန် စဉ်ဆက်မပြတ် သယ်ယူပို့ဆောင်ပေးဖို့ လိုအပ်ပါတယ်။ ဒါမှသာလျှင်ကုန်ဈေးနှုန်းတည်ငြိမ်အောင် ထိန်းသိမ်းနိုင်မှာဖြစ်ပြီးတော့ စားသုံးသူပြည်သူများ သက်သာချောင်ချိစေမှာဖြစ်ပါတယ်။ ဒါကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ ဆန်စပါးဖွံ့ဖြိုးရေးအတွက် အရေးကြီးသော လုပ်ငန်းတစ်ရပ် အဖြစ် တင်ပြအပ်ပါတယ်။ ၂၀၀၉ ခုနှစ်မှာ နိုင်ငံတော်က အမှန်တကယ် စိုက်ပျိုးထုတ်လုပ် နိုင်မှုနဲ့ စားသုံးမှု၊ ပိုလျှံမှု စာရင်းဇယား တွေကို စနစ်တကျ ဆောင်ရွက်ခဲ့တဲ့ အတွက်ကြောင့်

ပြည်တွင်းဈေးနှုန်း တည်ငြိမ်မှုရှိပြီးတော့ ပိုလျှံတဲ့ဆန်တွေ ကိုလည်း နိုင်ငံခြားကို တင်ပို့နိုင်ပါတယ်။ ၂၀၀၈-၂၀၀၉ ခုနှစ်မှာ ပြည်ပကို ဆန်တန်ချိန် (၆)သိန်းကျော်သာ တင်ပို့နိုင်ပေမယ့် ၂၀၀၉-၂၀၁၀ ခုနှစ်မှာ ဆန်တန်ချိန် (၈)သိန်းကျော် တင်ပို့ရောင်းချနိုင်တဲ့အတွက် ပြည်ပတင်ပို့မှုဟာ တိုးတက်လာခဲ့ပါတယ်။ ဒါပေမဲ့ လာမယ့်နှစ်များမှာ ယခုထက် ပိုမိုထွက်ရှိရန် ကြိုးပမ်းပြီးတော့ ပြည်ပကို ပိုမိုတင်ပို့ဖို့ ကြိုးပမ်းရဦးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ စပါးတင်ပို့မှုမှာ ဈေးကွက်အနေနဲ့ အာဖရိကနိုင်ငံတွေကိုသာ စင်ကာပူပွဲစားကနေ တစ်ဆင့် တင်ပို့ရောင်းချခဲ့ခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ပြည်ပဈေးကွက်ကို တိုက်ရိုက်ဆက်သွယ်နို င်ခြင်း မရှိသေးပါဘူး။ ပြည်ပဈေးကွက်ကို တိုက် ရိုက် မချိတ်ဆက်နိုင်တဲ့အတွက် ဈေးကောင်းရရှိမှုမရှိသော်လည်း ပွဲစားမှတစ်ဆင့် ဆောင်ရွက်တဲ့အတွက်ကြောင့် ဈေးကွက်ရှာဖွေရန်မလိုအပ်ဘူး။ ငွေကြေးအရှုပ်အရှင်းပြဿနာများ မကြုံတွေ့ရပါဘူး။ ငွေပို့ငွေလွှဲများ အခက်အခဲမရှိခြင်းတို့ ဖြစ်ပေါ်လာတဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာ ဆန်ကုန်သည်များအနေနဲ့ စင်ကာပူ ပွဲစားနဲ့ ချိတ်ဆက်ရောင်းချခြင်းကို ပိုမိုပြီးတော့ကြိုက်နှစ်သက်ကြောင်းလည်းတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှတင်ပို့တဲ့ဆန်တွေဟာ တကယ်တမ်းတော့ ဆန်ကြမ်းတွေပဲဖြစ်ပါတယ်။ အရည်အသွေး အနည်းငယ် ညံ့တဲ့အတွက် အိမ်နီးချင်းနိုင်ငံ တွေက ဆန်တွေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ဈေးနှုန်းကွာခြားနေပါတယ်။ ဒါတွေဟာလည်း ပြုပြင်ရန် လိုအပ်တဲ့အချက်ဖြစ်ပါတယ်။ ယခုအခါမှာ ဆန်ကြမ်းစားတဲ့ နိုင်ငံတွေဟာလည်း တိုင်းပြည်ဖွံ့ဖြိုး လာတာနဲ့အမျှ ဆန်ကြ မ်းစားသုံးမှုကို လျှော့ချပြီးတော့ ဆန်ကောင်းကို ပြောင်းလဲ စားသုံးလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဆန်ကြမ်းတွေကိုသာ တင်ပို့နေမယ့်အစား အရည်အသွေးမီ တန်းမြင့်ဆန်များကို စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေးဟာလည်း အရေးပါတဲ့အချက်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပု ဂ္ဂလိက ဆန်လုပ်ငန်းရှင်များအနေနဲ့ ကျွန် တော်တို့ လယ်ယာလုပ်သားများကို (၂)ရာခိုင်နှုန်းနဲ့ ကျွန်တော်တို့ ပြန်လည်ပြီးတော့ ချထားပေးပါတယ်။ ဒီဟာက သင့်တော်တဲ့နှုန်းထားလည်း ဖြစ်ပါတယ်။ ဒီထက်ပိုမိုပြီးတော့ အတိုးပိုယူမယ်ဆိုလို့ရှိရင်လည်း ငွေတိုးချေးစားတဲ့သဘောမျိုး သက်ရောက်သွားနိုင်တဲ့အတွက် ယခုအချိန်မှာ (၂)ရာခိုင်နှုန်း ချေးနေခြင်းဟာ ဒါတောင်သူလယ်သမားများရဲ့ အခက်အခဲများကို ဖြေရှင်းပေးရာရောက်ပါတယ်။ စိုက်ပျိုးရရှိလာတဲ့ ဆန်စပါးတွေကိုစနစ်တကျဝယ်ယူပြီးတော့ ကျွန်တော်တို့လုပ်ငန်းရှင်ကြီးတွေကလည်း ပြင်ပကို တင်ပို့နိုင်တဲ့အတွက် နှစ်ဦးနှစ်ဖက်အကျိုးရှိတဲ့ လုပ်ငန်းလို့

တင်ပြအပ်ပါတယ်။ ဒါပေမဲ့ အထူးပြုကုမ္ပဏီကြီးများအနေနဲ့ ဒီလိုဆန်တင်ပို့ခြင်း တစ်ခုကိုသာ အာရုံမစိုက်ဘဲနဲ့ ကျွန် တော်တို့ လယ်သမားတွေရဲ့ ဟိုဒင်းကိုလည်း ဖြည့်ဆည်း ပေးဖို့ လိုအပ်ပါတယ်။ အဲဒီဥစ္စာကတော့ ကျွန်တော်တို့ ဒါ သူတို့ လယ်သမားများဟာ ချေးငွေရယူထားပေမယ့် မိမိတို့ အထူးပြုကုမ္ပဏီကို စပါးရောင်းချခြင်းမရှိဘဲနဲ့ လွတ်လပ်စွာရောင်းချခွင့်ရှိတဲ့ မူဖြစ်ပါတယ်။ ဒါပေမဲ့ လယ်သမားတွေဟာ စပါးတွေကို သိုလှောင်ရန် အခက်အခဲရှိတဲ့ အတွက်ကြောင့်မို့လို့ ဒီစပါးတွေကို ပေါ်ဦးပေါ်ဖျားမှာပဲ ရောင်းချခဲ့ ရပါတယ်။ ဒါကြောင့် ဈေးနှုန်းအနည်းငယ်သာ လက်ရှိမှာ ရရှိခဲ့ခြင်းဖြစ်ပါတယ်။ လယ်သမားများ ရောင်းချနေတဲ့ ဈေးနှုန်းရရှိချိန်အထိ ကုမ္ပဏီများ အနေနဲ့ စပါးသိုလှောင်ခြင်း ကို ပြုလုပ်ပေးဖို့အတွက် ဆောင်ရွက် ပေးသင့်ပါတယ်။ မြန်မာနိုင်ငံ ဒေသတော်တော်များများမှာ လယ်သမားများဟာစပါးစိုက်နေစဥ်ကာလအတွင်းမှာပဲ အပင်ဘဝမှာ ထွက်ရှိတဲ့စပါးကို ကာလပေါက်ဈေးရဲ့ တစ်ဝက်ထက်လျှော့ ပြီးတော့ ကြိုတင်ရောင်းချနေခြင်း များလည်း ရှိနေသေးတယ်လို့ သိရှိရပါတယ်။ ဒါကြောင့် လယ်သမားများ စပါးရောင်းချရာမှာ အမှန်တကယ် ဖြစ်ပေါ်နေတဲ့ဈေးနှုန်းကို သိရှိနိုင်ဖို့ ဆောင် ရွက်ပေးမှသာလျှင် လွ တ်လပ်ပြီး မျှတတဲ့ ဈေးကွက်ကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆန်စပါးဖွံ့ဖြိုးရေးအတွက် အနှစ်ချုပ်ပြီးတော့ တင်ပြရမည်ဆိုလို့ရှိရင် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေးနဲ့ စဥ်ဆက်မပြတ်မျိုးစပါးများ ဖြန့်ဖြူးရေး လုပ်ငန်းစဥ်ဖြစ်ပါတယ်။ အလားတူ စိုက်ပျိုးမယ့်ဒေသနဲ့ကိုက်ညီတဲ့ မျိုးစပါး ၊ ပြည်တွင်းပြည်ပဈေးကွက်ဝင်တဲ့ စပါးမျိုးများကို ရွေးချယ်စာရင်းပြုစုပြီး ဆန်စပါးကုမ္ပဏီတွေက စပါးထုတ်လုပ်ရေးကို သက်ဆို င်ရာဒေသအသီးသီးမှာ ဆောင်ရွက်သွား ဖို့လိုပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ ကျွန်တော်တို့ စီးပွားရေးအတွက် မျိုးစေ့စီးဆင်းမှု လျင်မြန် မြန်ဆန်ပြီးတော့ တောင်သူလယ်သမားများလက်ဝယ်ကို ရောက်ရှိဖို့အတွက် စိုက်ပျိုးနိုင်ခြ င်းအားဖြင့် အထူး အထွက်နှုန်းတိုးပြီးတော့ အရည်အသွေးမြင့်တဲ့စပါးများကို ထွက်ရှိနိုင်မှာဖြစ်ပါတယ်။ ကုမ္ပဏီများ အနေနဲ့ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာကို မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းနဲ့ ပူးပေါင်းပြီး ဆောင်ရွက် သွားဖို့ လိုအပ်ပါတယ်။ ပြည်တွင်းပြည်ပမှာ အရည်အသွေး ကောင်း မျိုးစပါးတွေကို စနစ်တကျသုတေသနလုပ်ပြီးတော့ ဇီဝနည်းပညာရပ်များကို အသုံးချပြီးတော့ အထွက်နှုန်း မြင့်မား အောင် ဆောင်ရွက်နိုင်မှသာလျှင် ပုဂ္ဂလိကကဏ္ဍက မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းနဲ့ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့နဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားဖို့

လိုအပ်ပါတယ်။ ပြည်တွင်းဆန် စီးဆင်းမှုကို စားသုံးရန် လိုအပ်မှု၊ ပိုလျှံမှု၊ ထုတ်လုပ်မှု စာရင်းဇယားများအတိုင်း ဆန်ပိုဒေသကနေ ဆန်လိုဒေသတွေကို ရော င်းချတင်ပို့တဲ့ လုပ်ငန်းစဉ် ကို မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းခွဲကြီးကြပ်သွားခြင်းအားဖြင့်ပြည်တွင်းစီးဆင်းမှုကိုစနစ်တကျဖြစ်ပေါ်လာစေမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနမှ အထူးပြုကု မ္ပဏီများ မျိုးစပါးများ စိုက်ပျိုးဖို့အတွက် မိမိတို့လုပ်ငန်းလုပ်ကိုင်တဲ့ ခ ရိုင်မြို့နယ်များမှာ သင့်တော်ရာ ဒေသမှာသာ မျိုးစေ့ခြံများ တည်ထောင်ခြင်း တောင်သူများနဲ့အ ကျိုးတူ မျိုးစေ့ ထုတ်ခြင်း လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဗဟိုအနေနဲ့ သတင်းဖြန့်ချိရေးစနစ်ကို အချိန်မီဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ကုမ္ပဏီများအနေနဲ့ ဆန်စက်များကို တတ်နိုင်သရွေ့ကူညီပြီးတော့ ခေတ်မီယူနစ်များ ပြောင်းလဲခြင်း ၊ ခေတ်မီဆန်စက်များ၊ ပေါင်းဆန်စက်များ တည်ထောင်ခြင်းစတဲ့ လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ကုမ္ပဏီများ ရေရှည်ရပ်တည်ဆောင်ရွက်နိုင်ရေးအတွက် ဒေသခံစီးပွားရေး လုပ်ငန်းရှင်တွေကလည်း ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒေသအာဏာပိုင်တွေကလည်း မြို့ခံများကို ပိုမိုစည်းရုံး ပြီးတော့ အထူးပြုကုမ္ပဏီများနဲ့ ပူးပေါင်းဆောင်ရွ က်နိုင်စေရေးကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အထူးပြုကုမ္ပဏီများဟာ ဥပဒေ၊ နည်းဥပဒေများနဲ့အညီ လုပ်ငန်းများကို လုပ်ဆောင်ဖို့အတွက် နိုင်ငံတော်ကို အကြံပြုတင်ပြရမှာဖြစ်ပါတယ်။ အထူးပြုကုမ္ပဏီများ ရေရှည်တည်တံ့ဖို့နဲ့ စဉ်ဆက်မပြတ်လု ပ်ငန်းများကို ဆောင်ရွက်နိုင်ရေး အတွက် မြ န်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်းက နိုင်ငံတော်ရဲ့ အကူအညီရရှိ ရေးကို တင်ပြဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ပိုလျှံတိုင်းနဲ့ပြည်နယ် ဆန်စပါး အဓိကစိုက်ပျိုးထုတ်လုပ်တဲ့ အခြားတိုင်းနဲ့ပြည်နယ်များမှာပါ ကုမ္ပဏီများ၊ အထူးပြုကုမ္ပဏီများ ထပ်မံတိုးချဲ့ဖွဲ့စည်းရေးအတွက် အသင်းမှ စည်းရုံး ဆောင်ရွက်သွားဖို့လည်း လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဆန်တင်ပို့ရောင်းချနေရာမှာ ယခုရရှိနေတဲ့ဈေးကွက်ကိုပဲ မကျေနပ်သင့်ဘဲနဲ့ ဈေးကွက်ကို ထပ်မံပြီးတိုးချဲ့ဖို့လိုအပ်ပါတယ်။ ဈေးကွက်ချဲ့ရာမှာ ပြည်ပကိုတင်မယ်ဆိုရင် ပုံမှန်တင်ပို့နေဖို့လည်း လိုအပ်ပါတယ်။ ရရှိထားတဲ့ ဈေးကွက်တွေ ပျောက်ဆုံးမှုမရှိစေရေးအတွက် ဆန်တင်ပို့မှု မူဝါဒကို တစ်သတ်မတ်တည်း ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လယ်ပိုင်ဆိုင်မှုစနစ်ဟာ ဒါ ကျွန်တော်တို့ ၂၀၁၁ လယ်ယာမြေ ဥပဒေကိုလည်း ပြင်ဆင်နေဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို လက်ရှိကျင့်သုံးနေတဲ့ လက်မှုလယ်ယာမှ စက်မှုလယ်ယာအဖြစ် အမြန် ပြောင်းလဲဖို့ လိုအပ်ပါကြောင်း

တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီး များမှ လိုအပ်တဲ့စက်ကိရိယာများကို အကြွေးစနစ်နဲ့ဖြစ်စေ၊စက်ပစ္စည်းအငှားလိုက်၍ဖြစ်စေ ကူညီဆောင်ရွက်ပေးသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့ အတွက်လည်း ဒါ ဝန်ကြီးဌာန နှီးနွှယ် ဝန်ကြီးဌာနများအပြင် တစ်မျိုးသားလုံးကနေပြီးတော့ ကူညီ ဆောင်ရွက်ဖို့ လိုအပ်လာပြီဖြစ်ပါကြောင်းလည်း တင်ပြအပ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို သုတေသန ပြုလုပ်ရာမှာ လယ်ယာမြေ အကြောင်း ဓာတ်ခွဲခန်းသုတေသနများသာမကဘဲနဲ့ တောင်သူလယ်သမားများနဲ့ သက်ဆိုင်တဲ့ လူမှုရေး၊ သုတေသနများကိုပါ ပြုလုပ်ပါမှ တောင်သူလယ်သမားများရဲ့ အခြေအနေမှန်များကို သိရှိ နိုင်မှာဖြစ်ပါတယ်။ ဒီလို အခြေအနေမှန်များကို မသိတဲ့အတွက် ချေးငွေ မလိုအပ်တဲ့ဒေသမှာ ချေးငွေတွေ ထုတ်ချေးခြင်း၊ ဒေသနဲ့ကိုက်ညီခြင်းမရှိတဲ့ မျိုးစပါးတွေကို ဖြန့်ဝေပေးမိခြင်း ၊ လိုအပ်တဲ့ သွင်းအားစုတွေကိုမပေးဘဲနဲ့ မလိုအပ်တဲ့သွင်းအားစုများကို ဖြန့်ဖြူးပေးမိခြင်းများ ရှိနိုင်ပါတယ်။ ဒါကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွ က် သုတေသနကို စနစ်တကျ ပြုလုပ်ပြီး စာရင်းဇယား အမှန်များရရှိဖို့ လိုအပ်ပြီဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီလို မြန်မာ့လယ်ယာစိုက်ပျိုး ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမယ့်အချက်အလက်နဲ့ အ ဖြေတွေကိုလည်း သိရှိပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံလည်း မြန်မြန်ဆန်ဆန် ဆောင် ရွက်လာမယ်ဆိုလို့ရှိရင် နောင် (၁၀)နှစ်မှာ ကမ္ဘာမှာ ဆန်စပါးအဓိက တင်ပို့ရောင်းချမယ့်နိုင်ငံ တစ်နိုင်ငံ ဖြစ်လာမှာဖြစ်ကြောင်း ဟောကိန်း ထုတ်သွားဖူးပါတယ်။ ၂၀၀၉ ခုနှစ်မှာ လာရောက်ခဲ့တဲ့ ကမ္ဘာ့စီးပွားရေးပညာရှင် Stiglitz က လည်း မြန်မာ့ဆန်စပါး၊ စိုက်ပျိုးထုတ်လုပ်မှုဟာ မ ကြာမီ ပြန်လည် မြင့်တက်လာမယ်လို့ သုံးသပ် ပြောကြားသွားပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံအနေနဲ့ ဆန်စပါး ထုတ်လုပ် စိုက်ပျိုးတထိုမှုများကို ကျွန်တော်တို့ ယခုအချိန်ကနေပြီးတော့ အမျိုးသားရေးတာဝန် တစ်ရပ်ကြီး အနေဖြင့် ဆောင်ရွက်သွားရန် လိုအပ် ပါကြောင်း အဆိုရှင်ရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၃၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးကံညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၇။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ ကိုယ်စားလှယ်တော်ကြီး အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ကျွ န်တော်ကတော့ စစ်ကိုင်းတိုင် းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးကံညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၃၀-၁-၂၀၁၂ နေ့က ရန်ကုန်တိုင်း ဒေသကြီး အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းခဲ့တဲ့ တောင်သူလယ်သမားများ ရဲ့ ကုန်ထုတ်စွမ်းအား ဆန်စပါး တိုးတက်မြင့်မားစေရေးနဲ့ ဝင်ငွေတိုးတက်ရရှိရေးအတွက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တောင်သူလယ်သမားများ (၇၀)ရာခိုင်နှုန်းခန့် ရှိနေပြီး၊ ၎င်းတို့၏ လူနေမှုဘဝ တိုးတက်လာစေရန် လယ်ယာကုန်ထုတ်စွမ်း အားများ မြင့်မားလာစေရေး နဲ့ ဝင်ငွေများ တိုးတက် ရရှိရေးဟာ အလေးထား ဆောင်ရွက်ပေးရမယ့် လုပ်ငန်းတစ်ခုပဲ ဖြစ်ပါတယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲမှုလျှော့ ချရေးလုပ်ငန်းစီမံချက်ရဲ့ အဓိကလုပ်ငန်း တစ်ရပ်လည်း ဖြစ်ပါတယ်။ ပထမအဆင် ့အနေဖြင့် ဝမ်းစာဖူလုံရေး၊ ဒုတိယအဆင် ့အနေဖြင့် ပို့ကုန် အမယ် အမျိုးမျိုး စိုက်ပျိုးထုတ်လုပ်ရေး ၊ လယ်ယာစိုက်ပျိုးရေး နည်းစနစ်များကို အသွင်ပြောင်းလဲ ပေးရေးနှင့် နည်းပညာအသစ်များ သုံးစွဲသွားရမှာ ဖြစ်ပါ တယ်။ တတိယကမ္ဘာ့နိုင်ငံများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ လူနေမှုအဆင့်မြင့်မားစေရေးအတွက် လိုအပ်ချက်တွေကတော့

၁။ လယ်ယာလုပ်ငန်းငယ်ကလေးများကို တိုးတက်စေရေးအတွက် နည်းပညာ ပြောင်းလဲသုံးစွဲ၊ တီထွင်ဆန်းသစ်မှုများ ပြုလုပ်ရန်၊ ဖွံ့ဖြိုးရေးနှင် ့သင့်လျော်သည့် အစိုးရ စီးပွားရေး မူဝါဒများ နှင့် လူမှုရေးအသင်းအဖွဲ့များကို ထောက်ပံ့ပေးရေး၊

၂။ အထွေထွေကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး နှင့် ဆိုင်သော ခေတ်မီလယ်ယာ ပုံသဏ္ဍာန်သို့ ပြောင်းလဲရေးလိုအပ်ချက်ကို ဖြည့်တင်းပေးရန်ထိရောက်သည့် ထောက်ပံ့နိုင်စွမ်းအား

ရှိသောစနစ်ကို ဖန်တီးရန်နှင့် ကျေးလက်ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲခြင်းမှ လူနေမှုအဆင့်ကို မြှင့်တင်ရန်တို့ ဖြစ်ပါတယ်။

အရင်က ပညာမရှိလို့ လယ်လုပ်တယ် လို့ဆိုပေမယ့် ယနေ့ ကျွန်တော်တို့ နိုင်ငံမှာ ပညာတတ်တွေ လယ်ယာတွေမှာ လုပ်ကိုင်နေကြတာ အများအပြား တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပညာတတ်လို့ လယ်လုပ်တယ်လို့တောင် ပြောရမလိုဖြစ်နေပါပြီ။ တောင်သူ လယ်သမားများ၊ များပြားလာတာနဲ့ အမျှ လယ်ယာမြေတိုးချဲ့ရန် အကူအညီပေးခြင်း ဖြင့် သီးနှံ ထွက်ရှိမှုကို တိုးမြှင့် ပေးနိုင်မှာဖြစ်ပါတယ်။ ယခုအခါ ကန်ထရိုက်စနစ် စိုက်ပျိုးရေးကို စက်မှု လယ်ယာစနစ်နှင့်အတူ ကူး ပြောင်းဆောင်ရွက်နေချိန်ဖြစ်ရာ ဒီအချိန်မှာ ကုန်ကျစရိတ် သက်သာ စွာဖြင့် ကောက်ပဲသီးနှံများအထွက်တိုးရေး၊ ထွက်ရှိသောသီးနှံများကို ပြည်တွင်းပြည်ပ ဈေးကွက် ရရှိရေး၊ ရောင်းချရေးနှင့်အတူ သိပ္ပံနည်းကျ စပါး အထွက်တိုး မျိုးစပါးစေ့များရရှိရေး၊ လယ်ယာ မြေပြုပြင်ရေး၊ မြေဩဇာအသုံးချရေး၊ ရေအသုံးချရေး အပါအဝင် သုတေသနပြဋ္ဌာန များ၊ တက္ကသိုလ်များနှင့် ဆက်သွယ်၍ သုတေသနပြုရေးတို့ကို စီစဥ်ဆောင်ရွက်ပေးရန် လိုအပ် နေပါတယ်။ ထို့အပြင် အခြားနိုင်ငံများ၏ ဆောင်ရွက်ချက်များကို လေ့လာ၍ မိမိနိုင်ငံနှင့် . သဟဇာတဖြစ်မည့် နည်းလမ်း များ နှိုင်းယှဥ်ချိန်ထိုး၍ သုတေသနပြုမှုများလည်း ဆောင်ရွက်သင့် ပါတယ်။ သင်တန်းကျောင်းများ ဖွင့် လှစ်၍သော်လည်းကောင်း၊ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ ပြုလုပ်၍သော်လည်းကောင်း တောင်သူလယ်သမားကြီးများကို ထိတွေ့၍ မျိုးကောင်းအထွက်တိုး မျိုးစပါးရရှိရေး၊ ဓာတ် မြေဩဇာသုံးစွဲရေး၊ စိုက်ပျိုးရေသုံးစွဲရေး၊ ပိုး မွှားရန်ကာကွယ်ရေး၊ ရောင်းဝယ်ဖောက်ကားရေးနည်းစနစ်များ စသည့်လိုအပ်ချက်များကို ထိရောက်စွာ ဆွေးနွေး ပို့ချ၍ လိုအပ်သောအကူအညီမျ၀ား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် ကုန်ထုတ်စွမ်းအား တိုးတက်လာပြီး ဝင်ငွေများ တိုးတက်ရရှိလာမှာဖြစ်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်လိုက် ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၃း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစောအုန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၂။**

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအုန်း ဖြစ်ပါတယ်။ ၃၀-၁-၂၀၁၂ ရက်နေ့က ဒေါက်တာမြင့်ကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)က ဤလွှတ်တော်သို့ တောင်သူလယ်သမားများရဲ့ ကုန်ထုတ်စွမ်း အား ဆန်စပါး တိုးတက် မြင့်မားစေရေးနဲ့ ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရကို တိုက်တွန်းကြောင်း အဆိုတစ်ရပ် တင်သွင်းခဲ့ ပါတယ်။ ဒေါက်တာမြင့်ကြည် ရဲ့ နိုင်ငံတော်နဲ့ တောင်သူလယ်သမားများအပေါ် စေတနာ အပြည့်အဝ ထားတဲ့ အဆိုကို ကျွန်တော်ဟာ လယ်သမားတစ်ဦးဖြစ်တဲ့အလျောက် ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်သမားတိုင်းဟာ သူ့ရဲ့ဒေသမှာ ရေ၊ မြေ၊ ရာသီဥတုနဲ့ ကိုက်ညီတဲ့ ဒေသမျိုးစပါးများကိုသာလျှင် စိုက် ပျိုးကြပါတယ်။ စိုက်ပျိုးတဲ့ အခါမှာလည်းပဲ ကျွန်တော်တို့ ဘယ်လိုစိုက်လဲဆိုရ င် ပထမမျိုးကို မိမိ ကျီထဲက၊ ပုတ်ထဲက ရှိတဲ့ဟာကိုပဲ၊ ဒီကပဲ ကြိတ်၊ ဒီက ပဲ ရောင်း၊ ဒီကပဲ မျိုးအတွက် ချင်တွယ်ပြီးတော့ လယ်မှာ ဒီလိုပဲ ပျိုးထောင်ကြပါတယ်။ မျိုးကို သီးသန့် နယ်လှေ့ထား ပြီးတဲ့ လယ်သမားဟာ တော်တော့် ကို ရှားပါတယ်။ ဒီလို သီးသန့် နယ်လှေ့ထားတဲ့ ကျွန်တော်တို့ good quality Seed ဖြစ်နေတဲ့ မျိုးစပါးဟာလည်းပဲ တကယ်တော့ လယ်သမားက လုပ် မယ်ဆိုရင် ရာနှုန်းပြည့် ဒီ good quality Seed မရနိုင်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လယ်တွေဟာ လယ်သမားတွေဟာ တစ်ဧကမှာ တင်း (၅၀)ကျော်ထက်ပိုပြီး မစိုက်နိုင်ကြပါဘူး ။ နိုင်ငံတော်က ဘယ်လိုပဲ တစ်ဧက မှာ တင်း(၆၀) (၇၀) (၈၀) သီးတယ်ဆိုပေမယ့် တကယ့် တကယ်ဆို ကျွန်တော်တို့ မွန်ပြည်နယ်မှာ တင်း (၄၀) ကနေ (၅၀) ကြားလောက်ပဲ သီးပါတယ်။ ဒါဟာ ဘာလို့လဲ ဆိုလို့ရှိရင် ကျွန်တော် တို့ မျိုးစေ့ကမှ တကယ့်ကို good quality Seed မဖြစ်တဲ့အတွက်ကြောင့် ဒီလောက်ပဲ ထွက်တယ် လို့ ကျွန်တော် ယူဆပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်မှာ ကျွန်တော်တို့ လွှ တ်လပ်ရေးရပြီးတဲ့ အချိန်ကနေစပြီးတော့ တက္ကသိုလ်တွေမှာလည်း ဘွဲ့ပေးမယ်ဆိုရင် B.Sc(Agri) တွေ၊ B.Ag၊ Dip (Agri) တွေ၊ စိုက် အ .ထ.က တွေ၊ ဒီကနေ ကျွန်တော်တို့ စိုက်ပျိုးရေးပညာရှင်တွေ

အများကြီးမွေးထုတ်ခဲ့တယ်။ နိုင်ငံခြားပြန် ပါရဂူ၊ ဒေါက်တာဘွဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီး ရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးဟာ ထင်သလောက် မဖွံ့ဖြိုးဘူး။ တိုးတက်လာခြင်း မရှိပါဘူး။ ဒါက အမှန်တရားကို ကျွန်တော် တင်ပြတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးရေးသုတေသနလုပ်ငန်းဆိုတာလည်း အရင်ကတည်းက ရှိခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အဓိကကျတဲ့ ဆန်စပါးကို ကျွန်တော်တို့ မြန်မာဟေ့ ဆိုပြီး တော့ မြန်မာစပါးမျိုးဆိုပြီးတော့ လက်မထောင်လောက်အောင် တီထွင်စမ်းသပ်စိုက်ပျိုးခဲ့တာ မကြားရသေးပါဘူး။ ကျွန်တော် တို့ ခု စပ်မျိုးစပါးတွေ ထွက်နေတာလည်း တရုတ် စပ်မျိုးစပါး၊ ဗီယက်နမ်စပ်မျိုးစပါး၊ ဖိလစ်ပိုင်စပ်မျိုးစပါး ဒါတွေပဲ ကျွန်တော် တို့ ကြားနေရပါတယ်။ မြန်မာမျိုးဆိုတာ ကျွန်တော်တို့ ပီပီပြင်ပြင် မရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ဒေသမှာ ကျွန်တော်တို့ စိုက်နေတာ ရာသီစပါး မျိုးသာ ဖြစ်ပါတယ်။ မိုးရာသီမှာ စိုက်ရင် ရာသီစပါးမျိုး၊ ရာသီစပါးမျိုးဆိုတာကတော့ ကျွန်တော်တို့ဒေသမှာဆိုရင် ငကြွဲအုပ်စု၊ ပေါ်ဆန်း၊ ပေါ်ဆန်း ဝါ၊ ပေါ်ဆန်းဘေးကျား၊ တောင်ပျံ၊ ငစိန်အုပ်စုဆိုရင် ကျွန်တော်တို့ ဘန်ကောက်၊ မတ္တရာ စသည်ဖြင့် ကျွန်တော်တို့ စိုက်တယ်။ ဒီမှာ လည်း ကမာကြည်ဆိုတာရှိပါ သေးတယ်။ ဒီလို စပါးမျိုးတွေကို ကျွန်တော်တို့ စိုက်တဲ့အခါမှာ ဒီစပါးမျိုးတွေကို qualify ဖြစ်အောင် မျိုးစေ့ကို နိုင်ငံတော်က ထုတ်လုပ်ပေးဖို့လိုအပ်ပါတယ်။ တခြား အခုခေတ်စားနေတဲ့ ပုလဲသွယ် စပါးမျိုးတို့ ဘာတို့ဆိုတာ နွေရာသီမှာသာ စိုက်နိုင်ပြီးတော့ ကျွန်တော်တို့ဒေသဆိုရင် နွေရာသီမှာတော င် နွေစပါးအဖြစ် စိုက်နိုင်ဖို့အနေအထား မရှိသေးဘူးလို့ ကျွ န်တော် ယူဆပါတယ်။ ဘာလို့ လဲဆိုတော့ သူက သေချာကို ကွင်းကို ၊ ခွက်ကို ပြင်ရတယ်။ ရေအသွင်းအထုတ်လုပ်ရတယ်။ ကျွန်တော်တို့ ဆည်ရေသောက်ဧကတွေ စာရင်းဇယားက ပြနေ သော်လည်း တကယ့်တကယ်မှာ ဆည်ရေ သောက်ဧကဟာ ရာဂဏ န်းလောက်ပဲ ရှိပါတယ်။ အဲဒီတော့ နိုင်ငံတော်အနေနဲ့ ကျွန်တော်တို့ စပါးစိုက်ပြီဆိုရင် စပါးဟာ အောင်မြင်သွားပြီဆိုရင် ကျွန်တော်တို့ စပါးမျိုးတွေဟာ အချိန်ကျလို့ ရှိရင် ကျွန်တော်တို့ ဖူးလာမယ်။ ပွင့်လာမယ်။ ဝတ်ဆံတွေ အရည်သွင်းလာမယ်။ အဲဒီလို အချိန် ကျရင် ကျွန်တော်တို့ ရာသီကလည်း ကျွန်တော်တို့ကို ဒါမျှတမှသာလျှင် စပါး များများ ထွက်မှာ၊ ဥပမာဆိုရင် အပွင့်လန်းချိန်မှ အစေ့က အရည်သွင်းချိန်မှာ ညကျရင် မိုးလေးက တစ်ပြိုက် နှစ်ပြိုက်ရွာ၊ နေ့မှာ နေလေးသာလိုက် နံနက်စောစော နှင်းလေးက ဝေလို့ရှိရင် ဒါ ကျွန်တော်တို့ စပါးက ကျိန်းသေ အထွက်ကောင်း မှာပါ။ ပြီးခဲ့တဲ့နှစ်ကတော့ ကျွန်တော်တို့ ဒီ လို ရာသီမျိုး

ကျွန်တော်မတွေ့ရပါဘူး။ အဲဒီတော့ မတွေ့ရတဲ့အတွက်ကြောင့် တ စ်ဧကကို တင်း (၄၀)၊ (၅၀) ထွက်တဲ့ လယ် ဟာ တစ်ဧကမှာ တင်း (၂၀)လောက်ပဲ ထွက်ပါတယ်။ ဒါအမှ န်အတိုင်း ပြောပါ တယ်။ ဒါလယ်သမားတွေကို ကျွ န်တော်ကိုယ်တိုင်လည်း ဒါ ခံစားရပါတယ်။ တချို့ လယ်သမား ဆိုရင် စပါးပင်ဖြစ်လာပြီးတော့ အနှံဖြစ်တဲ့အချိန်မှာ ဒီလိုရာသီကောင်း ကောင်းနဲ့ မတွေ့ရတဲ့ အတွက်ကြောင့် တံဇဥ်လွတ် ခေါ်ပါတယ်။ ရိတ်သိမ်းလို့ ဘာမှ အကျိုးမရှိတော့ဘူး။ ဒီ အတိုင်းပဲ ပစ်ထားပါတယ်။ ဒါကြောင့် လယ်သမားတွေဟာ ဘဝမတိုးတက်ဘူးဆိုတာ အဲဒါတွေကြောင့် ပါ။ ဒါကြောင့် ဒီရာသီစပါးတွေကိုလည်းပဲ ရာသီဒဏ်ကို ခံနိုင်တဲ့အနေအထားကို နိုင်ငံတော်က ဒါ သုတေသနလုပ်ပြီးတော့ ဒီလိုစမ်းသပ်ပေးဖို့လိုပါတယ်။

ဒုတိယအချက်အနေနဲ့ လယ်သမား တွေရဲ့ တွေ့ကြုံရတဲ့ငွေရေးကြေးရေး ကုန်ထုတ် အရင်းအနှီးကို ကျွန် တော် တင်ပြပါမယ်။ စောစောက ကျွန်တော့်နောင်တော်ကြီးတွေလည်း ပြောသွားတာရှိပါတယ်။ ကျွန်တော်တို့ လယ်သမား အများစုဟာ ဆင်းရဲဒုက္ခရော က်ပါတယ်။ ငွေရေးကြေးရေး မလုံလောက်ပါဘူး။ နိုင်ငံတော်မှာ လယ်သမားတွေ ဖွံ့ဖြိုးတိုးတက်တာရှိတယ် မှန်ပေမယ့်လည်း ဒါ အနည်းအကျဉ်း သာလျှင် ဒါ ဖွံ့ဖြိုး တိုးတက်မှုရှိပါတယ်။ အဲဒီတော့ အများစုဟာဖြင့်ရင် မိသားစု စားဝတ်နေရေး ကျန်းမာရေး ၊ ပညာရေး၊ လူမှုရေး ကိစ္စတွေနဲ့ပဲ လုံးလည်လိုက်ပြီးတော့ အကြွေးလည်း တင်နေကြပါတယ်။ အကြွေးကင်းတဲ့လယ်သမားဆိုတာ တော်တော်ရှားပါတယ်။ ကျွန်တော် ကိုယ်တိုင် အကြွေးကင်းတဲ့ လယ်သမားဆိုလို့ ကျွ န်တော် ဝန်မခံနိုင်ပါဘူး။ ဒါတောင် ကျွန်တော်က လယ်ဧက (၈၀)လောက် လုပ်ပါတယ်။ အဲဒီတော့ လယ်တစ်ဧကမှာ ကျွန်တော်တို့ ထွန်ယက်စိုက်ပျိုးတာကစပြီးတော့ ရိတ်သိမ်းနယ်လှေ့ပြီးသည် အထိ (၁)သိန်းလောက်ကျပါတယ်၊(၁)သိန်းပတ်ဝန်းကျင်လောက် ကျပါတယ်။ ဒါကြောင့် လယ်ဧက (၂၀)လုပ်တဲ့သူဟာ သူ့မှာ ဒီလို လယ်လုပ်ဖို့အတွက် ငွေသိန်း (၂၀) ရှိနေမှ၊ အဆင်သင့်ရှိနေမှ ရပါတယ်။ တစ်ဖက်ကလည်း မိသားစု စားဝတ်နေရေးအတွက်ဆိုတာ ဖယ်ထား။ ဒီဘက်က လယ်လုပ်ဖို့ဆိုတာကလည်း သိန်း(၂၀)လောက်ကို ရှိနေမှ။ ဒီတော့ သိန်း (၂၀)ဟာ မရှိကြပါဘူး။ မရှိတော့ နိုင်ငံတော်က ထုတ်ချေးတဲ့ စိုက်စရိတ်ချေး ငွေကို မျှော် ပါတယ်။ စိုက်စရိတ်ချေးငွေ ကလည်း အရင်အစိုးရ လက်ထက်အဆက်ဆက်က ကျွန်တော်တို့ တစ်ဧကကို (၂၀၀၀၀)နှုန်း ပေးပါတယ်။ အခုထိ ဘယ်လိုပေး လဲဆိုရင် ကျွန်တော်တို့ (၁၀)ဧကကို စံထားပြီးတော့ လယ်ဧက ဘယ်လောက်ပဲ လုပ်လုပ် (၁၀)ဧကပဲ။ ကျွန်တော် လေးငါး ခြောက်ဆယ် ခုနစ် ဆယ်လုပ်လည်း

(၁၀)ဧကပဲ၊ စာအုပ်တစ်အုပ်ပဲ ဘဏ်စာအုပ်၊ အဲဒီအပေါ်မှာလည်း တစ်ဧကကို (၂၀၀၀၀)နှုန်းနဲ့ နှစ်သိန်းပဲ ချေးပါတယ်။ ဒီထက်လည်း ပိုချေးလို့မရဘူး။ အဲဒီနှစ်သိန်းချေးတဲ့ အခါကျတော့ ဧက(၂၀) လုပ်တဲ့လူကတော့ နှစ်သိန်းရပါတယ်။ (၁၀)ဧက လုပ်တဲ့လူလည်း နှစ်သိန်းရတယ်။ ခု နိုင်ငံတော် အစိုးရသစ်လက်ထက်မှာ ဒုတိယအရစ်ဆိုပြီးတော့ နှစ်သိန်း ထပ်ချေးပါတယ်။ အဲဒီတော့ ပြီးခဲ့တဲ့နှစ်ကစပြီးတော့ တစ်ဧကကို (၄၀၀၀၀) ချေးတဲ့သဘောရှိတယ်။ တကယ်လို့ တစ်ဧက (၄၀၀၀၀) ပီပီပြင်ပြင် ရကြမယ်ဆိုရင် လယ်သမားအဖို့ဟာ အတော်အဆင်ပြေပါတယ်။ သူ့မှာရှိတဲ့ငွေနဲ့ နိုင်ငံတော်ချေးငွေနဲ့ ပေါင်းလိုက်ရင် လုံလောက် ပါတယ်။ လုံလောက်ဖို့ များပါတယ်။ ဒါပေမဲ့ တကယ့် တကယ် မလုံလောက်ကြတဲ့ လယ်သမားတွေရှိတဲ့ အတွက်ကြောင့် ဧက(၂၀)၊ (၂၅)၊ (၃၀)၊ (၄၀) ဒီလိုတောင်သူလယ်သမားတွေဟာ တစ်ချိန်ကျရင် ငွေရှင်တွေသာ သွားရတယ်။ စပါးရောင်းတာရှိတယ်။ စပါးကို ကြိုတင်ရောင်းတယ်။ လေးသိန်းလောက်ပေါက်တဲ့ စပါးကို နှစ်သိန်း နှစ်သိန်းခွဲလောက်နဲ့ရောင်းရတယ်။ ဒါဟာ စပါးပေါ်တဲ့အချိန်ကျရင် ဒီ ငွေ အတိုင်း စပါးကို ပြန်ထုတ်ပေးရတယ်။ ဒီလိုလည်းရှိတယ်။ အတိုးနဲ့ လည်းချေးလို့ ရတယ်။ အတိုးကတော့ (၅)ကျပ်တိုးကနေ (၁၀)တိုးထိ ရှိပါတယ်။ (၅)ကျပ်တိုးကတော့ တော်တော်ရှားပါတယ်။ ယုံကြည်မှုတည်ဆောက်ပြီး မှသာ ငွေရှင်တွေက ပေးပါတယ်။ ယုံကြည်တဲ့ သူတွေကိုတော့ (၅)ကျပ်တိုး ပေး တယ်။ မယုံကြည်၊ ယုံကြည် နည်းနည်းပါးပါး မယုံကြည်တဲ့သူဆို (၁၀)တိုး။ ကိုယ်စားလှယ်တစ်ဦးပြောသွားတာက (၁၅)ကျပ်တိုးထိရှိတယ်လို့ပြောတယ်။ ကျွန်တော်တို့ဘက်မှာ (၁၀)တိုးလောက်ထိရှိပါတယ်။ ရွှေပေါင်မယ် ဆိုလည်း လယ်သမားက နဂိုက ပိုက်ဆံရှိ တာမှ မဟုတ်ဘဲ။ ရွှေကလည်း စုစုဆောင်းဆောင်း မရှိပါဘူး။ နောက် ကျွန်တော်တို့ ရွှေဆိုင်တွေမှာ သွားပေါင်ရင် (၁၀၀)ကို (၃)ကျပ်တိုးနဲ့ ဒါ အသေးစားချေးငွေ၊ နိုင်ငံ တော်ကဖွင့်တဲ့ အသေးစား ချေးငွေ သွားပေါင်ရင်လည်း ရွှေတစ်ကျပ်သားကို အခုဆိုရင် ငါး သိန်းလောက်ပေးပါတယ်။ လေးသိန်းရှစ်သောင်းပေးပါတယ်။ သူလည်းပဲ (၃)ကျပ်တိုးပါပဲ။ သူက (၅)လမှာ အတိုးလာ မသွင်းရင် တ စ်မျိုးဖြစ်သွားမယ်။ (၅)လမှ အတိုးသွားသွင်း ရသေးတယ်။ ဒီလိုလည်း ရှိတယ်။ ဒါကြောင့် ဒီ လယ်ယာဖွံ့ဖြိုးရေးဘဏ်က ကျွန်တော်တို့ကို ချေး တဲ့အခါကျရင် သူက ချေးတော့ ချေးတယ်။ ဒါပေမဲ့ သူလည်း အတိုးနဲ့ပါပဲ။ ပထမအကြိမ်တုန်းက ကျွန်တော်တို့ (၁၇)ရာခိုင်နှုန်း၊ ဒါ တစ်နှစ်လုံးအပေါ်မှာ ငွေ (၁၀၀)မှာ (၁၇)ရာခိုင်နှုန်း၊ နောက် ဒုတိယအကြိမ် ချေးတဲ့အခါကျတော့ (၁၅)ရာခိုင်နှုန်းဖြစ်သွားတယ်။ တကယ့် တကယ် ကျွန်တော် လေ့လာတဲ့အခါမှာ

ဒီလယ်ယာဖွံ့ ဖြိုးရေးဘဏ်က မြန်မာ့စီးပွားရေး ဘဏ်ကနေ ငွေယူပြီးတော့ တောင်သူ လယ်သမားကို ချေးပေးတာဖြစ်တယ်။ မြန်မာ့ စီးပွားရေးဘဏ်က လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို (၈.၅)ရာခိုင်နှုန်းနဲ့ သူက အတိုးနဲ့ချေးပေးတာ၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်က ကျွန်တော်တို့ လယ်သမားကို (၁၇)ရာခိုင်နှုန်း၊ (၁၅)ရာခိုင်နှုန်းနဲ့ တစ်ခါ အတိုးပြန်ယူတယ်ဆိုတော့ ဒီ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှာ လယ်သမားအကျိုးကို ဆောင်ရွက်သူတွေအတွက် လယ်သမားရဲ့ အတိုးကိုပါ သူက လှည့်ယူတဲ့သဘောရှိတယ်။ ဒါကြောင့် ဒါဟာမဖြစ် သင့်ဘဲ မဖြစ်ထိုက် တာ။ နိုင်ငံတစ်ခု မှာဆိုရင် တကယ်လို့ဖြစ်နိုင်ရင် (၁၀)ရာခိုင်နှုန်း၊ (၁၂)ရာခိုင်နှုန်း ဒီလောက်ပဲ ယူသင့်တယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒီအတိုးနှုန်း ကိုလည်း ပြင်ပေးဖို့ နောက်ပြီးတော့ (၁၀)ဧကကို ဦးတည် ထားပြီးတော့ ငွေထုတ်ချေးတဲ့နစ်ကနေ (၂၀)ဧကလောက် ဦးတည်ထားပြီး ငွေထုတ်ပေးဖို့ ဒါလည်း ကျွန်တော်တင်ပြချင်ပါတယ်။ နောက် စိုက်ဘဏ်တွေကလည်း ကျွန်တော် ဒီဇင်ဘာလ အကုန် ဇန်နဝါရီလဆန်းလို့ရှိရင် လယ်သမားဆီမှာ ကျွန်တော်တို့ ငွေတောင်းတော့တာပဲ။ တောင်းတဲ့အခါ ကျတော့ လယ်သမားက ဘာဖြစ်လဲဆိုတော့ ဒီလို စပါးပေါ်စချိန်မှာ စပါးဈေးက မကောင်းပါဘူး။ သူရောင်း ငါရောင်းနဲ့ ဖြစ်နေတဲ့အချိန်မှာ ဒီအကြွေးတွေ မနေသာတော့ ဒါဟာ ရောင်းရမှာပဲ။ ရောင်းတဲ့အခါကျတော့ ရသင့် သလောက် မရဘူး။ ဒီအတိုးငွေကလည်း မတ်လကုန်လောက်ထိ ဒါ ဆိုင်းပေးနိုင်ရင်တော့ လယ်သမားတွေအဖို့ ပိုကောင်းပါတယ်။

နောက်တစ်ခုကတော့ အချိန်အတွယ် ကိစ္စတွေ ပြောချင်ပါတယ်။ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ တောင်သူလယ်သမားတွေနဲ့ သွားပြီးတော့ အတွေ့အကြုံ ရှင်းတဲ့အခါမှာလည်း ဒီကိစ္စပြောပါတယ်။ ကျွန်တော်တို့က မိရိုးဖလာ အစဉ်အဆက်က လည်း ဗူးတို့၊ ပြည် တို့၊ တင်း၊ တောင်းတို့နဲ့ ဒီစပါး၊ ဆန်တွေကို ချိန်တွယ် ရောင်းနေတာ ဒါလည်း တော်တော်လေး ခေတ်မကောင်းတော့ပါဘူး။ ခေတ်မကောင်း ဘူးဆိုတာ လယ်သမားအဖို့ တော်တော်နစ်နာတဲ့ အချက်တွေရှိပါတယ်။ ပွဲစား က ပွဲစားတင်းနဲ့ လာတယ်။ လယ်သမားတင်း နဲ့ဆို သူမဝယ်ပါဘူး။ ပွဲစားတင်းက ကျွန်တော်တို့ သိနေတာက (၁၆) ပြည်ကို (၁) တင်း၊ ဒါပေမဲ့ သူက (၁၆) ပြည် (၄) ဗူး၊ (၆) ဗူး အဲဒီလို တင်းတွေနဲ့ လာတာ ။ ကျွန်တော်တို့ သူ့ တင်းနဲ့ မရောင်းဘူးဆိုလည်း အလုပ် မဖြစ်ဘူး။ ဒါ ရောင်းရတယ်။ နောက်ပြီးတော့ စပါး တစ်စည်း (၂၅) တင်းမှာ (၁) တင်း လည်း ပိုပေးရ သေး တယ်။ အဲဒီတော့ ဒီ တောင်သူလယ်သမားတွေ ကျွန်တော်နဲ့ ထိတွေ့တဲ့အခါမှာ (၁)တင်းဆောင်းကို ဖြုတ် ပေးဖို့ဆိုတာလည်း သူတို့ပြောတယ်။

တကယ်တော့ (၁)တင်းဆောင်းဟာ ဖြုတ်ပေးလို့ မရဘူး။ ဒီမိုကရေစီခေတ်မှာ မရောင်းချင်နေ။ (၁)တင်းဆောင်းပေးနိုင်တဲ့လူက ရောင်းမှာပဲ။ မရောင်းချ င်ရင်လည်း နေလို့ရတဲ့ သဘောရှိပေမယ့် နောက်ဆုံးကျတော့ ရောင်းရတဲ့ သဘောရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒါလေးကို အလေးချိန်အဖြစ်သာ ဆန်စပါး ရောင်းဝယ်ရေးကို လက်လီလက်ကားကအစ ဆန်ရော၊ စပါးရော အလေးချိန်အဖြစ် ကျွန်တော်တို့ ပေါင်သုံးမလား၊ ကီလိုသုံးမလား၊ ကျွန်တော်တို့ အရင်က နိုင်ငံတော် စပါးတွေ၊ တပ်မတော် စပါးဝယ်တဲ့အခါမှာ (၄၆)ပေါင် တင်းကိုက် နဲ့ဝယ်ပါတယ်။ ဒါ အင်မတန်ကောင်းတဲ့ စနစ်ပါ။ ဒီလိုအလေးချိန်နဲ့ ပြောင်းလိုက်ခြ င်းအားဖြင့် ကျွန်တော်တို့ ဘာအကျိုးကျေးဇူးရှိမလဲဆိုရင် လယ်သမားတွေဟာ စပါးကို အရည်အသွေးပြည့်ပြည့် အလေးချိန်ရှိအောင် ကျွန်တော်တို့ စပါးဟာလည်း သူက ဝိတ်ရှိတယ်။ ဆန်အရည်အသားထဲမှာ အပြည့်ရှိရင် ဝိတ်ရှိတာပါပဲ။ အဲဒီလို ဝိ တ်ရှိလာအောင် လယ်သမားတွေဟာ ပိုပြီးတော့ ကြိုးကြိုးစားစားနဲ့ စိုက်လာမယ်ဆိုရင် ကျွန်တော်တို့ရဲ့ဆန်စပါးဟာ အရည်အသွေးဟာပိုကောင်းလာမှာဖြစ်ပါတယ်။

နောက်ဆုံးတစ်ချက်အနေနဲ့ ကျွန်တော် ပြောချင်တာတော့ ဒီလယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စီးပွားရေး တွက်ခြေကိုက်မှုရှိတဲ့ ခိုင်မာသော ဈေးကွက်ပဲ။ စောစောကကိုယ်စားလှယ်တော့ ပြောသွား ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဒေသမှာကတော့ ကျွန်တော်တို့ ဒီ ကနေ့ လယ်စပါးဈေးနှုန်းက မဆိုးပါဘူး။ တော်တော် လေးကျွန်တော်တို့ ဒီလို ထိန်းထား နိုင်တယ်ဆိုရင် လယ်သမားအတွက် အကျိုးရှိပါတယ်။ ကျွန်တော်တို့ ဧည့်မထအုပ်စုပါတဲ့ ဘန်ကောက်က ဘန်ဘောက်တို့ နဂါးရားတို့ဟာ (၄)သိန်း တင်း(၁၀၀)ကို (၄)သိန်း ပတ် ဝန်းကျင်ရှိပြီးတော့ ငကျွဲအုပ်စုဖြစ်တဲ့ ပေါ်ဆန်းတို့၊ တောင်ပျံ တို့ သူတို့ဟာ (၇)သိန်းပတ်ဝန်းကျင်ရှိပါတယ်။ ဒါ လယ်သမားအဖို့ တော်တော်လေး လုပ်နိုင်ကိုင်နိုင်တဲ့ ဈေးနှုန်းတစ်ခုပါပဲ။ ဒီမှာ ထူးထူးခြားခြား တစ်ခုရှိတာကတော့ ဈေးထဲသွားပြီး တော့ ဆန်ဝယ်မယ်ဆိုရင် တစ်ပြည်ပဲ ဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ပေါ့နော်။ ဈေးနှုန်းအမြင့်ဆုံးကတော့ ရွှေဘိုပေါ်ဆန်းမွှေးပါပဲ။ တစ်ပြည်ကို ကျွန်တော် မြို့မဈေးမှာ သွားမေးကြည့်တယ်။ ဝယ်လည်း ဝယ်ကြည့်တယ်။ တစ်ပြည်ကို (၁၇၀၀) ပေးရတယ်။ ကျွန်တော်တို့ သထုံမှာလည်း ရောင်းပါတယ်။ (၆)ပြည်တစ်အိတ် ကို (၁၀၆၅၀) သူတို့က (၁၇၇၅)ကျပ် လောက်ကျတယ်။ အဲဒီ ဆန်ဈေးနဲ့တွက်လိုက်မယ် ဆိုရင် စပါးတစ်စီးကြိတ်ရင် (၁၁)တင်းပဲ တင်ဦး။ အဲဒီစပါးဈေးဟာ စပါးတင်း (၁၀၀)မှာ (၁၂)သိန်းကျော်ကျော်လောက် တွေ့နေရတာဖြစ်ကြောင်း ဒီစပါးဟာ တော်တော် စိတ်ဝင်စားဖို့ကောင်းတဲ့ စပါးဖြစ်တယ် ။

အဲဒီတော့ ဧရာဝတီမှာ ပေါ်ဆန်းထွက်တယ်။ ရွှေဘိုမှာ ပေါ်ဆန်း ဘယ်လိုရောက်လာလည်းဆိုတာ ကျွန်တော် လေ့လာတဲ့အခါကျတော့ ဒီရွှေဘို ပေါ်ဆန်းဟာ ဧရာ ဝတီကသွားတဲ့မျိုးပါ။ အဲဒီမှာ ရွှေဘိုဒေသမှာ သွားစိုက်ပြီးတော့ Qualify ဖြစ်သွားရင် အကောင်းဆုံး ဆန် ဖြစ်သွားတယ်။ အဲဒီလို အလားတူ အခြေအနေမျိုး ကျွန်တော်တို့ နိုင်ငံအနှံ့အပြားမှာလည်း စမ်းသပ်စိုက်ပျိုး ပြီးတော့ အရည်အသွေးကောင်းတဲ့ဆန်ကို ရတဲ့အတွက်ကြောင့် ဒီဆန်တွေကို ပြည်ပကို ပို့မယ်ဆိုရင် ဈေးကောင်းလည်းရမယ် ။ ကျွန်တော်တို့ မြန်မာပြည်ကလည်း နိုင်ငံကလည်း ပိုပြီးတော့ ကမ္ဘာ့အလယ်မှာ မျက်နှာပန်းလှမှာ ဖြစ်ပါတယ်။ ဒါ ကြောင့် ဒါတွေကို လည်း သုတေသနလုပ်ပေးဖို့ ကျွန်တော်တို့ ကြိုးစားပေးဖို့ ဒီကနေ့ ကျွန်တော်တို့ စပ်မျိုးစပါးတွေကို တစ်ဧကတင်း (၂၀၀)တို့ (၁၅၀)တို့ ထွက်အောင်လုပ်နေတဲ့ ဘာညာ ဒါလည်း ကျွန်တော်တို့ လက်ခံပါတယ်။ တစ်ပြည်လုံး အတိုင်းအတာတော့ မလုပ်နိုင်သေးဘူး။ ဒီနေပြည်တော်တစ်ဝိုက်၊ ရန်ကုန်တစ်ဝိုက်မှာလောက်သာ လုပ်နေကြတာ တွေ့ပါတယ်။ တကယ့် တကယ် စိုက်ရေးပျိုးရေး ကောင်းမွန်တဲ့ ပဲခူးတိုင်း ၊ မွန်ပြည်နယ်တို့၊ ဧရာ ဝတီတိုင်းတို့မှာတောင် ဒါတွေဟာ မလုပ်နိုင် သေးပါဘူး။ ဒါပေမယ့် လည်း ကြိုဆိုရမှာကတော့ စပါး (၁၀၀)ကို (၄)သိန်းနဲ့သတ်မှတ်ပြီးတော့ အခု စိုက်မယ်ဆိုရင် (၂)သိန်း ကြိုပေးတာတို့ ဘာတို့။ ဒါတွေလည်း ပြည်ထောင်စုဝန်ကြီးကို ကျွန်တော် ဒါ ချီးကျူးပါတယ်။

ဒါ့ကြောင့် လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးမချုပ်ခင်လေးမှာ ကျွန်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် လယ် ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ ဒုတိယဝန်ကြီးဆီကို ကျွန်တော် ဂုဏ်ပြုချီးကျူးစကား ပြောလိုပါတယ်။ ကျွန်တော်တွေ့ရတာ တီဗွီမှာဆိုရင်လည်း ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် လက်ကိုင်အသံချဲ့စက်နဲ့ ပြောနေတာ၊ ဆိုနေတာ၊ လုပ်နေတာ၊ ကိုင်နေတာ၊ သွား နေတာ၊ လာနေတာ ကျွန်တော်တို့ တွေ့ရပါတယ်။ နောက် စပ်မျိုးစပါးနဲ့ ပတ်သက်ပြီးတော့ အထွက် ကောင်း အောင်လည်း လုပ်နေတာတွေ့ရတဲ့အတွက်ကြောင့် ပြည်ထောင်စုဝန်ကြီးနဲ့ ဒုတိယ ဝန်ကြီး များဟာ တောင်သူလယ် သမားများရဲ့ လူနေမှုဘဝနဲ့ ဝင်ငွေ နှစ်ဆတိုးတက်စေရေး အတွက် ဒီလို အားသွန်ခွန်စိုက် အရှိန်အဟုန်ပြင်းပြင်းနဲ့ ဆောင်ရွက်နေတာတွေ့ရတဲ့အတွက် ကြောင့် ကျွန် တော်တို့ အမိနိုင်ငံတော်နှင့် တောင်သူလယ်သမားများကိုယ်စား လယ်သမား တစ်ဦးဖြစ်တဲ့ ကျွန်တော်ကိုယ်တိုင်ကပါ လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုအပ်ပါတယ်။ ပြီးတော့လည်း

အခုဆိုရင် အခြေခံပညာကျောင်းတွေမှာ ၂၀၁၂ ခုနှစ်ကစပြီးတော့ စိုက်ပျိုးရေးပညာပေး အစီအစဉ်များကို ထည့်သွင်းသင်ကြားပေးမယ်လို့ ကျွန်တော် သိရပါတယ်။ ဒါ အင်မတန် ကောင်းတဲ့ အစီအစဉ်ပါပဲ ။ ဒီကလေးသူငယ်တွေက စိုက် ရေးပျိုးရေးကို ဝါသနာပါခြင်း အားဖြင့် ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော် အနာဂတ်အတွက်လည်း အားရမိပါတယ်။ ကျွ န်တော်တို့ အရင်က ဒီသင်ရိုးညွှန်းတမ်းတွေမှာ သင်ရိုးမာတိကာတွေမှာ ကျွန်တော်တို့ သင်ခန်းစာတွေမှာ စိုက်ရေးပျိုးရေးနဲ့ပတ်သက်ပြီးတော့ သူငယ်တန်းကစပြီးတော့ (၁၀)တန်းအထိပေါ့။ အခြေခံ ပညာတွေမှာ သိပ်မရှိခဲ့ပါဘူး။ လယ်သမားကြီးဦးသာအောင် စပါးထွက်ရန် သူစွမ်းဆောင် ဒီတစ်ခုလောက်ပဲ ကျောင်းသူ /ကျောင်းသားတွေက သိပါတယ်။ အဲဒီတော့ ဒီကနေ့ ဘယ်လို ပညာပေး အစီအစဉ်တွေ သင်မယ်ဆိုတာတော့ ကျွန်တော် မသိသေးပါဘူး။ ဘယ်လိုစာမျိုးတွေ သင်မယ် ဆိုတာ မသိသေးပေမယ့်လည်း ဒီလိုဆောင်ရွက်ခြင်းအားဖြင့် တော်တော်ကောင်းမွန်တဲ့ အစီအစဉ် ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ ဆရာဒေါက်တာဦးမြင့်ကြည် ရဲ့ အဆိုဟာ ကျွန်တော်တို့အမိနိုင်ငံတော် ဒီ အချိန်တိုကာလအတွင်းမှာ ကျေး လက်ဒေသ ဖွံ့ဖြိုးရေး နှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုတဲ့ အမျိုးသားရေးရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်စေသည့်အတွက် လေးလေးနက်နက် ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေးချေးငွေက ပြည်ထောင်စုဒုတိယဝန်ကြီးက (၁၀)ဧကပဲ ပေးတယ်ဆိုတာ မှန်ပါသလား။

**အချိန်၊ ၁၄း၀၀။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ငွေကြေးအမြောက်အမြားနဲ့ သုံးရမှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ (၁၀)ဧကပဲ ပေးပါသေးတယ်။

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ**။ ။ ဘဏ်တိုးနှုန်းဆိုတာကတော့ သူက ဘဏ်ရဲ့လုပ်ထုံးလုပ်နည်း ရှိပါ တယ်။ မြန်မာ့စီးပွားရေးဘဏ်ကပေးပြီးတော့ ဘယ်နှုန်းနဲ့ချေးရမယ်ဆိုတာ အစိုးရရဲ့သတ်မှတ်ချက်

ရှိပါတယ်။ သူ့ဘဏ်ရဲ့ အသုံးစရိတ်တွေကလည်း ရှိတာကို။ သူက တောင်သူလယ်သမားကို ဘဏ်ကနေပြီးတော့ အတိုး ချေးစားတဲ့ သဘောတော့ မဟုတ်ပါဘူး။ သို့သော် (၁၀)ဧကပဲ ပေးတဲ့ အတွက်ကို ဥပမာ (၁၅)ဧကလောက် ပေးသင့်တယ်ဆိုတာမျိုးတော့ ဦးစောအုန်း အနေနဲ့ အဆိုတစ်ရပ် တင်သွင်းလို့ရှိရင် သင့်မယ်ထင်ပါတယ်။

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ**။ ။အစည်းအဝေးကို မိနစ်(၃၀)လောက် ရပ်နားပါ့မယ်။ ၁၄း၃၀ နာရီ မှာ ပြန်စပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၄း၀၀ နာရီတွင် ခေတ္တရပ်နားပြီး ၁၄း၃၀ နာရီအချိန်တွင် ပြန်လည် စတင်ပါသည်။]

**အချိန်၊ ၁၄း၃၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၄း၃၀။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၀။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးနဲ့ အမျိုး သားလွှတ်တော်ကိုယ်စားလှယ်များကို လေးစားစွာ ဂါရဝပြုလိုက် ပါတယ်။ ကျွန်တော်ကတော့ မွန် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ရေးမြို့နယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်း မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ တောင်သူလယ်သမားများ၏ ကုန်ထုတ်စွမ်းအား ဆန်စပါးတိုးတက်မြင့်မားစေရေးနှင့် ဝင်ငွေ တိုးတက်ရရှိရေးအတွက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးသွားပါမယ်။ ဖတ်ကြားပြီး ဆွေးနွေးခွင့် ပြုရန် ခွင့်တောင်းအပ် ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃ တွင် နိုင်ငံတော်သည် တောင်သူ လယ်သမားများ၏

(က) အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်။

(ခ) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်။

ဖွဲ့စည်းပုံအ ခြေခံဥပဒေပုဒ်မ ၂၉ တွင် နိုင်ငံတော်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည် တို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းရမည်။ ဒီပုဒ်မ ၂၃ နှင့် ၂၉ ကို အကောင် အထည်ဖော်ရင် လယ်ယာမြေဧက သန်း(၂၀)မှ ဆန်စပါးအထွက်တိုးလာမှာ အမှန်ဖြစ်တယ်။ ပုဒ် မ ၂၃ ပုဒ်မခွဲ(ခ) အတိုင်း ဆောင်ရွက်လျှင် ဆန်စပါးအထွက်တိုးလာတာနဲ့အမျှ ဝင်ငွေ တိုးလာမှာဖြစ်တယ်။ အရင်းအနှီးတိုးလာပြီး လယ်လုပ်ရာမှာ အရေးကြီးတဲ့ စပါးမျိုးကောင်းမျိုးသန့် ၊ လယ်လုပ် ကိရိယာ၊ စက်ပစ္စည်းကိရိယာ၊ မြေသြဇာ ပိုဝယ်နိုင်မယ်။ နည်းပညာပိုင်းလည်း တိုးတက် လာမယ်ဆိုလျှင် ဆန်စပါး ပိုအထွက်တိုးလာမှာဖြစ်တယ်။ ရေပေးသွင်းစနစ်ကောင်းလျှင် နှစ်သီးစား၊

သုံးသီးစားလုပ်နိုင်လာလျှင် ဆန်စပါးအများကြီး ပိုထွက်လာမယ်။ စက်မှုလယ်ယာ အဆင့်ကို တဖြည်းဖြည်း တက်လှမ်းသွားချိန်မှာ ဆန်စပါးထွက်နှုန်းလည်း တိုးသွားပါမယ်။ ကျွန်တော်တို့ နိုင်ငံမှာ လယ်ယာလုပ်ငန်းနှင့်ပတ်သက်ပြီး အ ခြေခံရှိပြီးသား ဖြစ်ပါတယ်။ မှန်ကန်တဲ့ စနစ်၊ မှန်ကန်တဲ့ အစိုးရ ရဲ့ မူဝါဒလုပ်ငန်းစဉ်ကို ချမှတ်အကောင်အထည်ဖော်နိုင်လျှင် လယ်ယာထွက်ကုန်ဟာလွယ်လွယ်ကူကူပဲ နှစ်ဆ၊ သုံးဆ တက်သွားနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရကနေပြီးတော့ လယ်ယာမြေအပေါ်မှာ စက်မှုလယ်ယာနည်းနှင့် လုပ်ကိုင်လို့တော့ ကျွန်တော်တို့နိုင်ငံ စက်မှုလယ်ယာနိုင်ငံဖြစ်လာမှာမဟုတ်ဘူး။ ဆိုရှယ်လစ်ခေတ်က ကြိုးစားခဲ့ပြီးပြီ။စနစ်သာ ကျဆုံးသွားတာယ် မအောင်မြင်ခဲ့ဘူး။ ဆိုရှယ်လစ်အတွေးအခေါ် အယူအဆ၊ လုပ်ငန်း၊ လုပ်နည်းလုပ်ဟန်ကို စွန့်လွှတ်ပြီး ခေတ်နှင့်ကိုက်ညီတဲ့ နည်းလမ်း ကို ဖော်ထုတ်ရမယ်။ ယခု ကုမ္ပဏီကိုအားကိုးပြီး စက်မှုလယ်ယာကို ထူထောင်ဖို့ ဆိုတာဟာလည်းပဲ ဆိုရှယ်လစ်နည်းစနစ်နှင့် နည်းနည်းပဲကွဲတယ်။ တစ်နိုင်ငံလုံးကို ခြုံငုံနိုင်ဖို့ဟာ မလွယ်သေးဘူး။ တောင်သူလယ်သမားအပေါ်မှာ ထိခိုက်မှုနဲ့ ပြဿနာအများကြီး ဖြစ်ပေါ်လာ စရာ ရှိတယ်။ တောင်သူလယ်သမားကို အ ခြေပြုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပုဒ်မ ၂၃ နှင့် ၂၉ အတိုင်း လိုက်နာဆောင်ရွက်မှသာလျှင် ဒေါက်တာမြင့်ကြည် တင်ပြတဲ့အတို င်း အောင်မြင် မယ်။ ကျွန်တော်တို့ နိုင်ငံမှာ လူဦးရေ သန်း (၆၀)အနက် (၇၀)ရာခိုင်နှုန်းဖြစ်တဲ့ သန်း (၄၀)မျှသော လူဦးရေဟာ ကျေး လက်ဒေသမှာနေတယ်။ လယ်ယာစို က်ပျိုးရေးပေါ်မှာ အမှီပြုနေကြ တယ်။ ဒေါက်တာမြင့်ကြည် ရဲ့အဆိုအတိုင်း အောင်မြင်လာလျှင် သန်း(၄၀)လောက်ရှိတဲ့ ကျွန်တော် တို့ နိုင်ငံသားတွေ ဝင်ငွေတိုးလာမယ်။ ဆင်းရဲနွမ်းပါးမှု နိမ့်ကျလာ မယ်။ စားကုန်သုံးကုန် ဝယ်အား တိုးလာမယ်။ အဲဒီတော့ စားကုန်သောက်ကုန်သုံးကုန် အမျိုးမျိုးတို့ ကို အရောင်းကောင်းလာလို့ ပိုမိုထုတ်လုပ်နိုင်မယ်။ စက်ရုံ၊ အလုပ် ရုံတွေ တိုးတက်လာမယ်။ ဒီလိုနဲ့ပဲ စက်မှုနိုင်ငံဖြစ်ရန် အစိုးရက ရင်းနှီးမြှုပ်နှံရန်မလိုဘဲ လယ်ယာစိုက်ပျိုးရေးတိုးတက်မှုကတစ်ဆင့် စက်မှုနိုင်ငံ အဖြစ် ဖြစ်လာရန် တွန်းပို့ပေးတဲ့သဘော ဖြစ်ပါတယ်။ အခြားကဏ္ဍကလည်း တွန်းပို့ပေးတာ ရှိပါသေးတယ်။ စက်မှုနိုင်ငံဖြစ်ချင်လို့ ကျဆုံး သွားတဲ့ ဆိုရှယ်လစ်ခေတ်မှာလို အကြီးအကျယ် ရင်းနှီးမြှုပ်နှံပြီး အကြီးအကျယ်ဆုံးရှုံးမှုဖြစ်ဖို့ပဲ ရှိတယ်။ ခေတ်ကို နောက်ပြန်လှမ်း သလို ဖြစ်နေပါတယ်။ တိုင်းပြည်မှာ လူနည်းစုသာ ဝင်ငွေ ကောင်းလျှင် လူနည်းစုသာ ကုန်ပစ္စည်း၊ သုံးကုန် ဝယ်နိုင်မယ်။ ဝယ်အားမရှိဘဲနဲ့တော့ အလုပ်ရုံ၊ စက်ရုံတွေ တည်ထောင်ထားပြီး ထွက်လာ တဲ့

ပစ္စည်းတွေ မရောင်းရတဲ့အတွက် ရှုံးလို့ပြန်ပိတ်လိုက်ရတဲ့ အ ခြေအနေဖြစ်ခဲ့ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်အရ ဝယ်သူရှိမှ ပစ္စည်းထုတ်လုပ်ရောင်းချသူတို့ ရောင်းရမယ်။ တောင်သူလယ်သမားတို့က ဝင်ငွေကောင်းလျှင် ပစ္စည်း သယ်ဆောင်ရန်၊ သွားလာရာမှာသုံးရန် တောင် သူလယ်သမားတွေက မော်တော်ကား ဝယ်ကြမယ်။ ဒါပေမဲ့ ယခုဈေးနှုန်းနဲ့တော့ မဖြစ် သေးဘူး။ ယခုကားဈေးနှုန်းဟာ ပတ်ဝန်းကျင်နိုင်ငံတွေထက် အဆပေါင်းများစွာ များနေ သေးတယ်။ လူအများစုဝယ်နိုင်ရန် ပုံမှန်ဈေးနှုန်းဖြစ်ဖို့ လိုအပ်ပါတယ်။ တောင်သူလယ်သမားတွေ ကားဝယ်၊ မော်တော်ဆိုင်ကယ် ဝယ်နိုင်တယ်ဆိုလျှင် မော်တော်ကား၊ မော်တော်ဆိုင်ကယ် ရောင်းအားကောင်းလာမယ်။ မော်တော်ကား၊ မော်တော်ဆိုင်ကယ်ထုတ်လုပ်မယ့်စက်ရုံတောင်မှ ကျွန်တော်တို့နိုင်ငံမှာ အောင်မြင်စွာ ပေါ်ထွန်းလာပါမယ်။ တောင်သူလယ်သမားအများက တီဗွီ သုံးနိုင်လျှင် တီဗွီအရောင်းဆိုင်ကြီးပဲ မလုံလောက်တော့ ဘူး။ စက်ရုံပါ လာတည်ထောင်ရမှ အလျှင်မီမယ်။ လယ်သမားတွေက ပြောကြတယ်။ ကျွန်တော်တို့က ကျွဲ၊ နွားတွေနဲ့အတူ ပင်ပင်ပန်းပန်း မရုန်းကန် မလုပ်ကိုင်ချင်ကြပါဘူး။ စက်နဲ့ လယ်ထွန် လုပ်ကိုင်ချင်ကြပါတယ်။ ကျွဲ၊ နွားဆိုလျှင် မြက်အစာကျွေးရတယ်။ အလုပ်နားချိန်ဆို သူတို့အတွက် လုပ်ပေးနေရတယ်။ စက်ဆိုလျှင် ဆီထည့်ပြီးမောင်း အလုပ်လုပ်တယ်ဆိုတော့ သိပ်မပင်ပန်းဘူး။ မြန်တယ်။ အဲဒီတော့ တောင် သူလယ်သမားတွေ ဝင်ငွေကောင်းလျှင် လယ်ယာသုံးစက်ပစ္စည်းများ အရောင်းအားကောင်းလို့ လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်စက်ရုံ တည်ဆောက်ရမှာ သေချာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးကိုအခြေခံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒေါက်တာမြင့်ကြည်ရဲ့ "တောင်သူလယ်သမားများ၏ ကုန်ထုတ်စွမ်းအား ဆန်စပါးတိုးတက်မြင့်မားရေးနဲ့ ဝင်ငွေတိုးတက်ရရှိရေး"ဟာ တောင်သူလယ်သမားထုကြီး များ အတွက်သာ အကျိုးရှိတာမဟုတ်ဘူး။ စီးပွားရေးကဏ္ဍအားလုံး တိုးတက်ဖွံ့ဖြိုးရေးကို ကြီးမားစွာ အကျိုးပြုပါတယ်။ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးမှာ ယခုအ ခြေအနေမှာ အဓိကတွန်းအားအဖြစ် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် အလေးအနက် ထောက်ခံကြောင်း ပြောကြားရင်းနဲ့ နိဂုံး ချုပ်လိုက်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၈။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာသော ပြည်ထောင်စု ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန် တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုး သားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ အဆိုရှင် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုဟာ တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားကို ဦးထိပ် ထားပြီးတော့ ဆွေးနွေးထားတဲ့ အဆို ဖြစ်တဲ့အတွက် ကျွန်တော််ံ့အနေနဲ့ ဒီအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခြေခံဥပဒေမှာ ဖော်ပြ ထားတာမှာ State Economic System is the Market Economy System လို့ အတိအကျ ဖော်ပြထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ ဆိုရှယ်လစ်ခေတ်က အတွေးအခေါ်တွေကို ကျွန်တော်တို့ ဖျောက်ဖို့လိုမယ်။Market Economy System ဆိုတာ ကိုယ့်အားကိုယ်ကိုးရမယ်။ ကိုယ့်အလုပ်ကို ကိုယ်ကျေပွန်အောင် ထမ်းဆောင်ရမယ်။ ကိုယ့်လယ်ကို ကိုယ် ထွက်နှုန်းတိုးအောင် လုပ်ရမယ်။ အစိုးရက နေရာတကာလိုက်ပြီး လုပ်ပေးနိုင်မှာ မဟုတ်ဘူး။ နည်းပေးလမ်းပြပဲ လုပ်နိုင်မယ်။ ထဲထဲဝင်ဝင် လုပ်ပေးနိုင်မှာ မဟုတ်ဘူး။ ဥစ္စာရင်လို ဥစ္စာရင် ခဲ ဆိုသလို ကိုယ့်လယ်ကိုကိုယ် အထွက်တိုးအောင် လုပ်ရမယ်။ ဥပမာ ဆိုရှယ်လစ်ခေတ်ကတော့ ဆိုရှယ်လစ် သာယာဝပြောသော လူ့ဘောင်ကြီးကို တက်ညီလက်ညီ ချီတက်ကြပါစို့ ဆိုပြီးတော့ လှေကြီးတစ်စင်းပေါ်မှာ လူဆယ်ယောက်လောက်လှော်။ ဟိုဘက်ကမ်းမှာ သရက်သီးတွေ ရှိတယ်ဟေ့ သွားခူးစားကြရအောင်။ ဘယ်သူမှ မလှော်ဘူး။ အီရောအီရောနဲ့ ဆိုရှယ်လစ်စနစ် က ဟိုဘက်ကို မရောက်လိုက်ဘူး။ အခု Market Economy System ကတော့ ရော့ လှေ (၁၀)စင်း၊ တစ်ယောက်တစ်စင်း ဟိုဘက်ကမ်းမှာ သရက်သီးတွေ ရှိတယ်။ တစ်၊ နှစ်၊ သုံး ဆိုရင် သွားခူးလို့ ရပြီ။ အမြန်လှော်၊

နောက်ကျရင် ကိုယ်ခံရမယ်။ အရင်ရောက်တဲ့သူ အရင်စားမယ်။ ဒီသဘော ဖြစ်တဲ့အတွက်ကြောင့် ကိုယ့်လယ်ယာ အထွက်တိုးအောင် တောင်သူလယ်သမားကလည်း ကိုယ့်ကိုကိုယ် အားစိုက် ကြိုးပမ်းဖို့လိုတယ်။ အဲဒီတော့ အထွက်တိုးဖို့ဆိုတာ ဦးစောအောင် ပြောသွားတဲ့ အထဲမှာပါတယ်။ သူ့စပါး သူ့ဟာသူ မျိုးခံပြီး သူစိုက်နေတာ တင်း (၅၀)ပဲ ထွက်တယ် လို့ပြောတယ်။ ဒါ အဓိက မှားယွင်းတဲ့အချက်ဖြစ်တယ်။ စပါးမျိုး ဆိုတာ (၃)နှစ်ထက် ပိုသွားရင် မည်သည့်မျိုးမဆို မျိုးကန်းတယ်။ ဒါကို မွေးကတည်းက စပ ါးစိုက်လာပြီးတော့ မသိတဲ့တောင်သူတွေ အများကြီးပဲ။ ဆိုတော့ ကျွန်တော်ဆိုရင် ဇကေ (၅၀)စိုက်တယ်။ ကျွန်တော် (၈၇)တင်း Average ထွက်တယ်။ ဒါဟာ ကျွန်တော်က နှစ်တိုင်းနှစ်တိုင်း ပွင့်ဖြူမျိုးခြံ ကနေ ပွင့်ဖြူမျိုးခြံဆိုတာ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းက မျိုးစပ်ပြီးတော့ ထုတ်လုပ်ဖြန့်ဖြူးနေတယ်။ အဲဒီကနေ ကျွန်တော် ပုံမှန်သွား ယူတယ်။ ပုံမှန်သွားယူပြီး စိုက်တယ်။ ဘေးနားကလူတွေကိုလည်း ပေးတယ်။ ဒါကို စိုက်။ ရွက်ဖျားခြောက်ဒဏ်ခံနိုင်တဲ့ မျိုးရိုးဗီဇတွေ ပြောင်း ထားတယ်။ အင်မတန် အဖိုးတန်တဲ့ မျိုးတွေ။ ဒါပေမဲ့ အဲဒါတွေကကို တောင်သူတွေက သုံးရကောင်းမှန်း မသိဘူး။ သုံးရကောင်းမှန်း မသိဘဲနဲ့ မသုံးကြဘူး။ အဲဒီမှာဆို မျိုးစပ်တဲ့ စပါးတွေ ဆိုရင် ပုံနေတာပဲ။ ဒါပေမဲ့ လာမဝယ်ကြဘူး။ ကျွန်တော်က ဒါကိုသိတော့ ဝယ်တယ်၊ သုံးတယ်။ အဲဒါကြောင့်မို့ ကျွန်တော်တို့ အထွက်တိုးတယ်။ ကျွန်တော့်ဒေသ ဘေးနားက ရွာတွေကိုလည်း အဲဒါကို သုံးဖို့လို့ တိုက်တွန်းတယ်၊ အားပေးတယ်။ ကျွန်တော်နေတဲ့ ရွာဆိုရင် တကယ့် Mechanize Farm အဆင့် ဖြစ်နိုင်တဲ့ အနေအထားရှိတယ်။ ရွာတစ်တည်းမှာကို လယ်ထွန်စက်အကြီး(၈၆)စီး ရှိတယ်။ လက်တွန်းထွန်စက်တွေဆိုရင် (၁၀၀)ကျော် ရှိတယ်။ အဲဒါမျိုးရွာတွေ များလာဖို့ လိုတယ်။ အဲဒီတော့ တောင်သူပညာပေး အခုဆိုလို့ဆိုရင် ပြည်ထောင်စုဝန်ကြီးက ကန်သင်းရိုးပေါ်မှာ မတ်တပ်ရပ်ပြီးတော့ ကောင်းကောင်း ရှင်းပြတယ်။ ဒါပေမဲ့ ဝန်ကြီးတင်ရှင်းပြလို့မရဘူး။ သူ့အောက်က အုပ် /ဂျာတွေ၊ ခရိုင်/ဂျာတွေ ရုံးထိုင်နေလို့ မရဘူး။ ဝန်ကြီးက ကန်သင်းရိုးပေါ်ရောက်နေလို့ရှိရင် သူ့အောက်က အုပ်/ဂျာတွေ၊ ခရိုင်/ဂျာတွေဟာ လယ်ကွင်းအလယ်ကောင်ကို ရောက်အောင်ဆင်းပြီးတော့မှ တောင်သူကို ပညာပေးဖို့ လိုမယ်လို့ ကျွန်တော့် အနေနဲ့ ယူဆပါတယ်။ အဲဒီတော့ ကျွန်တော် ကိုယ်တိုင်လည်း ဦးစောအောင် တို့လိုတော့ Mark II တွေ၊ ဘာတွေတော့ မရှိပါဘူး။ ကျွန်တော့်မှာတော့ Jeep ကားပဲ ရှိတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ Hundred Power မြင်းကောင်ရေ (၁၀၀)အားရှိတဲ့ Jonh Deer ထွန်စက်ကြီး ကျွန်တော့်မှာ ရှိတယ်။ လက်တွန်းထွန်စက် (လယ်ယာ-၁၆)တစ်စီး ရှိတယ်။

ခြေလှေ့စက် ရှိတယ်။ ဒီစက်အားကို သုံးပြီးတော့ ကျွန်တော်ဟာ စိုက် ပျိုးတဲ့အတွက်ကြောင့် ကျွန်တော့် ဘေးနားက ပတ်ဝန်းကျင်ကိုလည်း တိုက်တွန်းတဲ့အတွက်ကြောင့် အလွန်ပဲ အကျိုးဖြစ်ထွန်းနေတာကို တွေ့ရှိရမှာ ဖြစ်တယ်။ ဒီအပြင် အဆိုရှင် ဒေါက်တာမြင့်ကြည် ဟာ တောင်သူတွေကို ဝင်ငွေတိုးစေ၊ ကြွယ်ဝချမ်းသာစေ၊ ပံ့ပိုးကူညီစေလိုသောစိတ် အပြည့်အဝရှိသူဖြစ်စေလို့ ဒီအဆိုကို ထောက်ခံ ဆွေးနွေးခြင်းနှင့်အတူ ကျွန်တော် ရှုထောင့်တစ်ခုကနေ တင်ပြလိုပါတယ်။ အဲဒါကတော့ တောင်သူတွေကို ကူညီဖို့အတွက် အဓိကလိုအပ်ချက်ကတော့ စပါးတွေ အထွက်တိုးအောင်၊ ဈေးကောင်းရအောင်၊ ချေးငွေတွေရအောင် ဒါတွေက ဒုတိယကိစ္စလို့ ကျွန်တော်ထင်ပါတယ်။ အဓိကကတော့ ဒီမြေမှာ သူတို့ စိတ်ချလက်ချ အာမခံချက်ရှိရှိ စိုက်နိုင်ပျိုးနိုင်အောင် ကူညီဆောင်ရွက်ပေးရမှာ ဖြစ်တယ်။ အခြေခံဥပဒေ ပုဒ်မ ၂၃ (က)မှာ တောင်သူလယ်သမားတို့၏ အခွင့်အရေးများကို ကာကွယ်စောင့် ရှောက်ပေးရန် လိုအပ် သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရမည်လို့ပါတယ်။ အဲဒီတော့ လယ်ယာမြေ ဥပဒေကြမ်းက မကြာခင်ပေါ် ထွက်လာတော့မယ်။ အဲဒီတော့ ဒီဥပဒေကြမ်းကို ကျွန်တော် လေ့လာကြည့်တဲ့အခါမှာ အင်မတန် အဖိုးတန်တဲ့ စကားရပ်တစ်ခု ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ဒီလယ်ယာမြေတွေကို လုပ်ပိုင်ခွင့်၊ မြေလွတ် ၊ မြေရိုင်း ဥပဒေပါ အတိုင်း ပုံစံ (၁၀၅)ဆိုတဲ့ မြေစာရင်းမြေပုံ ကူးယူခွင့်ပေးမယ်လို့ပါတဲ့အတွက် အလွန်ဝမ်းမြောက်ဖွယ်ရာ အချက်ဖြစ်တယ်။ ပုံစံ (၁၀၅)ဆိုတာ ဘာလဲဆိုတော့ ကျွန်တော်ရှင်းပြရရင် ဟိုတလောက ကိုယ်စားလှယ်တော်ကြီး တစ်ယောက်ကပြောတယ်။ လန-၃၉ ကျပြီးသား ဖာလာအင်းတွေကို အခွန်ကင်းလွတ်ခွင့် ပေးဖို့ဆိုပြီးပြောတယ်။ လန၃၉ ဆိုတာ တကယ်တမ်းတော့ လယ်ယာမြေကနေ အခြားပြုလုပ်ခွင့်ဖြစ်တယ်။ ဒါကို သေသေချာချာ၊ ဂဃနဏ နားလည်ဖို့ ကျွန်တော်တို့ ကိုယ်တိုင်လည်း လေ့လာထားဖို့ လိုတယ်။ ပုံစံ -၃၉ ကျပြီးသားဆိုရင် ဖာလာစိုက်လို့ မရတော့ဘူး။ တိုက်ဆောက်ရတော့မယ် ။ လန -၃၉ ကျပြီးသားဆို။ အမှန်က ပုံစံ(၁၀၅) မြေစာရင်းမြေပုံ လုပ်ပိုင်ခွင့်၊ မြေယာလုပ်ပိုင်ခွင့် ကျတာ။ မြေလွတ်တစ်ခု၊ မြေရိုင်းတစ်ခုကို ဖော်ထုတ်လိုက်တယ်။ ဖော်ထုတ်လိုက်ပြီးလို့ရှိရင် အဲဒါ မဖော်ထုတ်ခင်မှာ ကျွန်တော်တို့က ဒီဟာကို ကျွန်တော် ဖော်ထုတ်ပါမယ်။ လယ်စိုက်မလို့ ပါ။ စပါး စိုက်မလို့ပါ။ ပဲ စိုက်မလို့ပါ။ နှမ်း စိုက်မလို့ပါဆိုပြီး ဗဟိုမြေလွတ်မြေရိုင်းကို တင်ရမယ်။ ဒီလိုမျိုးတင်ရမယ့် အနေအထားကို ဘယ်တောင်သူမှ နားမလည် ဘူး။ (၉၉)ရာခိုင်နှုန်းသော တောင်သူတွေက နားမလည်ဘူး။ ဒါကို နားလည်အောင် ကျွန်တော်တို့က ပြောပြရမယ်။ စိုက်ပျိုး ရေးတို့၊

မြေစာရင်းတို့က ဒါကို ချပြဆွေးနွေးရမယ်။ ဒါကို မင်းတို့ သွားတင်။ တင်ပြီးမှ မင်းကပိုင်မှာ။ မဟုတ်လို့ရှိရင် Without လယ်ဖြစ်မယ်။ Without လယ်ဆိုတာ ဘာလဲဆိုတာ ကျွန်တော် ရှင်းပြပါမယ်။ လယ်တစ်ခု၊ ယာတစ်ခု ဖြစ်လာဖို့အတွက် လယ်တည် ရတယ်။ တောရိုင်းမြေကို ခုတ်ထွင်တယ်။ ခုတ်ထွင်ပြီး လို့ရှိရင် အဲဒီအထိ ဘာမှမဖြစ် သေးဘူး။ ထွန်တယ်၊ ယက်တယ် ဘာမှမဖြစ်သေးဘူး။ ခင်ဗျား ကြဲလိုက်ပြီ၊ စပါး ကြဲလိုက်ပြီ၊ ပဲ ကြဲလိုက်ပြီ၊ နှမ်း ကြဲလိုက်ပြီ ဆိုရင် ဒါ မြေခွန်ဆောင်ရတော့မယ်။ မဆောင်ဘူးဆိုလို့ရှိရင်တော့ ဒါ Without ဖြစ်မယ်။ ပုံစံ (၁၀၅) မကျဘူးဆိုရင် Without ဖြစ်မယ်။ အဲဒီတော့ Without ဆိုတာ ဘာလဲဆိုတော့ ဥပမာတစ်ခု ပြောရရင် အင်ဂျင်တစ်တုံးရှိမယ်။ ဟိုဘက်က ဘီးတစ်လုံး၊ ဒီဘက်က ဘီးတစ်လုံးနဲ့ တပ်လိုက်မယ်။ ဂီယာပေါက်လေး တပ်လိုက်မယ်။ စက်နှိုးလိုက်မယ်။ ဝူးဆိုပြီး ကားစက်နှိုးသွားပြီဆိုရင် စက်နှိုးသွားတဲ့အထိလည်း ဘာမှမဖြစ်သေးဘူး။ လမ်းပေါ်တက်လာပြီဆိုရင် မော်တော်ပီကယ်က တားမယ်။ ပြစမ်း ဘယ်မှာလဲ ဘီးတက်၊ ဘယ်မှာလဲ အခွန်စိမ်း စာရွက်၊ ဘယ်မှာလဲ Owner Book ဒါတွေ မရှိရင်တော့ ခင်ဗျားမောင်းလို့မရဘူး။ အဲဒီတော့ ဒါဟာ စည်းကမ်းနဲ့ ဥပဒေနဲ့ လုပ်ထားတာ။ အဲဒီတော့ ဒီမြေကို ဓါးမဦးချ ခုတ်ပါတ ယ်လို့ ပြောပြီး နဖူးက ချွေး ခြေမ ကျအောင် ခုတ်ခုတ်၊ သူသည် ပုံစံ (၁၀၅)မကျတဲ့အတွက် သူမပိုင်ဘူး။ အဲဒီတော့ ပိုင်ဆိုင်ခွင့်ရအောင် ကျွန်တော်တို့က ဗဟိုမြေလွတ်မြေရိုင်းမှာ လျှောက်တတ် တဲ့ အလေ့အထ လုပ်ပေးရမယ်၊ သွန်သင်ပေးရမယ်၊ ပြသပေးရမယ်။ ဥပဒေကို နားမလည် ဟု ဆိုရုံမျှဖြင့် ဥပဒေက သင့်အား ခွင့်လွှတ်လိမ့်မည် မဟုတ်ဆိုတဲ့ စကားလုံးအတိုင်းပဲ သူ့ကို ဥပဒေကျ သူ့လက်ဝယ် ပိုင်ပိုင်ဆိုင်ဆိုင်ဖြစ်အောင် ကျွန်တော်တို့က ကူညီခြင်းအားဖြင့် တောင်သူလယ်သမားတွေရဲ့ အကျိုးကို ထမ်းရွက်ရာရောက်ပါ တယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီမြေတစ်ခုကို သူ တကယ် ပိုင် ဆိုင်သွားဖို့ရာအတွက် အခုလာမယ့် ပြဋ္ဌာန်းထားတဲ့ လယ်ယာမြေ ဥပဒေကြမ်းဟာ မြန်မြန်အကောင်အထည်ဖော် ဖို့ လိုတယ်။ အဲဒီအထဲမှာ ပုံစံ (၁၀၅)ကျအောင် သူတို့ကို ဆောင်ရွက်ပေးမယ်ဆိုတဲ့ အချက်တစ်ချက် ပါတယ်။ ဒီဥပဒေ သစ်အရ အသစ်ဖော်ထုတ်တဲ့ မြေလွတ်၊ မြေရိုင်းတွေ အပါအဝင် မူလရှိ တဲ့ လယ်ယာမြေကြီးတွေပါ ဒါပုံစံ(၁၀၅) ကူးယူခွင့် ရရှိမှာဖြစ်တဲ့အတွက် တောင်သူလယ်သမားတွေရဲ့ လက်ဝယ်မှာ လုပ်ပိုင်ခွင့် ကျကျနန ရရှိပြီးတော့၊ ဒီစာရွက်ကို ကိုင်ပြီးတော့ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အမွေဆက်ခံခြင်း ဒါတွေ ဟာ အားလုံး စိတ်ချလက်ချ လုပ်နိုင်မှာဖြစ်တဲ့အတွက် ဒီဥပဒေကြမ်း မြန်မြန်အကောင်အထည်ပေါ်လာဖို့ ကျွန်တော်တို့က လိုအပ်ပါတယ်။ ကျွန်တော်တို့

နိုင်ငံမှာ လူအများ ပြောပြောနေကြတာ (၇၀)ရာခိုင်နှုန်း တောင်သူတွေရှိတယ်။ (၇၀)ရာခိုင်နှုန်း တောင်သူတွေရှိတယ်နဲ့ USA မှာတော့ (၂၀)ရာခိုင်နှုန်းပဲ ရှိတယ်။ တစ်နိုင်ငံလုံး လူဦး ရေရဲ့ (၂၀)ရာခိုင်နှုန်း တောင်သူလုပ်တယ်။ ဒါပေမဲ့ ကမ္ဘာ့ထိပ်တန်း ပဲပိစပ်တင်ပို့တဲ့ တိုင်းပြည်ဖြစ်တယ်။ ဒါက ဘာလဲဆိုတော့ Mechanize Farm ကို အပြည့်အဝ ဆောင်ရွက်တဲ့ တိုင်းပြည်ဖြစ်တဲ့အတွက် ကြောင့် လူအားသိပ်မလိုဘူး။ စက်အားနဲ့ပဲ လုပ်တာဖြစ်တယ်။ ဒါကြောင့်မို့လို့ ကျွန် တော်တို့က စက်အားကို များများအသုံးပြုဖို့တိုက်တိုက်တွန်းတွန်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ဒါကို တောင်သူလယ်သမားတွေဟာ သူ့မြေပိုင်ဆိုင်ခွင့်ကို ကောင်းကောင်းမလုပ်တတ်တဲ့အတွက်ကြောင့် တချို့လုပ်ငန်းရှင်ကြီးတွေက ဒီဥပဒေ နားမလည်တဲ့သူ တွေအပေါ်မှာ အခွင့်ကောင်းယူပြီးတော့ တောင်သူတွေပိုင်ဆိုင်တဲ့ မြေတွေကို သူတို့က နေ ဗဟိုမြေလွတ်မြေရိုင်းမှာ သွားလျှောက်ပြီးတော့ ပိုင်ဆိုင်သွားတာတွေရှိတယ်။ ဒါကြောင့်မို့လို့ တောင်သူတွေဟာ ဒါတွေမှာ ခံရတာတွေရှိတယ်။ ဒါတွေမဖြစ်အောင် တောင်သူလယ်သမားတွေကို ဥပဒေအရ ကာကွယ်ပေးနိုင်အောင် ပုံစံ (၁၀၅) မြေပုံကူးယူခွင့်ရရှိအောင် ကျွန်တော်တို့က ကူညီဆောင်ရွက်ပေးခြင်းအားဖြင့်Without လယ်ကနေ တရားဝင်လယ်အဖြစ် ရောက်ရှိသွားမှာ ဖြစ်ပြီးတော့ တောင်သူလယ်သမားတွေရဲ့ အကျိုးကို ဆောင်ရွက်ပေးနိုင်မှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါဟာ ကျွန်တော်ကိုယ်တိုင် ဧက (၅၀)ကို မြေရိုင်းကို ဖော်ထုတ်ပြီးတော့ ဆောင်ရွက်တာဟာ သေသေချာချာ လေ့လာပြီးတော့ ဗဟိုမြေလွတ်၊ မြေရိုင်းမှာ တင်ပြပြီးတော့ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော် တော်တော်နားလည်တဲ့ လူတောင်မှ (၃)နှစ်ကြာပါတယ်။ ဒီ (၁၀၅)ကျဖို့ဟာ (၃)နှစ်ကြာတယ်။ အဲဒီတော့ ဘာဖြစ်လို့ ကြာတာလဲ ကျွန်တော် တင်ထားတာကြာပြီဆိုတော့ ပုဒ်မ ၄ နဲ့ ငြိ နေလို့ ပြောတယ်။ ပုဒ်မ ၄ ဆိုတာ ဘယ်နားမှာလဲ မသိဘူး။ ပုဒ်မ ၄ ဆိုတာ ပေးမှလုပ်တာပေါ့ဗျာ။ အဲဒီလိုမျိုး ပြောပါတယ်။ အဲဒီတော့ ခုခေတ်မှာတော့ ဒါဟာ စနစ်သစ်လည်း ပြောင်းလာပြီး ဖြစ်တဲ့အတွက် ဒီစနစ်တွေ မရှိတော့ဘူးလို့ ယူဆပါတယ်။ ဝန်ကြီးဌာနကလည်း ကူညီပြီးတော့ တောင်သူတွေကို မြေစာရင်းဦးစီးဌာနကနေ ကူညီပြီး လုပ်ကိုင်ပေးမယ်လို့ ယုံကြည်ပါတယ်။ ဒီ လိုယုံကြည်ခြင်းအားဖြင့်လည်း တောင်သူ လယ်သမားတွေရဲ့အကျိုး ဒေါက်တာမြင့်ကြည် အဆိုရှင်ရဲ့ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ပြီးတော့ သူတို့ရဲ့ မြေတွေကို သူတို့ လက်ဝယ်ပိုင်ပို င်ရပြီးတော့ တောင်သူတွေရဲ့ အကျိုးစီးပွားဖြစ်ထွန်းလာမယ်လို့ ယုံကြည်ပါကြောင်းနဲ့ အဆိုရှင်ရဲ့အဆိုကို ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**အချိန်၊ ၁၄း၅၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဂမ်ဆိုင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၅၀။**

**ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂမ်ဆိုင်း ဖြစ်ပါတယ်။ တောင်သူလယ်သမားများနဲ့ ပြည်တွင်းပြည်ပ အလုပ်သမားများဆိုင်ရာ ကော်မတီဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် အမျိုးသားလွှ တ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ တောင်သူလယ်သမားများ၏ ကုန်ထုတ်စွမ်းအား ဆန်စပါးတိုးတက်မြင့်မားစေရန်နှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက် ဆောင်ရွက်ပေးရန် ပြည်ထော င်စုအစိုးရအား တိုက်တွန်းကြော င်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အခုလို ထောက်ခံဆွေးနွေးရခြင်း အကြောင်းရင်းမှာလည်းပဲ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြလျက်ရှိသော အခြေခံ လူတန်းစားနှစ်ရပ်ရှိတဲ့ အထဲမှာ (၇၅)ရာခိုင်နှုန်းရှိသော ပြည်သူလူထုတွေဟာ တောင်သူလယ်သမားများ၊ လူထုလူတန်းစား များပဲ ဖြစ်ကြပါတယ်။ တစ်နည်းအားဖြင့် လုပ်သားပြည်သူ တစ်ရပ်လုံးရဲ့ ဝမ်းစာစပါး၊ ဆန်စပါး သီးနှံများကို ထုတ်လုပ်ပေးသော ကျေးဇူးရှင်များ ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီ အဆိုကို မထောက်ခံဘဲ မနေနိုင်သလိုဘဲခံစားမိပါတယ်။ တစ်ဖက်မှာ ကျွန်တော်တို့2008 Constitution ကို ပြန်ကြည့်မယ်ဆိုရင်လည်းပဲ ပုဒ်မ ၂၃(က)(ခ)၊ ပုဒ်မ ၂၉၊ ပုဒ်မ ၃၀၊ ပုဒ်မ ၃၅ စသည်ဖြင့်ကို ကြည့်တဲ့အခါမှာလည်းပဲ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်မည်။ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတတဲ့ တန်ဖိုးရရှိရန် ကူညီစောင့်ရှောက်မည်။ နိုင်ငံတော် သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာ ကူးပြောင်းနိုင်ရန် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊

ကုန်ကြမ်းအစရှိသည်တို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းရမည်ဆိုပြီးတော့မှ အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော် ထောက်ခံဆွေးနွေးသွားမယ့် အဆိုဟာလည်းပဲ မိမိကိုယ်တိုင်ကလည်းပဲ တောင်သူတစ်ဦး ဖြစ်သည်နှင့်အမျှ ကုန်ထုတ်စွမ်းအား ဆန်စပါး တိုးတက်မြင့်မားရေးစေ ရန်နှင့် ဝင်ငွေတိုးတက်ရရှိရေး အတွက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုမှာ အမှန်တကယ် လိုအပ်၍ ထပ်ဆင့်တိုက်တွန်း အကြံပြုလိုပါတယ်။ အဆိုရဲ့အဓိပ္ပာယ်ကို လေ့လာကြည့်တဲ့အခါမှာ(၂)ပိုင်းကို တွေ့ရှိရမှာဖြစ်ပါတယ်။ ပထမအချက်မှာ တောင်သူလယ်သမားများ ထုတ်လုပ်သော ဆန်စပါး တိုးတက်မြင့်မားစေရန် ဆိုတဲ့ အပိုင်းနဲ့ ဒုတိယအချက်မှာ တောင်သူလယ်သမားများ ဝင်ငွေ တိုးတက်ရရှိရေးဆိုတဲ့အပိုင်းကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ပထမအချက်အနေဖြင့် တောင် သူများ ကုန်ထုတ်စွမ်းအား ဆန်စပါးတိုးတက် မြင့်မားစေရေးအတွက် ပြည်ထောင်စုအစိုး ရအနေဖြင့် တောင်သူလယ်သမားလူထုလူတန်းစားများကိုနည်းပေးလမ်းညွှန်ကူညီ ဆောင်ရွက်ပေးသင့်ကြောင်း အောက်ပါအချက် (၉)ချက်ကို အကြံပြုတင်ပြ ဆွေးနွေးလိုပါတယ် -

၁။ ဈေးကောင်းရမယ့် Good Quality Seed လို့ခေါ်တဲ့ မျိုးကောင်းမျိုးသန့် မျိုးစပ်များ အသုံးပြုစေရေး။

၂။ ဖွံ့စည်းပုံအခြေခံဥပဒေနှင့်အညီ Good Agriculture Practice ဆိုတဲ့ ခေတ်မီ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ကို အသုံးပြုစေရေး။

၃။ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ အချိန်ကိုက် အချိုး ကျ အသုံးပြုနည်းများကို ကျင့်သုံးစေရေး။

၄။ ဓာတ်မြေဩဇာကို တောင်သူများအား စက်ရုံထုတ်ဈေးနှုန်းအတိုင်း ရောင်းချ ပံ့ပိုးပေးရေး။

၅။ သက်ဆိုင်ရာဒေသ ရေ၊ မြေ၊ ရာသီဥတုနဲ့ မ ကိုက်ညီသော နွေစပါးကို စိုက်ပျိုးစေခြင်းမှ ပြောင်းလဲစေရန်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလျဉ်းသင့်လို့ အဲဒီအချက် (၅)ချက်နဲ့ ပတ်သက်ပြီး ကြားဖြတ်ပြီးတော့မှ အနည်းငယ် ဖြည့်စွက်ဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ် ၊ ဝိုင်းမော်မြို့နယ်ရဲ့အနေအထားကို ကြည့်မယ်ဆို လို့ရှိရင် တောင်သူလယ်သမားများကိုယ်စား အနည်းငယ် တင်ပြလိုပါတယ်။ တောင်သူလယ်သမား အများဆုံးနေထိုင်တဲ့ မြို့နယ်လည်း ဖြစ်ပါတယ်။ နိုင်ငံတော်ကနေပြီးတော့မှ တောင်သူလယ်သမားများအပေါ်မှာ တိုးတက်စေချင်တဲ့ ဆန္ဒစေတနာနဲ့ ဝန်ဆောင်စရိတ်တွေနဲ့အညီ နွေစပါးသီးထပ်ကို စိုက်ပျိုးရန် သက်ဆိုင်ရာဌာနမှ ညွှန်ကြားချက်နဲ့ တောင်သူများရဲ့ နှစ်စဉ်နှစ်တိုင်း ဌာနဆိုင်ရာမှ ညွှန်ကြားချက်နှင့်အညီ တောင်သူများကို ကျွန်တော်တို့ မိုးစပါး ရိတ်သိမ်းပြီးတာနဲ့ နွေစပါးကို မရပ်မနားဘဲ ယနေ့အထိ စိုက်ပျိုးလုပ်ဆောင်နေဆဲပဲ ဖြစ်ပါတယ်။ သို့သော်လည်းပဲ တောင်သူများသည် မိမိတို့ရဲ့ ဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနဲ့ မကိုက်ညီသောကြောင့် နှစ်စဉ် အရှုံးပေါ်လျက်ရှိကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါ အခက်အခဲများကြောင့်လည်းပဲ မိမိတို့ ဝိုင်းမော်မြို့နယ်တွင် နွေစပါးကိုမစိုက်စေဘဲ တောင်သူများရဲ့ ဆန္ဒနဲ့အညီ မိမိတို့ ကြိုက်နှစ်သက်ရာ သီးနှံများ လွတ်လပ်စွာ စိုက်ပျိုးခွင့် ပြုသင့်ကြောင်းလည်းပဲ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ တိုက်တွန်းပေးပါရန်လည်း အနူးအညွတ် တောင်သူများကိုယ်စား မေတ္တာရပ်ခံ တင်ပြလိုပါတယ်။

၆။ မိုးရေခံလယ်မြေမှ ဆည်ရေသောက်လယ်မြေသို့ ဖော်ထုတ်စေရေး။

၇။ ရေအရင်းအမြစ်ကိုစနစ်တကျ အသုံးချတတ်ခြင်း။

၈။ တောင်သူများ စိုက်ပျိုးစရိတ်လုံလောက်အောင် ထုတ်ပေးခြင်း။

၉။ လက်တွေ့ဆန်စပါး စိုက်ပျိုးထုတ်လုပ်သော တောင်သူများကို ကျွမ်းကျင်၍ အတွေ့အကြုံရှိသော စိုက်ပျိုးရေးပညာရှင်များမှ လေ့ကျင့်ပညာပေးသင်တန်းကဲ့သို့သော လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးပါက တောင်သူများ ဆန်စပါးတိုးတက်မြင့်မား စေမည် ဖြစ်ပါတယ်ဟု ယုံကြည်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်အနေဖြင့် တောင်သူများရဲ့ ဝင်ငွေ တိုးတက်ရရှိရေးဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ ပထမ အချက်နဲ့ ဒုတိယအချက်မှာ ဆက်စပ် နေပါတယ်။ တောင်သူလယ်သမားများရဲ့ ကုန်ထုတ်စွ မ်းအား ဆန်စပါးတိုးတက်မြင့်မား လာတာနဲ့အမျ

ဝင်ငွေလည်းပဲ တိုးတက်ရရှိလာမှာ ဧကန်မလွဲပဲ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဝင်ငွေရရှိတဲ့ အတွက် ဈေးကွက်ဟာအရေးအကြီးဆုံးသော အနေအထားမှာရှိပါတယ်။ထို့ကြောင့် ပြည်ထောင်စုအစိုးရအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ဖော်ပြပါ လိုအပ်ချက်များကို အကောင်အထည် ဖော်ပေးနိုင်ရန် လေးစားစွာ တင်ပြလိုပါတယ်။

၁။ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သော ဆန်စပါး ၊ သီးနှံများကို ပြည်တွင်း ပြည်ပဈေးကွက်သို့ လွတ်လပ်စွာ ရောင်းချနိုင်ရေနည်းလမ်းများဖန်တီးရန်။

၂။ ဈေးကွက်ရရှိရာသို့ အတားအဆီးမရှိ ပူပင် ကြောင့်ကျခြင်းမရှိဘဲ ရော င်းဝယ် ဖောက်ကားသွားလာနိုင်ရေး။

၃။ စီးပွားရေး တွက်ခြေကိုက်မှု ရှိပြီးတော့မှ ခိုင်မာသော ဈေးကွက်ရရှိအော င် ဆောင်ရွက်ပေးရန်။

၄။ တောင်သူများရဲ့ ထုတ်ကုန်ဆန်စပါးများကို ဆန်စပါးကုန်သည်ကြီးများ အသင်း သို့မဟုတ် သမဝါယမဌာနနဲ့ ဖက်စပ်အဖွဲ့အစည်းများမှ ဝယ်ယူအားပေးသောနစ် ဖန်တီးပေးပါက တောင်သူများရဲ့ဝင်ငွေ တိုးတက်ရရှိလာမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဆင်းရဲနွမ်းပါးမှုလည်း လျော့ချသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ပြောကြားလိုတာက တောင်သူလယ်သမားများ ဘဝ ထင်သာမြင်သာ တိုးတက်မြင့်မားစေရေးအတွက်ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးမြင့်ကြည် ရဲ့ တောင်သူ လယ်သမားများ၏ ကုန်ထုတ်စွမ်းအား ဆန်စပါး တိုးတက်မြင့်မားရေးနဲ့ ဝင်ငွေတိုးတက်ရရှိရေးအတွက် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် လေးလေးနက်နက် ထောက်ခံရင်း နိဂုံးချုပ်အပ် ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၄း၅၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၅၇။**

**ဒေါ်ခင်ဝိုင်းကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ကြွရောက်လာကြသော ဧည့်သည်တော်များ အားလုံးမင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်၊ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)က ဒေါက်တာမြင့်ကြည် ရဲ့ တောင်သူလယ်သမားများ၏ ကုန်ထုတ်စွမ်းအား ဆန်စပါးတိုးတက်မြင့်မားရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တို က်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ ကျေးဇူးရှင်များဖြစ်ကြတဲ့ တောင်သူလယ်သမားတွေရဲ့ စိုက်ပျိုးရေးကဏ္ဍဟာဆိုရင် လွန်ခဲ့ တဲ့ နှစ်ပေါင်းများစွာ ပုဂံခေတ်မှာ ယခုအချိန်တိုင် နိုင်ငံတော်ရဲ့ အရေးအပါဆုံးနဲ့ အကျယ်ပြန့်ဆုံးသောစီးပွားရေးကဏ္ဍတစ်ခု ဖြစ်ပါတယ်။ လေ့လာတွေ့ရှိချက်များအရ ကိုလိုနီခေတ် ၁၈၉၀ ခုနှစ် လူဦးရေ (၇.၇ ) သန်းရှိစဉ်ကတည်းကပဲ လယ်မြေဧကနည်းပါးတဲ့ ကြားထဲက ပြည်ပဈေးကွက်အတွက် (၁.၂)သန်းကျော် ၁၉၂၀ မှာဆိုလို့ရှိရင် (၂.၄) သန်း တန်ချိန်၊ ၁၉၃၅ ခုနှစ်မှာ အမြင့်မားဆုံး ပြည်ပကို ဆန်တင်ပို့မှုအဖြစ် ဆန်တန်ချိန် (၃) သန်းအထိ တင်ပို့ နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရ ပါတယ်။ လွတ်လပ်ရေးရပြီးတဲ့နောက်မှာတော့၁၉၅၈ မှာ (၁.၈)သန်း၊ ၁၉၆၁ မှာ (၁.၂) သန်း စသဖြင့် တင်ပို့နိုင်ခဲ့သော်လည်း နိုင်ငံတော်မှ တောင်သူလယ်သမားများထံမှ ဆန်စပါးတို့ကို ဈေးတသမတ်တည်း ဝယ်ယူခြင်း၊ နိုင်ငံတကာပေါက်ဈေးထက်နှိမ်၍ ဝယ်ယူခြ င်းများ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ တောင်သူလယ်သမား ရဲ့ ကုန်ထုတ်စွမ်းအား တိုးတက်ရေးနဲ့ ဝင်ငွေ တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်က ပံ့ပိုးပေးရန် ကနဦးကပင် စဉ်းစားဆောင်ရွက် ဖော်ပြခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃(က)မှာ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်လို့ပါသလို (ခ)မှာကျတော့ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံ များကို သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်ပေးမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆(ဂ)မှာတော့ အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်းမြှင့်တင်ရေးနဲ့ အထွေထွေအရင်းအနှီးများ တိုး တက်ဖွံ့ဖြိုးရေးတို့ကို ရှေးရှုဆောင်ရွက်မည်လို့ ပြဋ္ဌာန်းထားတဲ့

အပြင် အခြားသော ပြဋ္ဌာန်းချက်အသီးသီးလည်းရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါတွေ ရှိသလို နိုင်ငံတော်သမ္မတကြီးကလည်း ကျွန်မတို့ ပြည်ထောင်စုလွှတ်တော် အစမှာပဲ မိန့်ကြားခဲ့တာရှိပါတယ်။ အချုပ်ကိုပြောရရင် တောင်သူလယ်သမားများနဲ့ အလုပ်သမားများဟာ နိုင်ငံတော်ရဲ့ အဓိကလူတန်းစားများဖြစ်တဲ့အတွက် လုပ်ရင်လုပ်သလောက် အကျိုးခံစားခွင့်ရရှိအောင် သင့်တင့်မျှတတဲ့ လူနေမှုဘဝကို ပိုင်ဆိုင်ပြီး နောင်ရေးအတွက် ပူပင်ကြောင့်ကြဖို့မလိုတဲ့ အဆင့် မျိုးရောက်လာအောင် ကျွန်တော်တို့ အစိုးရအဖွဲ့က ကြိုးပမ်းဖော်ဆောင်ပေးမှာ ဖြစ်ပါတယ်လို့ မိန့်ကြားခဲ့တဲ့အတွက် တောင်သူလယ်သမားများရဲ့ လိုအပ်ချက်အဝဝကို နိုင်ငံတော်က ဖြည့်ဆည်း ပေးမယ်လို့လည်း ယုံကြည်ပါတယ်။ နိုင်ငံတော်က တောင်သူလယ်သမားများအား ကုန်ထုတ် စွမ်းအား တိုးတက်မြင့်မားနိုင်ဖို့နဲ့ ဝင်ငွေတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးဖို့အတွက် ကျွန်မ ဒီနေရာကနေပြီးတော့ မေတ္တာရပ်ခံလိုတာတွေရှိပါတယ်။

၁။ တောင်သူလယ်သမားများနှင့် သဟဇာတဖြစ်မည့်လယ်ယာမူဝါဒချမှတ်ပေးဖို့ပါ။

၂။ လယ်ယာသွင်းအားစုများ သက်သာစွာရရှိရေးဖြစ်ပါတယ်။

၃။ အရည်အသွေးကောင်းသော ဆန်စပါးဖြစ်မှသာ ဈေးလည်း ဈေးကောင်းရမှာ ဖြစ်တာကြောင့်မို့လို့ အထွက်တိုးမျိုးစပါးများ၊ မျိုးကောင်းမျိုးသန့်များကို ချပေးဖို့ ဒါ ပံ့ပိုးပေးဖို့ ဖြစ်ပါတယ်။

၄။ စိုက်ပျိုးရန် စို က်ပျိုးရှင်သန်ဖွံ့ဖြိုးရေးအတွက် ဓာတ်မြေဩဇာနဲ့ အခြားသော လိုအပ်တဲ့ ပံ့ပိုးပစ္စည်းများ လုံလောက်အောင်ဖြည့်ဆည်းပေးဖို့ဖြစ်ပါတယ်။

၅။ သဘာဝဘေးအန္တရာယ်များနဲ့ အကြိမ်ကြိမ်ကြုံတွေ့နေရ တဲ့ ယခုလို အချိန်အခါမျိုးမှာ သဘာဝဘေး အန္တရာယ်နှင့် ရာသီဥတုကြောင့် စိုက်ပျိုးထားခြင်းများ ပျက်စီးဆုံးရှုံးမှုမှ အတတ်နိုင်ဆုံး ကင်းလွတ်ဖို့အတွက် ဆောင်ရွက်ပေးဖို့ ဥပမာဆိုလို့ရှိရင် အခု ဒါ တိုးတက်လာတဲ့ ခေတ်ကြီးနဲ့အညီ တ ချို့နိုင်ငံတွေကလည်း ကျွန်မတို့ နိုင်ငံကို အ ဆက်သွယ်လုပ်ပြီး အကူအညီ ပေးမယ်လို့ ပြောတယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။ အဲဒီမှာ ရာသီဥတုဆိုင်ရာ သတင်း အချက်အလက်တွေကို ကြိုတင်ပြီး သိဖို့ Information Center တွေကို ကုမ္ပ ဏီတွေကနေပြီး တော့ ဒါမှ မဟုတ်ရင် နိုင်ငံတော်က လိုအပ် သလို လုပ်ပြီးတဲ့အခါကျတော့ လယ်သမားတွေကို

အချိန်မီ အသိပေးလို့ရတယ်ဆိုတဲ့ System တစ်ခုကို ယခု ဒါ ကျွန်မ လေ့လာသိရှိရပါတယ်။ အဲဒီလို သဘာဝဘေးအန္တရာယ်တွေအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

၆။ တိုးတက်တဲ့စိုက်ပျိုးရေးနည်းပညာအသစ်များထံ့ပိုးပေးခြင်း သို့မဟုတ် လယ်သမားတွေကို လိုအပ်ပါက သင်တန်း များပေးခြင်းလည်း ဆောင်ရွက်ပေးဖို့ လိုအပ်မယ်လို့ ယုံပါတယ်။ နောက်ရရှိလာတဲ့ ကုန်ပစ္စည်းများ ကို ဆက်သွယ် ဖောက်ကား ရောင်းဝယ် နိုင်ဖို့အတွက်ကတော့ ခရီးလမ်းပန်းဆက်သွယ်ရေးကောင်း မွန်မှသာ အဆင်ပြေနိုင် မှာ ဖြစ်တဲ့အတွက်ကြောင့်မို့ လို့ အစောကလည်း ကျွန်မတို့ ကိုယ်စားလှယ်တော်ကြီးတွေ တင်ပြသွားပါတယ်။ အဲဒီဒေသအခြေအနေအရ လိုအပ်တဲ့လမ်းတံတားများ ကောင်းမွန်ရေး၊ ခရီးလမ်းပန်း အဆက်အသွယ် ကောင်းမွန်ရေးလည်း လိုအပ်ပါတယ်။ ဒါ ပံ့ပိုးပေးဖို့ ။ နောက်တစ်ခုကတော့ ရေလိုရင် လယ်များက ရေလိုတဲ့အခါမှာ ရေပေးနိုင်ပြီးတော့ ရေလွှမ်းနေလို့ရှိရင်လည်း အဲဒီ ရေ စီးရေလာကောင်းတဲ့ ရေမြောင်းတွေ ကြိုတင်ပြီးတော့ ဆောင်ရွက်ပေးဖို့လည်း တောင်းဆိုပါတယ်။ တောင်သူလယ်သမားများအတွက် ပံ့ပိုးသောချေးငွေ အဲဒီချေးငွေများဟာ လယ်ပမာဏကို လိုက်ပြီးတဲ့အခါကျတော့ အချိန်မီလုံလောက်စွာ ပေးစေချင်ပါတယ်။ ပေးပြီးတဲ့အခါမှာကျတော့ ပြန်လည်ပေးဆပ်တဲ့ အခါကျတော့ရှိရင်လည်း အစောက ပြောသလို လုံလောက်တဲ့အချိန်တစ်ခုကို လယ်သမားတွေအနေနဲ့ ပေးပြီးတော့မှ ဒါ သတ်မှတ် ပေးစေချင်ပါတယ်။ နောက် နိုင်ငံတော်မှ ထွက်ရှိသော ဆန်စပါးများ ကိုလည်း အရည်အသွေး ကောင်းပြီးတော့ ပိုလျှံတဲ့ဆန်စပါးတွေကို နိုင်ငံခြားကို တင်ပို့နိုင်ဖို့အတွက် ဈေးကွက်ရှာဖွေပြီး တောင်သူလယ်သမားများထံမှ ထိုက်သင့်တဲ့ ထိုက်တန်တဲ့ကြေးငွေနဲ့ ပေးပြီးတော့ ဝယ်ဖို့ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်မ တစ် ခုတင်ပြချင်တာက ကျွန်မတို့ဟာ အခုဆိုလို့ ရှိရင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်နေပါပြီ။ အဲဒီမှာ အာဆီယံမှာတော့ ဌာနကြီး (၃)ခု ရှိပါတယ်။ သူက နိုင်ငံရေးနဲ့ လုံခြုံရေး ။ နောက်တစ်ခါ လူမှုရေး၊ နောက်တစ်ခါ စီးပွားရေး အဲဒီတော့ စီးပွားရေးကွန်ယက်မှာ ကျွန်မတို့ ဒါ နိုင်ငံတော်အကြီးအကဲများဟာ အခုဆိုလို့ရှိရင် စာချုပ်၊ ပဋိညာဉ်တွေနောက်ပြီးတော့ လိုအပ်တဲ့ဟာတွေ အကုန်လုံးရှေ့ကနေပြီးတော့ ဆောင်ရွက်နေကြပြီဖြစ်တဲ့အတွက် ကျွန်မတို့ရဲ့ ဒီဆန်စပါးနဲ့ ပတ်သက်တဲ့ အင်မတန် ကျွန်မတို့နိုင်ငံအတွက် အရေးကြီးတဲ့ ဆန်စပါးရဲ့ဈေးကွက်ကို အာဆီယံနဲ့ပူးပေါင်းပြီးတဲ့အခါကျတော့ ကျွန်မတို့က ဆောင်ရွက်လို့ရပါတယ်။ အဲဒီမှာ အာဆီယံကလည်း အာဆီအဖွဲ့ဝင်နိုင်ငံဖြ စ်တဲ့အားလျော်စွာ နိုင်ငံရေး ၊ လုံခြုံရေး၊ လူမှုရေးတို့အပြင် အာဆီယံနိုင်ငံများအတွက် စီးပွားရေး အသိုက်အဝန်း ရည်မှန်း ချက်တို့ကို

လည်း အချိန်နဲ့တပြေးညီ ဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါတယ်။ ဒါ ကျွန်မတို့က ဒီမှာ တချို့ကတော့ လေ့လာတယ်။ တချို့ကတော့ မလေ့လာဘူး။ အဲဒီအခါမှာ အာဆီယံကလည်း အချိန်နဲ့အမျှ သူတို့ ဆောင်ရွက်စရာရှိတာတွေကို ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အခု ဆိုရင် ၂၀၁၅ ခုနှစ် မတိုင်ခင်မှာပဲ ဒီလယ်ယာနဲ့ပတ်သက်တာတွေကိုလည်း ကျွန်မတို့ စီးပွားရေးကဏ္ဍမှာ လယ်ယာနဲ့ ပတ်သက်တဲ့ကဏ္ဍလည်း ပါ ပါတယ်။ အဲဒီမှာ ၂၀၁၅ ခုနှစ် မတိုင်ခင်မှာ အရည်သွေးပြည့်မီဖို့ စံချိန်စံညွှန်း ပြည့်မီဖို့ အစ စအဆင်ပြေဖို့ ဒါတွေ စီမံချက်တွေရှိပါတယ်။ စီးပွားရေးရည်ရွယ်ချက် ဆောင်ရွက်ချက်များမှာ ရိက္ခာနဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် ထုတ်ကုန်များ ဈေးကွက် ပိုမိုရရှိရန် ပူးပေါင်း ဆောင်ရွက်မှု ကွန်ရ က်ထူထောင်ရန် ဒေသတွင်း လယ်သမားများ၏ အကျိုးစီးပွားဖြည့်ဆည်းရန်တို့ကို တိုးမြှင့်ခြင်းဖြစ်ပြီ အဲဒီလိုဆိုထားတဲ့ အတွက်ကြောင့်မို့လို့ ကျွန်မတို့အတွက် အများကြီး အာဆီယံနဲ့ပတ်သက်ပြီးတော့ မျှော်လင့်ချက်တွေ အများကြီးရှိပါတယ်။ အဲဒီတော့ တောင်သူလယ်သမား တွေဆီကနေ ထွက်လာတဲ့ အရည်အသွေး ပြည့်မီတဲ့ ဆန်စပါးတွေကို နိုင်ငံတော်အစိုး ရက ထိုက်သင့်တဲ့ ဈေးပေးပြီးတဲ့အခါကျ တော့ ကျွန်မတို့က ဈေးကွက်အရ ဖြန့်ကျက်ပြီးတော့ ထုတ်လို့လည်းရပါတယ်။ အဲဒီမှာ ဇန်နဝါရီ ၃၁ ရက်ကပဲ ကျွန်မတို့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ တရု တ်၊ ဂျပန်နဲ့ တောင်ကိုးရီးယားတို့ရဲ့ နိုင်ငံအလိုက် စီးပွားရေးနဲ့ဘဏ္ဍာရေးအခြေအနေကို ကြီးကြပ်ဖို့ အတွက် လွတ်လပ်သော စောင့်ကြည့်ရေး အဖွဲ့ရုံးကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်ကပဲ စင်ကာပူမှာ ဖွင့်လှစ်ခဲ့ပြီးဆိုတာကို ကြားသိရပါတယ်။ အဲဒီတော့ ပိုမိုကျယ်ပြန့်တဲ့ ဈေးကွက်နဲ့ အဆက်သွယ်များကို အာဆီယံကနေ တစ်ဆင့် နိုင်ငံတော်က ဆောင်ရွက်ပေးဖို့ ကျွန်မတို့ တောင်သူလယ်သမားတွေအတွက် ဒါ အလားအလာ အလွန်ကောင်းတဲ့ အခြေအနေဖြစ်ပါတယ်။ အဲဒါကို ကျွန်မ တင်ပြချင်ပါတယ်။

နောက်ဆုံးအနေနဲ့ကတော့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်စီးပွားရေးကဏ္ဍ အသီးသီးအနက် စိုက်ပျိုးရေးကဏ္ဍသည် အမျိုးသားထုတ်ကုန် ပမာဏ၏ (၅၉) ရာခိုင်နှုန်းနဲ့ လုပ်သားအင်အား၏ သုံးပုံနှစ်ပုံဖြင့် မြန်မာနို င်ငံ၏စီးပွားရေးကို ဦးဆောင်နေကြောင်းလေ့လာတွေ့ရှိရပါသည်။ ပြည်သူများ၏ လူနေမှုဘဝ ချမ်းသာပျော်ရွှင်ရေး ဝင်ငွေ၊ အသက်ရှင်နေထိုင်ရေးအားလုံးသည် စိုက်ပျိုးရေးအပေါ်တွင် အများဆုံး တည်မှီလျက် ရှိကြောင်း တွေ့ရပါသည်။ နိုင်ငံတော်မှ တောင်သူလယ်သမားတို့ကိုလည်း လိုအပ်သည့် ပံ့ပိုး

ပစ္စည်းများဖြည့်ဆည်းပေးခြင်းနဲ့ သင့်တင့်လျောက်ပတ်သော လယ်ယာမှုဝါဒများချမှတ် ဆောင်ရွက်ပေးမည်ဆိုပါက အရည်အသွေးကောင်း အထွက်တိုးစပါးများ ပိုမိုထွက်ရှိနိုင်ပါသည်။ ပိုမိုထွက်ရှိသည့်အလျောက်လည်း နိုင်ငံတော်မှ စီးပွားရေးရည်မှန်းချက်ပန်းတိုင်များနဲ့အညီ တောင်သူများထံမှ ထိုက်သင့်လျောက်ပတ်သော ဈေးကောင်းပေး ဝယ်ယူမည်ဆိုပါက နိုင်ငံတော်ရော၊ နိုင်ငံသားများအတွက်ပါ အကျိုးရှိမည်ဖြစ်ကြောင်းယုံကြည်ပါသောကြောင့် ဒေါက်တာမြင့်ကြည်၏ တောင်သူလယ်သမားများ၏ ကုန်ထုတ်စွမ်းအား ဆန်စပါးတိုးတက် မြင့်မားစေရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လှိုက်လှဲစွာထောက်ခံအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၅:၀၈။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅:၀၈။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) ။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ရဲ့ တောင်သူလယ်သမားများ၏ ကုန်ထုတ်စွမ်းအား ဆန်စပါး တိုးတက်မြင့်မားစေရေးနဲ့ ဝင်ငွေတိုးတက်ရရှိရေးအတွက် ဆောင်ရွက်ပေး ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့ အဆိုကို ကျွန်တော့် အနေနဲ့ အလေးအနက် ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒီရည်မှန်းချက်က ကျွန်တော်တို့ မြန်မာ့သမိုင်းအဆက်ဆက်မှာ မျှော်မှန်းထားတဲ့ ရည်မှန်းချက်ဖြစ်ပါတယ်။ မည်သည့် အစိုးရပဲတက်တက် ဤကဲ့သို့သော ဆန်စပါးတိုးတက်မြင့်မားစေရေးနဲ့ ဝင်ငွေတိုးတက်ရရှိရေးကို ဦးတည်ချက်တစ်ရပ်အနေနဲ့ထားပြီးတော့ နိုင်ငံရဲ့ အကျိုးကို သယ်ပိုးခဲ့တာလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါပေမဲ့ ဒီကိစ္စက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ကျွန်တော်တို့ တိုးတက်ရည်မှန်းခဲ့ပေမယ့်လည်းပဲ ဘာကြောင့်မအောင်မြင်သလဲလို့ ကျွန်တော့်အနေနဲ့လည်း တစ်ခါတစ်ရံ

တွေးတောမိပါတယ်။ အခြေခံအားဖြင့် ဘာဖြစ်နေသလဲ ။ ကျွန်တော်တို့ရဲ့ ခေတ်စနစ်ကြောင့်လား။ ကျွန်တော်တို့ရဲ့ နိုင်ငံရေးအပြော င်းအလဲ မကြာခဏ ဖြစ်ပေါ်လာလို့လား။ ဒါမှမဟုတ်ရင် ကျွန်တော်တို့ရဲ့ နိုင်ငံ အနေအထားအရ ခေတ်ပညာ မတိုးတက်လို့ မအောင်မြင်သလားလို့ ကျွန်တော်တို့အနေနဲ့ စဉ်းစားစရာတွေ ဖြစ်ပါတယ်လို့ ကျွန်တော် တင်ပြလိုပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအချက်တွေကို ကျွန်တော်တို့ ပြန် ပြီးတော့ ကြည့်တဲ့ အခါမှာ ခေတ်စနစ်ကြောင့်လို့ ကျွန်တော်တို့ ပြောဆို မယ်ဆိုရင်လည်းပဲ ခေတ်အဆက်ဆက်က ဒီဆန်စပါး အရည်အသွေးတိုးတက်ဖို့၊ ဝင်ငွေပိုမိုရရှိဖို့ ရည်မှန်း တဲ့ရက်နဲ့ တကယ်လည်းပဲ အလုပ်လုပ်ခဲ့တာကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အဲ ဒီတော့ ဒီဥစ္စာက မအောင်မြင်တဲ့ အကြောင်းအရင်းက ဘာလဲ။ ကျွန်တော်တို့အရင်တုန်းက လွတ်လပ်ရေး မရခင်တုန်းက ဒီကိုလိုနီ စနစ်ရဲ့ လောင်းရိပ်တွေက မကင်းသေးလို့၊ ဒီအချက်လည်း မအောင်မြင်တာ ဖြစ်နေသလားလို့ ကျွန်တော် တို့လည်း လေ့လာ ဆန်းစစ်လို့ ရပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဒီကနေ့ တောင်သူလယ်သမား (၈၀) ရာခိုင်နှုန်းက ဒီနိုင်ငံမှာ ရှိနေပါတယ်။ ဒီတောင်သူလယ်သမားအားလုံးက တကယ်ပဲ ကိုယ်ကို ယ်တိုင်က ဒီ လယ်ယာတွေကို ကိုယ်တိုင် လုပ်နေရသလား။ ဒါမှမဟုတ်ရင် ယခင်က ခေတ်စနစ်အတိုင်းမှာပဲ ကိုလိုနီစနစ်ရဲ့လောင်းရိပ်ကို ဒီနေ့အထိ ခံနေရသေးလို့ ဒီလောင်းရိပ်အောက်မှာပဲ လုပ်နေရသေးလို့ မအောင်မြင်သလား။ ကျွန်တော်တို့ တွေးတောစရာတွေဖြစ်ပါတယ်။ အဲ ဒီတော့ ခုန ကျွန်တော်တို့ ခေတ်အဆက်ဆက် ပြောမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာ ပြည်တော်သာ စီမံကိန်းတွေကို တည်ဆောက်တဲ့အချိန်မှာလည်းပဲ နောက်ဆုံး ကျွန်တော်တို့ နိုင်ငံက (၈၀)ရာခိုင်နှုန်းသော တောင်သူလယ်သမားတွေက တိုက်တစ်လုံး၊ ကားတစ်စီး ပိုင်ဆိုင်ဖို့ အထိတောင်မှ မျှော်မှန်းခဲ့တယ်။ ဒါတွေလည်းပဲ မအောင်မြင်ခဲ့ဘူး။ ကျွန်တော်တို့နိုင်ငံတော်ရဲ့အခြေအနေအရ ဒီအိမ်စောင့်အစိုးရတက်လာတဲ့အချိန်မှာလည်းပဲ ဒီတောင် သူလယ်သမားရဲ့အရေးကို အဓိက အခြေခံအဖြစ် ကျွန်တော်တို့နိုင်ငံကို တည်ဆောက်ဖို့ ခေတ်ပြောင်းတော်လှန်ရေးအဆင့်အထိ နောက်ဆုံး ကျွန်တော်တို့ မြန်မာ့ဆိုရှယ် လစ်လမ်းစဉ်ပါတီ နိုင်ငံတော်ဦးဆောင်တဲ့အချိန်အထိ တောင်သူလယ်သမားတွေကို အကာအကွယ်ပေးတဲ့ အခွင့်အရေးကအစ အများကြီးဆောင်ရွက်ပေးခဲ့တာကိုလည်း ကျွန်တော်တို့ တွေ့ရှိရတယ်။ အဲဒီတော့ နောက်တစ်ခု ကျွန်တော်တို့ ဒီနိုင်ငံရဲ့ အခြေအနေပြောင်း လဲလာတဲ့အချိန်မှာ ကျွန်တော် တို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြား မှုတည်ဆောက်ရေးအဖွဲ့ ၊

နောက်ပိုင်းကျမှ ကျွန်တော်တို့ အေးချမ်းဖြိုးခေတ်ရောက်လာတဲ့အထိ နောက် ဒီကနေ့ ကျွန်တော်တို့ဟာ ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်တဲ့အချိန်မှာ အရပ်သားအစိုးရရဲ့ ဒီ ဟောပြောချက်တွေကလည်းပဲ ဒါ ကျွန်တော်တို့ နေ့စဉ်နဲ့ အမျှ စီးပွားရေးဂျာနယ်မှာဖြစ်ဖြစ်၊ သတင်းစာထဲမှာပဲဖြစ်ဖြစ် နေ့မနား၊ ညမအိပ်ဘဲနဲ့ ဆောင်ရွက်နေတာကိုလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိရတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒါကို အတိုချုံး အားဖြင့် ကျွန်တော် တင်ပြခြင်းသာဖြစ်ပါတယ်။ ဒီအချက်ကို လေ့လာကြည့်တဲ့အချိန်မှာ ကျွန်တော့်အနေနဲ့ ကောက်နုတ်ချက် (၁၀)ချက် လောက် ကျွန်တော် သဘောပေါက်မိပါတယ်။ ကျွန်တော် သဘောပေါက်မိတဲ့အတိုင်း ဒီကနေ့ အမျိုးသားလွှတ်တော်ကို ကျွန်တော်အနည်းငယ်တင်ပြလိုပါတယ်။ အဲဒီတော့ ခုန ကျွန်တော် တင်ပြသွားတဲ့ အချက်လက်တွေ အားလုံးထဲက ခေတ်စနစ်အကောင်းကို ကျွန်တော် တို့ ရှာမယ်ဆိုရင် ဒီနေ့လယ်ယာမြေပြဿနာနဲ့ပတ်သက်ပြီးတော့ ကမ္ဘာတစ်ခုလုံးမှာဖြစ်ပျက်နေတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း အများကြီးဖြစ်ပွားနေတယ်။ အဲဒီတော့ ဒီလယ်ယာမြေ ပြဿနာနဲ့ပတ်သက်ပြီးတော့ အကောင်းဆုံး ဖြေရှင်းနိုင်တဲ့စနစ်ကိုလည်းပဲ ဘာစနစ်ရယ်လို့လည်း ကျွန်တော်တို့က မပြောမဆိုနိုင်သေးဘူး။ အဲ ဒီတော့ ကျွန်တော်တို့ ဒီ လိုဖြစ်နေရတာက စနစ်ရဲ့ အပြစ်လား။ လူရဲ့ အပြစ်လား။ ကျွန်တော်တို့လည်း ပြန်လည်ပြီးတော့ သုံးသပ်ဖို့တော့ လိုအပ်လာ ပြီဖြစ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အဲဒီတော့ ကျွန်တော်တွေ့ရှိရတဲ့ အချက် (၁၀)ချက်ထဲက နံပါတ်တစ် မြေယာပြဿနာကို ကျွန်တော် တို့ ပြီးပြတ်အောင်လို့ ရှင်းဖို့လိုတယ်။ ဒီကနေ့ နိုင်ငံတော်တွင်းမှာ နေရာတကာ မြန်မာပြည် မြို့ရွာအချို့တွေမှာ မြေယာပြဿာနာမရှင်းမလင်းတဲ့ အချက်တွေကိုလည်း ကျွန်တော်တို့ တွေ့ရှိရတယ်။ သူပိုင် ကိုယ်ပိုင်၊ သူပိုင် ငါပိုင် စတဲ့ အငြင်းပွားပြဿနာတွေက ရှိနေရင်းနဲ့ပဲ ဒီလယ်ယာမြေကို မလုပ်ဖြစ်တဲ့နေအထားတွေလည်း ကျွန်တော်တို့ တွေ့ရှိရတယ်။ နောက် ဒုတိယအချက် နံပါတ်နှစ် အချက်က ကျွန်တော်တို့ လယ်လုပ်သူ တကယ်လုပ်ပိုင်ခွင့်ကို ရှိရမယ်။ အဲ ဒီတော့ အချို့က ဒီလယ် လုပ်ပိုင်ခွင့်ကို မရှိဘူး။ အဲဒီတော့ ဘာလို့ လယ်လုပ်ပိုင်ခွင့်မရှိလည်းဆိုတော့ ခုန ကျွန်တော်တို့ပြော တဲ့ ခေတ်စနစ်ရဲ့ ဒီလောင်းရိပ်အောက်မှာ နေလိုက်တဲ့အချိန်မှာ ကျွန်တော်တို့ သီးစား အငှားချ လုပ်ဆောင်တဲ့ အချိန်မှာ ဥပမာ လယ်သမားအချို့က တာဝန် ကျေပွန်အောင် မပေးနိုင်ဘူး။ ဒါမှ မဟုတ်လို့ရှိရင် သူ့ရဲ့ သူ့ ဘက်က အားနည်းချက် တစ်စုံတစ်ရာကြောင့် ဒီလယ်ကို သူဟာ တားဆီးကန့်ကွက်မှု ခံရပြီးမှ မလုပ်နိုင်တဲ့ အခြေအနေ လေးတွေလည်း တစ်ခါတစ်ရံ ရှိတတ်ပါတယ်လို့ ကျွန်တော့်

အနေနဲ့ သုံးသပ်မိပါတယ် ။ နောက်တစ်ချက်က တောင်သူလယ်သမား က ကိုယ်တိုင် တကယ် အဲဒါက နံပါတ်သုံးအချက်ပေါ့။ ကိုယ်တိုင် တကယ် လုပ်ပိုင်ခွင့်ရှိဖို့ ကိုယ်တိုင် စီမံခန့်ခွဲမှု တကယ်ရှိဖို့ ဒီလယ်ကို လုပ်တဲ့အချိန်မှာ ခုနက ကျွန်တော်တို့ နောင်တော်ကြီး တစ်ဦး ကလည်း ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ကိုယ်တိုင် ပစ္စည်းဖြစ်လာတဲ့အချိန်မှာ ကျွန်တော်တို့ ကိုယ်တိုင်တကယ်လုပ်ခွင့်ရှိဖို့ ဒါလည်း အင်မတန်ပဲလိုအပ်ပါတယ်။ အဲဒီတော့ လယ်သမားတွေဟာ သူတို့ရဲ့လယ်ကို ကိုယ်တိုင်စီမံခန့်ခွဲနိုင်ဖို့ ကိုယ်တိုင်လုပ်ကိုင်နိုင်တဲ့ အခွင့်အရေးရှိဖို့ လိုအပ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ လေ့လာတွေ့ရှိရပါတယ်။ နောက်တစ်ခု နံပါတ်လေးအချက်အနေနဲ့ လယ်သမားများရဲ့ စိုက်ပျိုးရေး စရိတ်ချေးငွေကို တကယ် ထိထိရောက်ရောက် ထုတ်ပေးဖို့ပဲ ဖြစ်ပါတယ်။ ခုန ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး က ကျွန်တော်တို့ ဒုတိယဝန်ကြီး စိုက်ပျိုးရေးဝန်ကြီးကို မေးမြန်းတဲ့အချိန်မှာ လယ် (၁၀)ဧက ဆိုတဲ့အဆင့်အထိ တကယ် လယ်သမား တချို့ကလည်းပဲ ဒီထက်ကျယ်ပြန့်တဲ့လယ်တွေကို လုပ်တယ်။ ကျွန်တော်တို့က အကန့်အသတ်မရှိဘဲနဲ့ တက ယ်ပဲ ထုတ်ချေးငွေကို ပြည့်ပြည့်ဝဝ ရရှိဖို့ အဲဒါမှပဲ လယ်သမားရဲ့ ဘဝက ကျွန်တော်တို့မျှော်မှန်းထားတဲ့အတိုင်း ဖြစ်နိုင်ပါတယ်လို့ ကျွန်တော့် အနေနဲ့ယူဆပါတယ်။ နံပါတ်(၅)အချက်အနေနဲ့ ကျွန်တော်တို့ လက်မှုလယ်ယာကနေ စက်မှုလယ်ယာကို ကူးပြောင်းနေတဲ့အချိန်မှာ တောင်သူလယ်သမားများက သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်ကို တကယ်လက်တွေ့ အကောင်အထည်ဖော်နိုင်ဖို့ ဒါ ကျွန်တော်တို့ ပညာပေးရမယ် ။ အဲဒီလို ကျွန်တော်တို့ ပညာပေး ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ မြန်မာဆိုရိုးမှာ ရှိတဲ့အတိုင်းပဲ ရှေးထုံးလည်း မပယ်နဲ့ ဈေးသုံးလည်း မလွယ်နဲ့ ဆိုလာတဲ့အချိန်မှာ တစ်ခါတစ်ရံ ကျွန်တော်တို့ တကယ်လုပ်တဲ့အချိန်မှာ ဟိုမှာ ကျွန်တော်တို့တောင်ပေါ်နဲ့ မြေပြန့်အနေအထားမတူလာတဲ့အချိန်မှာ ဒါတွေကိုလည်း ကျွန်တော်တို့က သုံးသပ်ပြီးဆောင်ရွက်ဖို့ တကယ်ပဲ ကျွန်တော်တို့ သိပ္ပံ နည်းကျ ဆောင်ရွက်ကြရအောင်ဆို တောင်ထိပ်မှာ တစ်ခါတစ်ရံ လုပ်လို့လည်းမရတဲ့ အနေအထားလေး တွေ ရှိတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီဥစ္စာတကယ်လက်တွေ့ အကောင်အထည်ဖော်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ ရှေးရိုးစကားတွေကိုလည်း မမေ့ဘဲနဲ့ အကောင်အထည်ဖော်သွားဖို့လိုအပ်ပါတယ်လို့လည်း ကျွန်တော့် အနေနဲ့ အကြံပြု တင်ပြလိုပါတယ်။ နောက်တစ်ချက်အနေနဲ့ ကျွန်တော်တို့ စိုက်ပျိုးရေးကို ဆောင်ရွက်တဲ့နေရာမှာ တောင်သူလယ်သမားများက ဒီ ရသင့်ရထိုက်တဲ့ ရတဲ့ သီးနှံတွေကို ဖြစ်သင့် ဖြစ်ထိုက်တဲ့ဈေးနှုန်း နဲ့ တကယ်အမှန်ရရှိဖို့ ဒါ အစိုးရက ကူညီ

ဆောင်ရွက်ပေးရမယ်။ တကယ်လို့များ ဒီလိုအခြေအနေမပေးတဲ့အချိန်မှာ အစိုးရကနေ ကြားဝင်ပြီးတော့ တောင်သူလယ်သမားတွေ မနစ်နာအောင် ကူညီဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဥပမာ ကျွန်တော်တို့ ဆန်စပါးဈေးနှုန်းကျတဲ့အချိန် မှာ ကျတဲ့အတိုင်း တောင်သူလယ်သမားဆိုတာက ဆင်းရဲတဲ့ များသောအားဖြင့် ဆင်းရဲသူ၊ ဆင်းရဲသားတွေ ဖြစ်ကြပါတယ်။ သူတို့ရရှိတဲ့ ဆန်စပါးလေး၊ သူတို့ လိုအပ်တဲ့အခြေအနေ ရရှိတဲ့ဈေးနှုန်းနဲ့ ရောင်းရင်လည်း ရောင်းပစ်လိုက်တာပဲ။ အဲဒီလိုမျိုးဖြစ်တဲ့အချိန် မှာ ဒီလိုအ ခြေအနေမျိုးတွေ မရှိ အောင် အဲဒီလိုကု န်ဈေးနှုန်းတွေ အင်မတန်ကျဆင်းတဲ့အချိန်မှာ အစိုးရက အကာအကွယ် ပေးဖို့ လိုအပ်တယ်ဆိုတဲ့အချက်တွေကိုလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ နောက်တစ်ခုအနေနဲ့ တောင်သူလယ်သမားတွေကို တကယ်ပဲ သူတို့ရဲ့ အခွင့်အရေးကို ဥပဒေအရ အကာအကွယ် အပြည့်အဝပေးဖို့တော့ လိုအပ်ပါတယ်။ အဲဒီ လို အကာအကွယ် ပေးမှလည်း သူတို့က ခိုင်ခိုင်မာမာ၊ သူတို့က မိမိရဲ့ လယ်ယာမြေတွေကို သူတို့ ကောင်းမွန်စွာ လုပ်ဆောင်နိုင်ပါတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ နောက်ပြီးတော့ ဆယ်ချက် တစ်ချက်အနေနဲ့ တောင်သူလယ်သမားများ လယ်ယာတွေကို ကောင်းမွန်စွာ လုပ်ကိုင်နိုင် အောင် ဒါ ကျွန်တော်တို့ နယ်မြေတည်ငြိမ်အေးချမ်းဖို့နဲ့ တရားဥပဒေစိုးမိုးဖို့ အထူးလို အပ်လျက်ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီ နယ်မြေအေးချမ်းသာယာရေးနဲ့ တရား ဥပဒေစိုးမိုးရေးကို ကျွန်တော်တို့ ဆောင်ရွက်ဖို့ အထူးလိုအပ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြပါတယ်။

အဲဒီတော့ နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ အခု အထူးသဖြင့် နည်းနည်း လက်တွေ့ဆောင်ရွက်ရမယ့်ကိစ္စလေးတွေက ဘာလဲဆိုတော့ မြေယာပြဿနာလို့ ကျွန်တော်တို့ ဆိုလာတဲ့အချိန်မှာ ဒီကနေ့ အချို့သော မြို့များတွေက ရှိနေတဲ့ လယ်ယာ များတွေကို စိုက်ကွင်း စိုက်ကွက်များတွေကို ဒါကို အဓိက မထားဘဲနဲ့ လူတွေရဲ့နေထိုင်မှုကို လူတွေရဲ့နေအိမ်မြေရာအကွက်အဖြစ် တိုးချဲ့ပြီးတော့ လုပ်ဆောင်သွားတဲ့အချက်ကလေး တွေလည်းရှိတယ်။ အချို့မြို့မှာ ပြဿနာအများကြီးရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မြို့များကို တိုးချဲ့ဖို့ဆိုလာတဲ့အချိန်မှာ တခြားနေရာ ကျွန်တော်တို့ တိုးချဲ့ ဖို့လည်း လွယ်ကူပါတယ်။ ဒါပေမဲ့ လက်ရှိနေတဲ့ မြို့ရွာနဲ့ နီးကပ်နေတဲ့ လယ်ယာတွေ၊ လယ်ယာမြေပေါ်မှာ မြို့ကိုတိုးချဲ့တဲ့ကိစ္စက ဒါက မြို့နယ်အတွင်းမှာ လယ်ယာမြေပြဿနာတွေကိုလည်း ပေါ်ပေါက်စေတယ်ဆိုတဲ့အချက်ကို ကျွန်တော် တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီကနေ့ ဒေါက်တာမြင့်ကြည် ရဲ့ လယ်သမားများရဲ့ ကုန်ထုတ်

စွမ်းအား ဆန်စပါး တိုးတက်မြင့်မားစေရေးနဲ့ ဝင်ငွေတိုးတက်စေရေးကို နိုင်ငံတော်မှာ တာဝန်ရှိတဲ့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းတဲ့ အချိန်မှာ ခုနက ကျွန်တော် တင်ပြတဲ့အချက်လေးကိုပါ တိုက်တွန်းနှိုးဆော်ပြီးတော့ ဒီလယ်ယာ မြေကိစ္စကို အကောင်အထည် ဖော်မယ်ဆိုရင်တော့ ကျွန်တော်တို့ ဒီရည်မှန်းချက်အတိုင်း အောင်မြင်ပါလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည် ပါကြောင်း လေးစားစွာဖြင့် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

(သြဘာသံများ)

**အချိန်၊ ၁၅း၂၂။**

**ဥက္ကဋ္ဌ။** ။ အဆိုနဲ့စပ်လျဉ်း ၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည် မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြန်လည်ဖြေရှင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၂၂။**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည် မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုး သားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါ တယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် အဆိုတင်သွင်းချက်ဖြစ်သည့် တောင်သူလယ်သမားများ၏ ကုန်ထုတ် စွမ်းအား ဆန်စပါးတိုးတက်မြင့်မားစေရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက် ဆောင်ရွ က် ပေးရန်ဆိုတဲ့ အဆိုပြုချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည် မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ဦးခင်ဇော် အနေဖြင့် ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အခုလို ရှင်းလင်း ဖြေကြားခွင့်ရရှိတဲ့အတွက်ကြောင့် အထူး ပင်ကျေးဇူးတင်ရှိ ပါကြောင်း ပဏာမ ပြောကြားလိုပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ် တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည် မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများ၏ ဘဝ လက်တွေ့ကျကျ အမှ န်တကယ်တိုးတက်စေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြံစည် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကုန်ထုတ်စွမ်းအားတိုးမြှင့်ရရှိရေးနှင့် ဝင်ငွေ တိုးတက် ရရှိရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံမှ ဆောင်ရွက်

ပေးလျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ တောင်သူ လယ်သမားများ၏ သီးနှံများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ရေးတာဝန် (Seed Production) တာဝန် ဖြစ်ပါတယ်။ တောင်သူလယ်သမားများ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ရရှိအသုံးပြုနိုင်စေ ရေး လေ့ကျင် ့ပညာပေးရေးတာဝန် (Training and Education) ဖြစ်ပါတယ်။ အရည်အသွေး နှင့် အထွက်နှုန်းကောင်းမွန်သည့် သီးနှံမျိုးကောင်းမျိုးသန့်များနှင့် စိုက်ပျိုးနည်းစနစ်များ သုတေသနပြုလုပ်ခြင်းနှင့် ဖွံ့ဖြိုး တိုးတက်ရေးတာဝန် (Research and Development) တာဝန်တို့ကို စဉ်ဆက်မပြတ် ကြံစည် အားထုတ်ကြိုးစားအကောင်အထည်ဖော်လျက်ရှိနေပါတယ်။ တောင်သူလယ်သမားများ စိုက်ပျိုး ထုတ်လုပ်ရာမှာ အထွက်နှုန်းကောင်း၊ အရည် အသွေးကောင်းပြီး ဈေးကွက်အလားအလာရှိတဲ့ စပါးမျိုးများကို စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ အထူးအထွက်တိုးစပ်မျိုး စပါးမျိုးစေ့များ ထုတ်လုပ်ခြင်းကို အစပျိုးဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း မျိုးကောင်းမျိုးသန့်မျိုးစေ့များ နေရာ ဒေသ တိုင်းများ ဈေးနှုန်းမှန်ကန်စွာ အရေးအသွေးမှန်ကန်စွာ ဖြင့် ရယူစိုက်ပျိုးနိုင်ရေးအတွက် ရင်းနှီး မြှုပ်နှံနိုင်စွမ်းရှိသော လုပ်ငန်းရှင်များ ပါဝင်ပူးပေါင်း၍ မျိုးစေ့ထု တ်လုပ်ခြင်းလုပ်ငန်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။အထူးအထွက်တိုးစပါးမျိုး ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် မျိုးထုတ်လုပ်မှုလုပ်ငန်းကို ရွှေဘိုစိုက်ပျိုးရေးတက္ကသိုလ်၌ ဧက(၁၀၀)၊ ဝမ်းတွင်းမြို့နယ်ရွှေတောင် စိုက်ပျိုးရေးခြံ၌ ဧက (၁၀၀) စုစုပေါင်း ဧက (၂၀၀) ကို တ ရုတ်စိုက်ပျိုးရေးပညာရှင်များဖြင့် ပူးပေါင်း၍ အထူးအထွက်တိုးစပါးမျိုးများ စိုက်ပျိုးထုတ်လုပ်ဆောင်ရွက်လျက်ရှိရာ ပြည်နယ် / တိုင်းဒေသကြီးအသီးသီးတွင် သုတေသနခြံများကို မျိုးသန့် (၁၇)ခြံ၊ ဗဟိုခြံ (၇)ခြံ အပါအဝင် စုစုပေါင်း (၂၄)ခြံ တည်ထောင်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ စပါးအပါအဝင်ဝင်ငွေရ တွက်ခြေကိုက် သီးနှံအမယ်များအပေါ်တွင် တောင်သူလယ်သမားများ ပိုမို၍ အကျိုးကျေးဇူး ခံစားရရှိနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအပိုင်း၊ ပညာရှင်များအပိုင်း၊ ပုဂ္ဂလိကအထူးပြုကုမ္ပဏီများ အပိုင်းတို့အနေဖြင့် အခြေခံလိုအပ်ချက်များရှိနေကြသည့် ကျေးဇူးရှင် တောင်သူလယ်သမားကြီး များကို ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးခြင်းဖြင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့်လူနေမှု ဘဝကို အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားစေမည်ဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးတွင် ခေတ် မီသိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းစနစ် (Good Agriculture Practice) လိုက်နာဆောင်ရွက်မှသာ

ရသင့်ရထိုက်သော သီးနှံအထွက်ကို ရရှိနိုင်မည် ဖြစ်သဖြင့် နည်းစနစ်ပိုင်းတွင်လည်း သတိပြု လိုက်နာဆောင်ရွက်ရေးကို စည်းရုံးဆောင်ရွက်လျက်ရှိပါတယ်။ ယင်းအနက် သွင်းအားစုများ စနစ်တကျအသုံးပြုခြင်းနည်းလမ်းအရ ဓာတ် မြေဩဇာကို အချိန်ကိုက် အချိုးကျ ထည့်သွင်း အသုံးပြုရေးကို အလေးထားထည့်သွင်း ဆောင်ရွက်စေလျက်ရှိပါတယ်။ တစ်ဖက်တွင်လည်း တောင်သူလယ်သမားများ ဓာတ်မြေဩဇာကို လက်လှမ်းတမီ ရယူအသုံးပြုနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ရေကို အကျိုးရှိစွာ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရာတွင် ဆည်၊ ရေလှောင်တမံများ တည်ဆောက် ခြင်း၊ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြေအောက်ရေလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရေအလေအလွင့်နည်းစေရန်အတွက် သီးနှံပုံစံ များ ရွေးချယ်မှုမှန်ကန်စေရန်နှင့် သီးနှံတစ်ခုချင်း ၏ ရေလိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဆည်း ပေးနိုင်ရန်၊ ရေ ဆုံးရှုံးမှုနည်းစေရန်အတွက် ရေလှည့်စနစ်များရေးဆွဲ၍ ထိ ရောက်စွာ အသုံးပြုရန် ရေပေးဝေမှု ကော်မတီများ ဖွဲ့စည်း ဆောင်ရွက်ရန်နှင့် လယ်သမားများပါဝင်သည့် ဆည်ရေအသုံးပြုသူအဖွဲ့ များ ဖွဲ့စည်း ဆောင်ရွက် ရန်အတွက် နည်းလမ်းများ ချမှတ်ဆောင်ရွက်ခြင်းကို ဆည် မြောင်းဦးစီးဌာနမှ ဝန် ထမ်းများ၊ ဒေသဆိုင်ရာတာဝန်ခံများနှင့် ဆည် ရေအသုံးပြုသူ လယ်သမားများသို့ နည်းပညာ ဖြန့်ဖြူး ပေးသည့်လုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ သီး နှံအထွက် ထိခိုက်စေမည့် ပိုးမွှားများ ကျရောက် ခြင်းကို ကြိုတင်ကာကွယ်ခြင်း၊ ကျရောက်သည့်အချိန်တွင် ဓာတုဆေးဝါး များစနစ်တကျ သုံးစွဲခြင်း (Chemical Control) နှင့် ဇီဝနည်းပညာဖြင့် ဆောင်ရွက်ခြင်း (Biological Control )နည်းလမ်းများ အသုံးချဆောင်ရွက်လျက်ရှိ ပါတယ်။ သုံး စွဲသူ တောင်သူ လယ်သမားများနှင့် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေးအတွက် ပိုးသတ်ဆေး စနစ်တကျ သုံးစွဲရေးနည်းလမ်းများကို ပညာပေးဆောင်ရွက်လျက် ရှိပါတယ်။ စိုက်ပျိုးနည်း စနစ် ဆိုင်ရာများ ကို တောင်သူလယ်သမား များ လိုက်နာကျင့်သုံးနိုင်ရေး အတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (Good Argiculture Practice )နှင့်အညီ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဒေသအလိုက် စည်းရုံးပညာပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများနှင့် ဈေးကွက်သတင်း အခြေအနေများကို လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ထုတ်ဝေလျက်ရှိသည့် လယ်ယာစီးပွားသတင်းစာစောင်များ၊ နိုင် ငံပိုင်သတင်းစာများ၊ ဂျာနယ်များ၊ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များမှတစ်ဆင့် နည်းပညာဖြန့်ဖြူး ပေးခြင်းများကို ဆောင်ရွက် လျက်ရှိပါတယ်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ရေသယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဥပမာ ဆည်တမံများတည်ဆောက်ခြင်း၊ မြန်မာ့ရေမြေ၊ ကျေးလက် ရေမြေသဘာဝအခြေအနေကို မှတ်တမ်းတင်နိုင်ရန် မြန်မာနိုင်ငံလယ်ယာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း စီမံချက်များ ဆောင်ရွက်ခြင်း၊ မျိုးဗီဇများထိန်းသိမ်းခြင်း၊ မြေဆီလွှာပြုန်းတီးမှုကို ကာကွယ်စောင့်ရှောက်ခြင်း၊ ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ခြင်း၊ ဒေသအတွင်း ရာသီဥတုကိုထိန်းသိမ်းခြင်း၊ ဥပမာ နှစ်ရှည်ပင်စိုက်ပျိုးခြင်း လုပ်ငန်းများကိုလည်း တ စ်ဖက်က အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ သန့်ရှင်းသော သောက်သုံးရေအတွက် ရေတွင်းရေကန်များ တူးဖော်ပေးခြင်း၊ သီးနှံများ စိုက်ပျိုးခြင်းတွင် သဘာဝမြေသြဇာ အသုံးပြုခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့်သီးနှံထုတ်ကုန်များ ခိုင်မာသောဈေးကွက်ရရှိရန် သီးနှံဆိုင်ရာ အဖွဲ့အစည်း များနှင့်ညှိနှိုင်းခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း ပြည်ပလယ်ယာထွက်ကုန်နှင့်သွင်းအာစုဈေးနှုန်းများကို ဈေးကွက်သတင်း၊ အချက်အလက်စနစ် ထူထောင်ဖြန့်ဝေပေးခြင်း၊ ပြည်တွင်းစားသုံးမှုနှင့် ပိုလျှံမှုအခြေအနေများကို လေ့လာသုံးသပ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါတယ်။ ဝယ်ယူကြိ တ်ခွဲ သယ်ပို့ ပြုပြင်ထုပ်ပိုးတင်ပို့ ရာတွင် ဈေးကွက်ကွင်းဆက်တစ်လျှောက်လုံး အချိတ်အဆက်မိမိဖြင့် ဆောင်ရွက်ရေးကို နိုင်ငံတော် အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းတို့မှ ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ရေး စီမံလုပ်ဆောင် လျက်ရှိပါတယ်။ ထို့အပြင် စိုက်ပျိုးရေးပညာရပ်များဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များမှ စိုက်ပျိုး ရေးသုတေသနလုပ်ငန်းများ၊စိုက်ပျိုးရေးပညာပေးလုပ်ငန်းများဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူ လယ်သမားများသို့ အပြည့်အဝနည်းပညာ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေး သိပ္ပံကျောင်း(၇)ကျောင်းနှင့် သီးနှံအထူးပြု စိုက်ပျိုးရေးသင်တန်းကျောင်း (၂)ကျောင်းတို့ကို တိုင်းဒေသကြီးပြည်နယ်များအလိုက် ဖွင့်လှစ်ထားရှိပြီး စာတွေ့လက်တွေ့ပညာရပ်ဖြင့် စိုက်ပျိုးရေး ပညာရှင်များကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဤနေရာတွင် လယ်ယာ ကဏ္ဍနှင့်ပတ်သက်၍ အစ အလယ်၊ အဆုံး ဆောင်ရွက်ရမည့်လုပ်ငန်းများ(Total Solution) အား

အနည်းငယ်မျှ နမူနာ ရှင်းလင်းသွားမည်ဖြစ်ပါတယ်။ ဥပမာ ဆန်စပါးစိုက်ပျိုးသီးနှံနှင့်ပတ်သက်၍ ဆည်တမံစီမံကိန်း မြစ်ရေတင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ထိုမှတစ်ဆင့် ရေမြောင်းစနစ် လုပ်ငန်း ဆောင်ရွက်ခြင်း၊ လယ်ယာမြေ ဖော်ထုတ်ပေးခြင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ လေ့ကျင့်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာနှင့် အရည်အသွေးမီ သွင်းအားစု မြေဩဇာ ဖြန့်ဖြူး ရောင်းချပေးခြင်း၊ ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ် ဖြန့်ဖြူးပေးခြင်း၊ ကိုယ်တိုင် စံနမူနာပြ ပါဝင်စိုက်ပျိုးပညာပေးခြင်း၊ ထွက်ရှိလာသောစပါးများ အလေအလွင့် မရှိ အောင် ရိတ်သိမ်းခြင်း၊ အခြောက်ခံခြင်း၊ ခေတ်မီအဆင့်မြင့်ဆန်စက်ဖြင့် ကြိတ်ခွဲခြင်း၊ ဈေးကွက်ဝင် ဆန်အား ခေတ်မီထုပ်ပိုးပြီး ဈေးကွက်သို့ တင်ပို့ခြင်း၊ ဈေးနှုန်းကောင်းဖြင့် ရောင်းချပြီး ဈေးကွက် ဈေးနှုန်း Market Price လယ်သမားများ တွက်ခြေကိုက်အောင် ခွဲဝေခံစားရရှိစေခြင်း ၊ Community Supply Change တစ်ခုလုံးကို လယ်သမားများ တွက်ခြေကိုက်ဝင်ငွေ ပြန်ရ သည်အထိ အစ၊ အလယ်၊ အဆုံး အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း တင်ပြ အပ်ပါတယ်။ ထို့အတူ အခြားသော အဓိကသီးနှံများကိုလည်း လယ်သမားများ တွက်ခြေကိုက် ဝင်ငွေပြန်ရသည်အထိ အစ၊ အလယ်၊ အဆုံး အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း တင်ပြ အပ်ပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ နိုင်ငံနှင့်အဝှမ်း တောင်သူလယ်ယာသမားများ တစ်ဦးချင်းအနေဖြင့်လည်း မိမိ တို့ကိုယ်တိုင် ကြီးပွားတိုး တက် လိုစိတ် ဆန္ဒအပြည့်အဝဖြင့် ကိုယ်တိုင်ကိုယ်ကျ စိတ်တူကိုယ်တူ ဆန္ဒတူဖြင့် ပူးပေါင်းပါဝင် ကြိုးစားကြရန် အဓိကလိုအပ်ချက်ဖြစ်ပါတယ်။ ဖြည့်စွက်တင်ပြလိုတဲ့ အချက်အနေဖြင့် နိုင်ငံတော်သမ္မတကြီးမှ ရှေးယခင်က ပညာမတတ်၍ လယ်လုပ် ရသည်ဆိုသည့် အတွေးအခေါ် ဟောင်းကို ပြုပြင်ပြီး ပညာတတ်၍ လယ်လုပ်ခြင်းအားဖြင့် တောင်သူလယ်သမားများ၏လယ်ယာ လုပ်ငန်းခွင်ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ရန်ဆိုတဲ့ လမ်းညွှန်ချက်အပေါ်တွင် လာမည့်ပညာသင်နှစ်မှစတင်၍အခြေခံပညာမူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်း အဆင့်ကျောင်းများတွင် စိုက်ပျိုးရေး ဘာသာရပ်ကို ပြဋ္ဌာန်းဘာသာရပ်အဖြစ် သင်ကြားပေးရေး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပြုစုတင်ပြထားရှိပြီး ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုး သားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနစက်မှုလယ်ယာတည်ဆောက်ရေးပညာရှင်များ၊ စိုက်ပျိုးရေးပညာရှင် များကိုယ်တိုင် လယ်သမားများနှင့်အတူ လက်တွဲပူးပေါင်းပါဝင်ကြပြီး တည်ဆောက် စိုက်ပျိုး

အကောင်အထည်ဖော်ထားရှိပြီးဖြစ်သော ဖြစ်ထွန်းအောင်မြင်လျက်ရှိနေသည့် နေပြည်တော်ခရိုင် အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မြို့နယ်များအတွင်း စပ်မျိုးစပါး မျိုးစေ့ထုတ် စိုက်ကွင်း များ၊ မျိုးစေ့သုတေသနစိုက်ကွင်းများ၊ ခေတ်မီစက်မှုလယ်ယာစနစ် နွေစပါး စိုက်ကွင်းများ၊ ပုလဲသွယ်စပ်မျိုးစပါး တစ်ဆက်တစ်စပ်တည်း ဧက(၁၀၀)၊ ဧက(၂၀၀)၊ ဧက(၃၀၀) စိုက်ကွင်းများ သုတေသနယှဉ်ပြိုင်စိုက်ကွင်းများ၊ သစ်သီးဝဏ္ဏနှင့်ဟင်းသီးဟင်းရွက်စိုက်ကွင်းများအားလွှတ်တော် အစည်းအဝေးများ အားလပ်နားရက်များတွင် အပန်းဖြေခရီးလည်ပတ် ကြည့်ရှုအားပေးသုံးသပ် နိုင်ပါရန်အတွက် လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအား လေ့လာရေးအစီအစဉ်များ ခွင့်ပြုစီစဉ်ပေးနိုင်ပါရန် အထူးပန်ကြား တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၅း၃၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ တောင်သူလယ်သမားများ၏ ကုန်ထုတ်စွမ်းအား ဆန်စပါးတိုးတက်မြင့်မားစေရေးနဲ့ ဝင်ငွေတိုးတက်ရရှိစေရေး အတွက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။ ဒီလိုဆောင်ရွက်ရာ မှာ စက်ခလုတ်နဲ့ လျှို့ဝှက်ဆန္ဒမဲပေးတဲ့စနစ်နဲ့ဆောင်ရွက်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးကြဖို့အဆင်သင့်ရှိစေလိုပါတယ်။ အဆင်သင့်ဖြစ်ပြီလား။ စက်က ခဏစောင့်ပါဆိုတော့ မတ်တတ်ရပ်တဲ့ နည်းလမ်းနဲ့ပဲ ဆောင်ရွက် လိုက်တော့မယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ် ၃ အရ မတ်တတ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းနဲ့ လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

**အချိန်၊ ၁၅း၃၉။**

**ဥက္ကဋ္ဌ။** ။ ဒီလိုဆန္ဒရယူရာမှာ သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့နေရာများမှာ မတ်တတ်ရ ပ်ပြပါ။ အားလုံးထိုင်နိုင်ပါပြီ။ မတ်တတ်ရပ်ပြတဲ့ လွှတ်တော် ကိုယ်စားလှယ်ဦးရေဟာ (၄၀)ဦးနဲ့အထက် ရှိတဲ့အတွက် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)၏ အိမ်ရှင်အဖြစ် လက်ခံ ကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်၍ အခြေခံပညာ / အဆင့်မြင့်ပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ၊ တိုင်းနှင့်ပြည်နယ်အားကစားပြိုင်ပွဲများ၊ ကာကွယ်ရေးဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအား နိုင်ငံတစ်ဝန်းကျင်းပလျက် မျိုးဆက်သစ်ရှက်ပုန်းသီးအားကစားသမားများကိုမွေးထုတ်ကာ ကြိုတင်ရွေးချယ်စခန်းသွင်း လေ့ကျင့်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် /မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၅:၃၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၃ Sea Game ပြိုင်ပွဲအတွက် ရည်ရွယ်၍ အခြေခံပညာ /အဆင့်မြင့်ပညာ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများ၊ တိုင်းနှင့်ပြည်နယ် အားကစားပြိုင်ပွဲများ၊ ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအား နိုင်ငံတစ်ဝန်းကျင်းပလျက် မျိုးဆက်သစ်ရှက်ပုန်းသီး အားကစားသမား များကို မွေးထုတ်ကာ ကြိုတင်ရွေးချယ် စခန်းသွင်းလေ့ကျင့်သွားရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

**အချိန်၊ ၁၅:၄၀။**

**ဥက္ကဋ္ဌ။** ။ ဦးလှဆွေ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅:၄၀။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကိုင်ညာသောအားဖြင့် ့ မိမိကိုယ်ကို မိတ်ဆက်ခြင်း မပြုတော့ပါဘူးခင်ဗျား။ ကျွန်တော်၏ အဆိုမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ၂၀၁၃ ခုနှစ် Sea Game ပြိုင်ပွဲအတွက် ရည်ရွယ်ပြီးတော့ အခြေခံပညာ/အဆင့်မြင့်ပညာ နဲ့ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ၊ တိုင်းနဲ့ပြည်နယ် အားကစားပြိုင်ပွဲများ ၊ ကာကွယ်ရေး ဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများအား နိုင်ငံအဝှမ်း ကျင်းပလျက်

ရွက်ပုန်းသီး မျိုးဆက်သစ် အားကစားသမားများ ကို မွေးထုတ်ကာ ကြိုတင်ရွေးချယ် စခန်းသွင်း လေ့ကျင့်သွားရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းဆိုတဲ့ အဆိုဖြစ်ပါတယ်။

ပြီးခဲ့တဲ့ (၂၆)ကြိမ်မြောက်၊ အင်ဒိုနီးရှား Sea Game ပြိုင်ပွဲမှာ အရှေ့တီမော အပါအဝင် နိုင်ငံပေါင်း (၁၁)နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ မြန် မာနိုင်ငံဟာ အဆင့် (၇)မှာ ရပ်တည်ခဲ့တာကို အားလုံးသိရှိပြီး ဖြစ်ပါတယ်။ လာမယ့် ပြိုင်ပွဲမှာ အိမ် ရှင်ဖြစ်တော့မယ့် ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံအလို က် အဆင့် (၁)ဆုတံဆိပ်အများဆုံးဆိုတဲ့ ဂုဏ်ပုဒ်ကိုရအောင် ကြိုးပမ်းရတော့မှာ ဖြစ်ပါတယ်။ အဲ ဒီလိုဆိုလို့ရှိရင် ဘောလုံးတစ်ခုတည်းကိုသာ ငွေအား၊ လူအားနဲ့ ပံ့အောမနေဘဲ နဲ့ Truck and field လို့ခေါ်တဲ့ ပြေးခုန်ပစ်အပါအဝင် အားကစား ပေါင်းစုံကို ကြိုးပမ်းရလိမ့်မယ်လို့ ကျွန်တော့် အနေနဲ့ ယူဆပါတယ်။ ငွေအားတတ်နိုင်တယ်ပဲ ထားဦး၊ အရည်အချင်းရှိတဲ့သူတွေကို ရှာဖွေတွေ့ရှိဖို့က အရေးကြီးပါတယ်။ နယ်မှာရှိတဲ့ ရွက်ပုန်းသီးများ ဝင်ရောက်ယှဉ်ပြိုင်လာနိုင်အောင် ဖော်ဆောင်ပေးမယ့် အား ကစားပြိုင်ပွဲတွေ ကျင်းပပေးရပါလိမ့်မယ်။ ပြိုင်ချင်စိတ်ဖြစ်ပေါ်လာအောင် ဆုကြေးငွေ ထိုက်တန်စွာ ပေးအပ်ဖို့ လည်း အရေးကြီးပါတယ်။ ဆုငွေအတွက် Sponsor များ ရှာဖွေဖိတ်ခေါ်ထားရန်လည်း လိုအပ်ပါတယ်။ ယနေ့ လှယဉ်ကျေးမယ်တစ်ဦး ပထမဆု သိန်း (၅၀)ပေးဖို့ Sponsor တွေဟာ နှမြောတွန့်တိုခြင်း မရှိကြသော်လည်း ချွေးနဲ့ရင်းပြီးတော့ အခန့်မသင့်ရင် ခြေကျိုးလက် ကျိုး ဖြစ်နိုင်တဲ့ ရွှေတံဆိပ်ဆုရ ပြေးခုန်ပစ် အားကစားသမားတစ်ဦးကို (၅)သိန်းလောက် ပေးဖို့ရာ ကပ်စီးနည်းနေကြကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ဘောလုံးအားကစားကို တစ်နိုင်ငံလုံး ချစ်မြတ်နိုးသောကြောင့် ပြီးခဲ့တဲ့ Sea Game မှာ ကြေးတံဆိပ်သာရသော်လည်းပဲ သိန်းပေါင်း ရာချီပြီး ဆုငွေများရရှိတဲ့အတွက် ဝမ်းသာသော်လည်းပဲ ကျန်ရွှေတံဆိပ်ရ ပြေးခုန်ပစ် အားကစား သမားတွေကတော့ အစွန်းထွက်လောက်သာ ခံစားခွင့်ရကြကြောင်း တွေ့ရပါတယ်။

နာယကကြီးခင်ဗျား။ အိမ်ရှင်ဆိုသည်မှာ ဆုတံဆိပ်အများဆုံးရလေ့ရှိတဲ့ အသင်း သာလျှင် ဖြစ်ပါတယ်။ အိမ်ကွင်းအားသာချက်ဆိုသည်မှာ အချက်(၄)ချက် ရှိပါတယ်။ (၁) ပရိသတ်၊ (၂)ရာသီဥတု၊ (၃) ခရီးမပန်းမှု၊ (၄)ကွင်းကို ရင်းနှီးနေမှု စတဲ့ ဒီအချက် (၄)ချက်ဟာ တစ်ဖက်ပြိုင်ဘက် အသင်းများထက် အမှတ်ပိုရစေတဲ့အချက်များပဲ ဖြစ်ပါတယ်။ ဒီအားသာချက် တွေကို အ ခြေပြုပြီး လာမယ့် Sea Game မှာ ရွက်ပုန်းသီး မျိုးဆက်သ စ် အားကစားသမား

များကို နယ်ပယ်ရပ်ဝန်းအသီးသီးကနေ ဖော်ထုတ်ရန် ဖြစ်ပါတယ်။ ကျောင်းသူ /ကျောင်းသား များ၊ လုပ်သားပြည်သူများ၊ ဝန်ထမ်းများ၊ တပ်မတော်သားများ စသည်ဖြင့် ပါဝင်လာဖို့ အားကစား ပေါင်းစုံ Open ဖိတ်ခေါ်ပြိုင်ပွဲကြီးတွေ ငွေကုန်ကြေးကျခံပြီး ပြုလုပ်ပေးခြင်း၊ နိုင် ငံခြားသို့ သွားရောက်ယှဉ်ပြိုင်စေခြင်း၊ နိုင်ငံခြားအသင်းများကို ခေါ်ယူယှဉ်ပြိုင် စေခြင်းများ ပြုလုပ်ရန် လိုအပ်မှာဖြစ်ပါတယ်။ တပ်မတော်အပါအဝင် ဝန်ကြီးဌာနများကလည်း အဲဒီ Open ဖိတ်ခေါ် ပြိုင်ပွဲကြီးတွေကို မိမိဌာနက ဝင်ရောက်ယှဉ်ပြိုင်ဖို့ ရွေးချယ် မွေးမြူ တိုက်တွန်းအားပေးကြဖို့ လိုပါတယ်။ ဒီနေရာမှာ တစ်ခုတင်ပြလိုတာကတော့ နေပြည်တော်မှာ ဟိုတစ်လောက ကျင်းပတဲ့ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲမျိုးကို ဆိုလိုခြင်းမဟုတ်ပါဘူး။ ဒီပြိုင်ပွဲဟာ ဝန်ထမ်းများရဲ့ ပျော်ပွဲရွှင်ပွဲအဆင့်သာ ဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲမျိုးကလည်း Sea Game အတွက် အားကစား သမားကောင်းတွေ ပေါ်ထွက်လာလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ မယုံကြည်ပါဘူး။ အခုလည်း ဧရာဝတီတိုင်းမှာ အားကစားပြိုင်ပွဲတွေ ကျင်းပပေးနေတာကို တီဗွီထဲမှာ သတင်းစာထဲမှာ တွေ့ရပါတယ်။ အားမလိုအားမရ ဖြစ်မိတာကတော့ ပြိုင်ပွဲဝင်တဲ့ ကလေးများဟာ တစ်ယောက်မှ ဖိနပ်မပါတာကို တွေ့ရပါတယ်။ ဒီထက် သာလွန်ကောင်းမွန်တဲ့ ယှဉ်ပြိုင်ပွဲကြီးမျိုးတွေကို ဆိုလိုခြင်းဖြစ်ပါတယ်။ လာမယ့် Sea Game မှာ မည်သည့်အားကစားကိုမဆို ရွှေတံဆိပ် တစ်ခုရပါက ဆုငွေမည်မျှ ချီးမြှင့်မည်ကို ကြိုတင်ကြေညာထားသင့်ပါတယ်။ ထိုက်တန်စွာ ချီးမြှင့်မည်ဆိုပြီးတော့ မသေမချာ မရေမရာ မက်လုံး မပေးသင့်ပါဘူး။ အဲဒီအတွက် ဆုချီးမြှင့်ရန် ရန်ပုံငွေရှာဖွေရေးအဖွဲ့တွေ ကြိုတင်ပြီး Sponsor တွေ များများရှာထားဖို့ မက်လုံးပေးထားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒီမှာတစ်ခုတင်ပြလိုတာကတော့ စီးပွားရေးဖွံ့ဖြိုး မှ နိုင်ငံရေးပွင့်လင်းမှ အားကစားလည်း တိုးတက်လာတယ်ဆိုတဲ့ တချို့ အပြောတွေ ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့တော့ ကျွန်တော့်အနေနဲ့တင်ပြလိုတာကတော့ ဥပမာ မြောက်ကိုရီးယားလို တိုင်းပြည်မျိုးမှာ စီးပွားရေး လည်း သိပ်ဖွံ့ဖြိုးတာ မဟုတ်ဘူး။ နိုင်ငံရေးလည်း ပွင့်လင်းမှုမရှိဘူး။ သို့သော် ကမ္ဘာ့ဖလား ခြေစစ်ပွဲကို အောင်မြင်စွာ တက်လှမ်းနိုင်ခဲ့ပါတယ်။ ကျူးဘားနိုင်ငံဆိုလည်း စီးပွားရေးရော၊ နိုင်ငံရေးရော ပွင့်လင်းမြင်သာမှု မရှိသော်လည်းပဲ ဘော် လီဘောဟာဆိုရင် ကမ္ဘာ့ထိပ်တန်း နံပါတ်(၁) တိုင်းပြည်ဖြစ်တာကို လေ့လာတွေ့ရှိရမှာဖြစ်တဲ့အတွက် စီးပွားရေးတွေ၊ နိုင်ငံရေး တွေဟာ သိပ်တော့ မပတ်သက်ဘူးလို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

အရှေ့တောင်အာရှပြိုင်ပွဲသမိုင်းကိုပြန်ကြည့်မယ်ဆိုရင်(၂၁)ကြိမ်မြောက်ကို၂၀၀၁ ခုနှစ်မှာ အိမ်ရှင်မလေးရှားက မလေးရှားမှာ ကျင်းပခဲ့ပြီးတော့ အိမ်ရှင်မလေးရှားကပဲ ဗိုလ်စွဲခဲ့ပါတယ်။ (၂၂)ကြိမ်မြောက်မှာ ၂၀၀၃ ခုနှစ်မှာ ကျင်းပပြီးတော့ ဗီယက်နမ်ဟာ အိမ်ရှင် ဖြစ်ပြီးတော့ ဗီယက်နမ် ပဲ ဗိုလ်စွဲခဲ့ပါတယ်။ (၂၃)ကြိမ်မြောက်မှာဆိုရင်တော့ ဖိလစ်ပိုင်က အိမ်ရှင်ဖြစ်ပြီးတော့ ဖိလစ်ပိုင် ပဲ ဗိုလ်စွဲခဲ့ပါတယ်။ (၂၄)ကြိမ်မြောက်မှာ အိမ်ရှင်ဟာ ထိုင်းဖြစ်ပြီးတော့ ထိုင်းနိုင်ငံဟာ ဗိုလ်စွဲခဲ့ပါတယ်။ (၂၅)ကြိမ်မြောက်မှာ အိမ်ရှင်ဟာ လာအို ဖြစ်ပါတယ်။ လာအိုဟာ ဗိုလ်မစွဲပေမယ့် မြန်မာထက်သာသွားပါတယ်။ (၂၆)ကြိမ်မြောက်မှာတော့ အင်ဒိုနီးရှားဟာ အိမ်ရှင်ဖြစ်ပြီးတော့ သူဟာ ဗိုလ်စွဲသွားတဲ့ တိုင်းပြည်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒါကို လေ့လာကြည့်မယ်ဆိုရင် အိမ်ရှင်သည် Logically တွက်ကြည့်လိုက်ရင် အိမ်ရှင်ဟာ မလွဲမသွေ ဗိုလ်စွဲရမယ်ဆိုတဲ့ ကောက်ချက်ချရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ If You Start Now You Will Never Late ဆိုတဲ့စကားအတိုင်း အခုကစပြီးတော့ လုပ်ဆောင်သင့်ပါတယ်။ သင်နောက်မကျသေးပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့လာမယ့် Sea Game မှာ ကျွန်တော်တို့တိုင်းပြည်ဟာ အဆင့်(၁)ကနေ အောင်မြင်မှုအများဆုံးနဲ့ ဗိုလ်စွဲနိုင်တဲ့ အားကစားသမားကောင်းတွေ အခုကတည်းက ရွေးချယ်မွေးမြူလေ့ကျင့်ပေးဖို့ လိုအပ်မည်ဖြစ်ပါကြောင်း နိုင်ငံတော်အစိုးရကို တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၄၅။**

**ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၁)**။ ။ လေးစားရပါသောအမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ တင်သွင်းသောအဆိုအား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီမြင့် က ထောက်ခံအပ်ပါတယ်ရှင့်။

**အချိန်၊ ၁၅း၄၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးလှဆွေတင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ Sea Game ပြိုင်ပွဲအတွက် ရည်ရွယ်၍ အ ခြေခံပညာ/အဆင့်မြင့်ပညာ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ ၊ တိုင်းနဲ့ပြည်နယ် အားကစားပြိုင်ပွဲများ၊ ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအားနိုင်ငံတစ်ဝန်းကျင်းပလျက် မျိုးဆက်သစ်ရွက်ပုန်းသီး အားကစားသမားများ ကို မွေးထုတ်ကာကြိုတင်ရွေးချယ် စခန်းသွင်းလေ့ကျင့်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ဒါကြော င့် အဆိုကို လက်ခံဆွေးနွေးရန် သင့် /မသင့် လွှတ်တော်ရဲ့ ဆန္ဒ ရယူပါ့မယ်။

အဆိုကိုလက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့လွှတ်တော်ကို ယ်စားလှယ်များ ရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးလှဆွေရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၄၇။**

**ဥက္ကဋ္ဌ**။ ။ ဦးလှဆွေ တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါအမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံအမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆင့်မနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် သတ္တမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၅:၄၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး သတ္တမနေ့ ကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် (အင်္ဂါနေ့ ) နံနက် ၁၀း၀၀ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေ ညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅:၄၈။**

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၅:၄၈ နာရီအချိန်တွင် ရပ်နားပါသည်။]